
www.burmeseclassic.com

စာပေဗိမာန် စာမူဆုရ

# ရောင်ခြည်လင်းချိန် ပန်းသင်းချိန်

(ပြဇာတ်)

မောင်ဆန္ဒ (လယ်ဝေး)



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၅ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ပြဇာတ်စာပေ ဒုတိယဆုရ

# ရောင်ခြည်လင်းချိန် ပန်းသင်းချိန်

## ပြဇာတ်

BURMESE CLASSIC

**မောင်ဆန္ဒ (လယ်ဝေး)**

စိစစ်တည်းဖြတ်သူ - ဦးညွန့်ဟံ (ညွန့်ဟံ ကြူတော)
စာတည်း (တာဝန်ခံ)

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

F.1A

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၇ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ – ၁၅၀၀

တန်ဖိုး (၃၀၀) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
တာဝန်ခံ စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေဝယ်) က
မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ပြကွက်–၁ | ... | ၁ |
| ၂။ | ပြကွက်–၂ | ... | ၄ |
| ၃။ | ပြကွက်–၃ | ... | ၉ |
| ၄။ | ပြကွက်–၄ | ... | ၁၇ |
| ၅။ | ပြကွက်–၅ | ... | ၂၃ |
| ၆။ | ပြကွက်–၆ | ... | ၂၉ |
| ၇။ | ပြကွက်–၇ | ... | ၃၄ |
| ၈။ | ပြကွက်–၈ | ... | ၄၀ |
| ၉။ | ပြကွက်–၉ | ... | ၄၇ |
| ၁၀။ | ပြကွက်–၁၀ | ... | ၅၃ |
| ၁၁။ | ပြကွက်–၁၁ | ... | ၆၂ |
| ၁၂။ | ပြကွက်–၁၂ | ... | ၆၆ |
| ၁၃။ | ပြကွက်–၁၃ | ... | ၇၅ |
| ၁၄။ | ပြကွက်–၁၄ | ... | ၇၇ |
| ၁၅။ | ပြကွက်–၁၅ | ... | ၈၀ |
| ၁၆။ | ပြကွက်–၁၆ | ... | ၈၅ |
| ၁၇။ | ပြကွက်–၁၇ | ... | ၉၃ |
| ၁၈။ | ပြကွက်–၁၈ | ... | ၉၈ |
| ၁၉။ | ပြကွက်–၁၉ | ... | ၁၀၄ |
| ၂၀။ | ပြကွက်–၂၀ | ... | ၁၀၈ |


www.burmeseclassic.com

www.burmeseclassic.com

## ပါဝင်သူများ

၁။ ဦးဘကောင်း - ရုံးတစ်ရုံးမှအရာရှိ၊ အလုပ်ကြိုးစားသူ၊ ရုံးတွင်းစည်းကမ်းကြီးသူ

၂။ ဒေါ်စန်းယုခင် - ဦးဘကောင်း၏ဇနီး၊ စိန်ပွဲစား

၃။ အောင်ကျော်လင်း - ဦးဘကောင်းသား၊ ဆယ်တန်းနှစ်နှစ်ကျ၊ ဆေးစွဲနေသူ

၄။ ခင်လေးချစ် - ဦးဘကောင်းသမီး၊ ဆယ်တန်းကျောင်းသူ

၅။ ယဉ်ယဉ်နု - ခင်လေးချစ်၏ အတန်းဖော်သူငယ်ချင်းများ

၆။ မြမြသွင် - ခင်လေးချစ်၏ အတန်းဖော်သူငယ်ချင်းများ

၇။ အေးမွန် - ခင်လေးချစ်၏ အတန်းဖော်သူငယ်ချင်းများ

၈။ ဦးဘသောင်း - MANA အဖွဲ့မှ စေတနာ့ဝန်ထမ်းဆရာဝန်

၉။ ဦးစိုးထိုက် - MANA အဖွဲ့မှ ပညာပေးရေးဌာနစိတ်

၁၀။ ဒေါ်စန်းစန်းဦး - MANA အဖွဲ့မှ ပညာပေးရေးဌာနစိတ်

၁၁။ ဒေါ်မိုးမိုးအောင် - MANA အဖွဲ့မှ ပညာပေးရေးဌာနစိတ်

၁၂။ ဒေါ်မူမူ - ဆယ်တန်းအတန်းပိုင်ဆရာမ

၁၃။ ဒေါ်ယဉ်မူ - ကျောင်းအုပ်ဆရာမကြီး

၁၄။ ကျော်ကျော် - ဆယ်တန်းကျောင်းသား

၁၅။ မောင်ကျော် - ဦးဘကောင်းရုံးမှ စာရေးကြီး

၁၆။ မောင်ဆင့် - ဦးဘကောင်းရုံးမှ ရုံးလုလင်

www.burmeseclassic.com

www.burmeseclassic.com

# ပါဝင်သူများ

၁။ ဦးဘကောင်း - ရုံးတစ်ရုံးမှအရာရှိ၊ အလုပ်ကြိုးစားသူ၊ ရုံးတွင်းစည်းကမ်းကြီးသူ
၂။ ဒေါ်စန်းယုခင် - ဦးဘကောင်း၏ဇနီး၊ စိန်ပွဲစား
၃။ အောင်ကျော်လင်း - ဦးဘကောင်းသား၊ ဆယ်တန်းနှစ်နှစ်ကျ၊ ဆေးစွဲနေသူ
၄။ ခင်လေးချစ် - ဦးဘကောင်းသမီး၊ ဆယ်တန်းကျောင်းသူ
၅။ ယဉ်ယဉ်နု - ခင်လေးချစ်၏ အတန်းဖော်သူငယ်ချင်းများ
၆။ မြမြသွင် - ခင်လေးချစ်၏ အတန်းဖော်သူငယ်ချင်းများ
၇။ အေးမွန် - ခင်လေးချစ်၏ အတန်းဖော်သူငယ်ချင်းများ
၈။ ဦးဘသောင်း - MANA အဖွဲ့မှ စေတနာ့ဝန်ထမ်းဆရာဝန်
၉။ ဦးမိုးထိုက် - MANA အဖွဲ့မှ ပညာပေးရေးဌာနစိတ်
၁၀။ ဒေါ်စန်းစန်းဦး - MANA အဖွဲ့မှ ပညာပေးရေးဌာနစိတ်
၁၁။ ဒေါ်မိုးမိုးအောင် - MANA အဖွဲ့မှ ပညာပေးရေးဌာနစိတ်
၁၂။ ဒေါ်မူမူ - ဆယ်တန်းအတန်းပိုင်ဆရာမ
၁၃။ ဒေါ်ယဉ်မူ - ကျောင်းအုပ်ဆရာမကြီး
၁၄။ ကျော်ကျော် - ဆယ်တန်းကျောင်းသား
၁၅။ မောင်ကျော် - ဦးဘကောင်းရုံးမှ စာရေးကြီး
၁၆။ မောင်ဆင့် - ဦးဘကောင်းရုံးမှ ရုံးလုလင်

www.burmeseclassic.com

www.burmeseclassic.com

၁၇။ ဒေါ်လှလေးစိန် – စိန်စုသည့် ချမ်းသာသူ

၁၈။ ဦးဝေသော် – စခန်းမှူး၊ ရဲတပ်ဖွဲ့

၁၉။ ဦးမြင့်မောင် – နယ်ထိန်းရဲအရာရှိ

၂၀။ ဦးတင်ဇော် – အမှုလိုက်ရဲအရာရှိ

၂၁။ မောင်တင် – ရဲတပ်သား

၂၂။ မောင်သွင် – ရဲတပ်သား

၂၃။ ရှုလတန်မာမွတ် – စိတ်ကြွဆေးရောင်းဝယ်သည့် ကွမ်းယာဆိုင်ပိုင်ရှင်

၂၄။ အခြားကျောင်းသူကျောင်းသားများ

၂၅။ အခြားရဲတပ်ဖွဲ့ဝင်များ

၂၆။ အခြားမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဝင်များ

၂၇။ လူငယ့်အားမာန် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဝင်များ

၂၈။ အခြားရုံးအဖွဲ့ဝင်များ

www.burmeseclassic.com

www.burmeseclassic.com

# (ပြကွက်–တစ်)

ဇာတ်ညွှန်း – ဇာတ်ခွင်တစ်ခုလုံး ဖျော့တော့မီးဖြင့် ဖျန်းထားပြီး ကတ္တီပါ ပြည်ဖုံး ကန့်လန့်ကာ၏ အလယ်ဗဟိုကို ဆလိုက်မီးဖြင့် ကွက်ထိုးထား။ အသင့်သွင်းယူလာသော ဇာတ်ညွှန်းဆရာ၏ မိတ်ဆက်စကားကို ကြားနိုင်အောင် ဖွင့်ပေးရမည်။

## ဇာတ်ဆရာ၏ မိတ်ဆက်စကား

ရှေ့ပွဲလာ ပရိသတ်များခင်ဗျား ... ယခု ကျွန်တော်တင်ဆက်ပြသမယ့် “ရောင်ခြည်လင်းချိန် ပန်းသင်းချိန်” ဆိုတဲ့ပြဇာတ်ဟာ ဒီနေ့လူသားတို့ရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေတဲ့ မူးယစ်ဆေးဝါးနဲ့ ဒီမူးယစ်ဆေးဝါး သုံးစွဲလို့ဖြစ်ရတဲ့ နောက်ဆက်တွဲ ရောဂါဝေဒနာရဲ့ဆိုးကျိုးကို အသိပေးတဲ့ ဇာတ်လမ်း ဖြစ်ပါတယ်။

ပွဲချစ်သူများခင်ဗျား ... မူးယစ်ဆေးဝါးကို အသံတိတ်လူသတ်လက်နက်လို့ တင်စားခေါ်ဝေါ်လာကြပါတယ်။ မှန်ပါတယ်၊ ဗုံး၊ အမြောက်၊ သေနတ်လက်နက်တွေဟာ ပစ်ခတ်ချိန်မှာ အသံမြည်ဟိန်းပြီး ပေါက်ကွဲထိမှန်ကာ လူကို သေစေနိုင်ပါတယ်။ လက်နက်ရဲ့ဥပါဒ်ကို မြင်သိ၊ ကြားသိကြလို့ လူတိုင်းက ထိတ်လန့်ကြပါတယ်။ ဒါကြောင့် လူသတ်လက်နက်တွေဖျက်သိမ်းဖို့ ငြိမ်းချမ်းရေး တည်ဆောက်ဖို့ ဝိုင်းဝန်းကြိုးပမ်းလှုံ့ဆော်နေကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မူးယစ်ဆေးဝါး လူ့သတ်လက်နက်ကတော့ ဝင်လာရင် အသံမပြည်ဘူး။ လူတွေကလည်း ကြောက်ရမှန်းမသိဘူး။ ဒီတော့ စွဲစွဲလမ်းလမ်း နှစ်နှစ်ခြိုက်ခြိုက် အသုံးပြုခဲ့ကြတယ်။ မူးယစ်ဆေးကြောင့် တွေကုန် ရောဂါဖြစ်၊ အသက်ဆုံးရှုံးရပေမယ့် မှန်းတီးရမှန်းမသိဘဲ စွဲလမ်းချစ်ခင်တတ်ကြပါတယ်။ ဒီနေ့ကာလမှာ မူးယစ်ဆေးဝါးလက်နက်ကြောင့် သေရတဲ့လူဦးရေဟာ ဒုတိယကမ္ဘာစစ်အတွင်းက လက်နက်နဲ့သေဆုံးတဲ့ဦးရေထက် ပိုများပြားပါတယ်။ အသံကတိတ်ဆိတ်၊ လူတွေက လိုလားနေတော့ အန္တရာယ်ဆိုးမှန်းမသိတာကြောင့် မူးယစ်ဆေးဝါးက လူတွေကို ပိုသတ်ဖြတ်နိုင်ခဲ့ပါတယ်။

ပွဲချစ်သူများခင်ဗျား ... ဒီနေ့တော့ လူတော်တော်များများဟာ မူးယစ်ဆေးဝါးအန္တရာယ်ကို သိလာကြပါပြီ။ ကြောက်မက်ဖွယ်ကောင်းလို့လည်း ကင်းစင်ပပျောက်အောင် ကြိုးစားနေကြပါပြီ။ လူ့အဖွဲ့အစည်းက မူးယစ်ဆေးဝါး ကင်းစင်အောင် ကာကွယ်ရေး၊ ကုသရေး၊ ပြန်လည်ပြုစုရေးဆိုတဲ့ နည်းလမ်းသုံးသွယ်နဲ့ တိုက်ဖျက်နေပါတယ်။ ကာကွယ်ရေးဆိုတဲ့နည်းလမ်းမှာ လူတွေကို အသိပညာပေးရေး၊ အန္တရာယ်ကိုမြင်သာအောင် အသိပေးရေးဟာ ပဓာနကျတဲ့ ကဏ္ဍမှာ ပါလာပါတယ်။ ဒီကဏ္ဍရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ်နဲ့ ဒီဇာတ်လမ်းကို တင်ဆက်လိုက်ခြင်းဖြစ်ပါတယ်။

ရှေ့ပွဲလာပရိသတ်များခင်ဗျား ... မူးယစ်ဆေးဝါးရဲ့အန္တရာယ်ကို မသိလို့ သုံးတယ်ပဲဖြစ်ဖြစ်၊ သိလျက်နဲ့ စွဲလမ်းစိတ်ကြောင့် သုံးတယ်ပဲဖြစ်ဖြစ် အကျိုးသက်ရောက်မှုက အတူတူပါပဲ။ မူးယစ်ဆေးဝါးသုံးစွဲသူဟာ တရားဥပဒေကို ဖောက်ဖျက်လို့ အရေးယူခံရပါလိမ့်မယ်။ အဲ ... ဥပဒေဘက်တော်သားတွေက မတွေ့လို့ ကင်းလွတ်ခွင့်ရခဲ့ရင်တောင် ဒီဆိုးကျိုးကြောင့်ဖြစ်လာတဲ့ ဝေဒနာနဲ့ သေရမယ့်လမ်းမှာ မရဏမင်းက စောင့်ကြိုနေပါတယ်။ မူးယစ်ဆေးဝါးသုံးသူကို မရဏမင်းကတော့ အပြစ်ဒဏ်က ကင်းလွတ်ခွင့်ပေးမှာမဟုတ်ပါဘူး။ သေလမ်းနီးတဲ့ ဒီမူးယစ်ဆေးကို ရှောင်ရှားကြဖို့ အသိပေးတဲ့အနေနဲ့ ဒီဇာတ်လမ်းကို တင်ဆက်ပြသလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## မောင်ဆန္ဒ (လယ်ဝေး)

လူ့လောကမှာ မူးယစ်ဆေးကြောင့် ဘေးတွေ့တဲ့ ဇာတ်လမ်းအဖြစ်အပျက် တွေ အပြောက်အပြားရှိပါတယ်။ ဒီဇာတ်လမ်းတွေထဲက တစ်ခုကို ရွေးရွေ တင်ပြလိုက်ပါတယ်။ ဒီဇာတ်လမ်းတည်ရာဒေသက ဦးဘကောင်း၊ ဒေါ်စိန်ယု မိသားစုနေအိမ်ကဖြစ်ပါတယ်။ ဇာတ်လမ်းအစကိုတော့ အ-ထ-က ကျော တစ်ခုကစပြီး ဖွင့်လိုက်ပါတယ်။ ခံစားကြည့်ကြပါလို့ တိုက်တွန်းလိုက်ပါတယ

(ဇာတ်ဆရာ၏ စကားအဆုံးတွင် ကခွင်တစ်ခုလုံး မီးမှောင်ချ၊ အခ ပြောင်းတီးလုံးတီး၊ တီးကွက်ဆုံးသည်နှင့် ပြည်ဖုံးကန့်လန့်ကာဖွင့်စေ)

www.burmeseclassic.com

www.burmeseclassic.com

## (ပြကွက်–နှစ်)

နေရာ – အခြေခံပညာအထက်တန်းကျောင်းဝင်း။

အခမ်းအနား – E ပုံသဏ္ဌာန် နှစ်ထပ်စာသင်ကျောင်း၊ ကျောင်းရှေ့ မြက်ခင်းပြင်၊ ကျောင်းသူ/ကျောင်းသားများစုဝေး ရာကွင်းပြင်၊ နိုင်ငံတော်အလံလွှင့်ထူထားသည့် အလံတိုင်၊ ကျောင်းအင်္ဂါရပ် အပြည့်အစုံပါသည့် ပန်းချီကားလိပ်ချထား။

မီး – ပြကွင်းတစ်ခုလုံး အလင်းရအောင် ထက်၊ အောက်၊ ဘေး၊ ဘယ်၊ ညာမီးများတင်ထား။

အသံ – ကခွင်၏ဘက်ပေါင်းစုံမှ အသံများကြားနိုင်အောင် စကားပြောခွက်များပြင်ဆင်ထား။

ဇာတ်ဝင်ပစ္စည်း – ကျောင်းစာသင်ခန်းအားလုံး ရှင်းရှင်းလင်းလင်း မြင်နိုင်အောင် အခန်းတံခါးများဖွင့်ထား။ စာသင်ခုံ များ စီစီညီညီရှိစေ။

အဝတ်အစား – ဇာတ်ပွင့် တီးလုံးဆုံးသည်နှင့် "မြန်မာ့ကျောင်းသား" သီချင်းကို တီးဝိုင်းမှ တိုးညင်းစွာတီးခတ်ပေးထား သည်။ ကျောင်းသူကျောင်းသားများ ကျောင်းအဝင် တံခါးမကြီးမှဝင်လာ။ အချို့ကျောင်းသားများ ကျောင်းဝင်းအတွင်း ဟိုမှသည်မှ ရွှင်ရွှင်ပြုံးပြုံး



www.burmeseclassic.com

www.burmeseclassic.com



သွားလာနေ တစ်ဦးနှင့်တစ်ဦး ပြုံးရယ်ရွှင်ပျစွာ နှုတ်ဆက်။ တာဝန်ကျဆရာမနှစ်ဦးက ကျောင်း အဝင်တံခါးမကြီး၏ တစ်ဖက်တစ်ချက်စီတွင် ရပ်လျက် ကျောင်းသားများ၏ အရိပ်အခြည် ကြည့်နေဟန်ဖြင့် စောင့်ကြည့်နေ။ ထိုစဉ် ကျောင်းသူ လေးတစ်သိုက်သည် ပြုံးပျော်ရွှင်မြူးစွာဖြင့် တံခါးမ ကြီးကို ကျော်ဖြတ်ဝင်လာ။

ယဉ်ယဉ်နု - (သူ့အနီးရှိ ကျောင်းသူတစ်ဦး၏ပခုံးကို ညင်သာစွာ ပုတ်လျက်ပြော)
ဟဲ့ ... ခင်လေးချစ် ... ယူကတော့ နှစ်စက တည်းက မြင်ဆင်နေပြီဆို။

ခင်လေးချစ် - ဘာကိုလဲယဉ်ရဲ့။ ယူ့စကားက အဆက်အစပ်မရှိ ဘာမရှိနဲ့။

မြမြသွင် - အေးလေ ... ဒီကောင်မစုတ်ပြောရင် ဒီတိုင်းချည်းပဲ။ ဘယ်တော့မှ စကားအဆက်အစပ်မရှိဘူး။

ယဉ်ယဉ်နု - ဟဲ့ ဝက်ပုတ်မရဲ့၊ တို့က ဒီနှစ် အခြေခံပညာ အထက်တန်း စတက်ရတာလေ။ ဆယ်တန်း နှစ်ချင်းပေါက်အောင်ဖို့ ကြိုးစားကြရမှာမဟုတ် လားဟဲ့။ နင်က စားဖို့နဲ့အိပ်ဖို့ကလွဲပြီး ဘာမှ အာရုံ ရှိတာမဟုတ်တော့ ငါ့စကားဘယ်နားလည်မလဲ။ ဒီက ခင်လေးချစ်ကတော့ ငါဘာမေးတယ်ဆိုတာ သိပြီးသား။

ခင်လေးချစ် - (ခေါင်းညိတ်ပြုံးလျက် ခပ်တိုးတိုးရယ်) ယူက ကိုယ့် ကို တော်တော်အထင်ကြီးနေတယ်ကိုး။

ယဉ်ယဉ်နု - အထင်မကြီးဘဲနေမလား ... ယူက ဆရာမတစ်ဦး အိမ်ခေါ်သင်နေတာ ကိုယ်သိထားတာပဲ။ တစ်နွေလုံး

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ထားတော့ အဆင်သင့်ဖြစ်နေပြီနဲ့လား။

ခင်လေးချစ် - ဒီလောက်လဲမတုတ်သေးပါဘူး ... ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က အဆင်သင့်ဖြစ်နေအောင် ပြင်ထားရတာပေါ့။ ဆယ်တန်းဆိုတဲ့နတ်ကြီးက ဖမ်းစားထားတော့ ကိုယ်ခံအားရှိအောင် လုပ်ထားရတယ်လေ။

ယဉ်ယဉ်နု - ယူက နှစ်ချင်းပေါက်မှာပါ။

ခင်လေးချစ် - အေး ... တုတ်တယ် ... မှန်တာပြောရင် နှစ်ချင်းပေါက်အောင်ချင်တယ်။ ရိုးရိုးအောင်ရုံတင်မကဘူး ဂုဏ်ထူးရချင်တယ်။ တတ်နိုင်ရင် ဘာသာစုံ ဂုဏ်ထူးထွက်ချင်တယ်။

မြမြသွင် - ဘာလဲ ... ယူက ဘာသာစုံဂုဏ်ထူးထွက်၊ အမှတ်ကောင်းကောင်းရတော့ ဆေးကျောင်းတက်။ ပြီးတော့ ဆရာဝန်မကြီးလုပ်ပြီး လူနာတွေကုချင်တယ်ပေါ့။ (မျက်စပို့ပေးသောဟန်ပြီးမေး)

ခင်လေးချစ် - ဖြစ်ရင်ကောင်းတာပေါ့။ မှန်းထားတာတော့ အမြင့်ဆုံးမှန်းရမှာပဲ။ တုတ်ဖူးလား ယဉ်။

ယဉ်ယဉ်နု - အေးပေါ့ ... တို့က တတတ်မှုဖြစ်မှာလေ။ တို့ဝက်ပုတ်မကတော့ တတတ်တတ် မတတ်တတ်၊ အတန်းအောင်အောင် မအောင်အောင် အရေးမကြီးဘူး။ သင်းက ဈေးရောင်းစားမယ့်ကောင်မ။

မြမြသွင် - အိပေါ့ အိပေါ့ ... ငါတို့မျိုးရိုးက ဈေးသည်လေ။ ဈေးရောင်းဈေးဝယ်ကို ငယ်ငယ်ကတည်းက သင်ပြထားတော့ ငါ့သနားလည်ပါတယ်။ ဒါမယ် မိယဉ် ... ဈေးရောင်းရတာ ဘယ်လောက်ကောင်းတယ်ထင်လဲ။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်နု – ပြောစမ်း အရင်းရှင် အမြတ်ကြီးစားမ။

မြမြသွင် – ဈေးရောင်းတော့ ပါးစပ်စိုစိုစားရတယ်။ ငွေရတယ်။ အိုကေမှာ စိုပြည်နေတာပဲ။ (ပါးစပ်က ပလုတ် ပလောင်းစားဟန်ပြပြီး လက်ညှိုးလက်မ ကွင်းလျက် အဝိုင်းသင်္ကေတနှာနိလုပ်ပြ)

ယဉ်ယဉ်နု – ဟုတ်ပါတယ် ... ဟုတ်ပါတယ်။ စားချင်တိုင်း ဝက်လို တပြက်ပြက်စားနေတော့ ဝက်မလေးလို ဝဖီးနေတာဖြစ်ပါတယ်။

မြမြသွင် – ဒါပဲနော် ... ညည်းတို့နှစ်ယောက် ဆရာဝန်ဖြစ်ရင် ငါက ဆေးမျိုးစုံရောင်းမယ်။ ညည်းတို့လိုချင်တဲ့ စားဆေး၊ ထိုးဆေး ငါ့ဆိုင်လာဝယ်ကြ။ အဲ ... တစ်ခုတော့ရှိတယ်နော်။ ငါက အမြတ်မရဘဲတော့ ရောင်းမှာမဟုတ်ဘူး။

ယဉ်ယဉ်နု – ကောင်မစုတ် ... အမြတ်ကြီးစားဖို့ စုကာတည်းက ကြံနေတယ်။ အေး ... ညည်းက အဲလိုအမြတ်တင် ရောင်းရင် ငါတို့ကလည်း မှတ်ထားမယ်။ ညည်း ဖျားနာပြီး ဆေးခန်းရောက်လာလို့ကတော့ သေပြီသာမှတ်။ အပ်တုံးတုံးနဲ့ စွပ်ခနဲနေအောင် ထိုးပြမယ်။ (တင်ပါးကိုဆေးထိုးဟန်ပြ)

မြမြသွင် – အမယ်လေး ... (မျက်နှာရှုံ့မဲ့လျက် ကြောက်လန့်သည့်အမူအရာဖြင့် နောက်တွန့်) ပြောတာနဲ့ ကျောချမ်းသွားပြီ။ ညည်းလိုဟာမျိုး ဆရာဝန်ဖြစ်ရင် လူနာတွေတော့ နာပြီ။

ယဉ်ယဉ်နု – မဖြစ်သေးပါဘူးဟယ် ... ။

www.burmeseclassic.com


မြမြသွင် - ဒါဆို ငါလည်း မနာသေးဘူး။
(သုံးယောက်သား ပြုံးတူရယ်မောကြ)

ယဉ်ယဉ်နု - ဘာပဲဖြစ်ဖြစ် တို့များ စာကြိုးစားရမယ် သူငယ်ချင်းတို့။ တစ်နှစ်တစ်တန်းအောင်အောင် ကြိုးစားရမယ်။ တို့မိဘတွေက သူတို့တာဝန်ကျေနေပြီ။ တို့ဘက်က တာဝန်ကျေဖို့ပဲလိုတယ်။ ဟော ကျောင်းတက် ခေါင်းလောင်းသံကြားရပြီ။ မြန်မြန်သွားကြစို့။ စာသင်ခန်းထဲဝင်ကြစို့။
(ကျောင်းတက်ခေါင်းလောင်းသံ ဆူဆူညံညံသံထွက်ပေါ်လာ။)
ထိုအသံအဆုံးတွင် မြန်မာ့ကျောင်းသားသီချင်းသံ အသံတင်တီးလျက် အခန်းပြောင်း။

www.burmeseclassic.com

www.burmeseclassic.com

## (ပြကွက်–သုံး)

နေရာ – ဆယ်တန်း (A) စာသင်ခန်း။

အခမ်းအနား – စာသင်ခန်းတစ်ခန်းအသွင် ကားလိပ်ချထား။ စာသင်ခန်းရှေ့ဘက်တွင် ဆရာထိုင်ကုလားထိုင် တစ်လုံး စားပွဲတစ်လုံးချထား။ စားပွဲပေါ်တွင် မှတ်ပုံ တင်စာအုပ်၊ မြေဖြူပုံး၊ သင်ပုန်းဖျက် တင်ထား။ ရှေ့နံရံတွင် ကျောက်သင်ပုန်းကြီး တစ်ချပ်ထူထား။ သင်ပုန်း၏ဝဲဘက်ထောင့်တွင် အတန်းရှိကျောင်းသား ကျား/မ၊ ယနေ့ တက်ရောက်အင်အား၊ ပျက်ကွက် အင်အားရေးထား။ သင်ပုန်း၏ဝဲဘက်တွင် ပြက္ခဒိန် တစ်ခုချိတ်ထား။ သင်ပုန်း၏ညာဘက်တွင် နေ့အလိုက် ဘာသာရပ် ဇယားချိတ်ထား။ အခန်းနံရံ တွင် သင်ထောက်ကူ ပန်းချီ၊ ဒီဇိုင်း၊ ဇယား ကားချပ်များ စနစ်တကျ ချိတ်ထား။ ဆရာ့စားပွဲ ရှေ့တည့်တည့်တွင် ကျောင်းသားများ ထိုင်ခုံကို ညီညီညာညာ ခင်းထားစေ။

မီး – စာသင်ခန်းမကြီးတစ်ခုလုံး လင်းနေအောင် မီး တင်ထား။

အသံ – အသံသွင်းကြိုးခွေ၊ စကားပြောခွက်များ ပြင်ဆင် ထား။



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| အဝတ်အစား | – | ကျောင်းတူညီဝတ်စုံ။ |
| ဇာတ်ညွှန်း | – | အခန်းပြောင်းတီးလုံးဆုံးသည်နှင့် ပြည်ဖုံးကန့်လန့်ကာဖွင့်။ စာသင်ခုံများတွင် ကျောင်းသူ/ကျောင်းသားများ စနစ်တကျထိုင်နေ။ အတန်းခေါင်းဆောင်က စာသင်ခန်းဝင်ပေါက်ဘက် မျှော်ကြည့်နေ။ ဆရာမဝင်လာသည်နှင့် ခေါင်းဆောင်က အချက်ပေးလိုက်သော် ကျောင်းသားများ ပြိုင်တူရပ်လိုက်စေ။ ဆရာမ ဒေါ်မူမူ စာသင်ခန်းထဲ ဣန္ဒြေရရ ဝင်လာစေ။ |
| ကျောင်းသားများ | – | မင်္ဂလာပါ ဆရာမ။ |
| ဆရာမဒေါ်မူမူ | – | အေး ... မင်္ဂလာပါကွယ်။ မင်္ဂလာရှိတဲ့အချိန်မှာ ကျက်သရေမင်္ဂလာအတိရှိတဲ့ တို့မြန်မာ့ကျောင်းသားသီချင်း ဆိုကြစို့။ |
| ကျောင်းသားခေါင်းဆောင် | – | မြန်မာ့ကျောင်းသားသီချင်း စဆို။ (ကျောင်းသားကျောင်းသူများ စည်းချက်ညီညီ လက်ခုပ်တီးလျက် သီချင်းသံပြိုင်ဆိုစေ။ အသံသွင်းကြိုး ခွေဖွင့်ပေး) |
| ကျောင်းသားများ | – | (မြန်မာ့ကျောင်းသား ××× နိုင်ငံတော်အတွင်း ××× ထင်လင်းရှိစေမည် ××× စည်းကမ်းသေဝပ်ခြင်း ××× အရင်းပြုသည် ××× ဝီရိယလည်းရှိရမည် ××× ကိုယ်ကျင့်တရား ××× ဖောက်ပြန်မှုနည်းပါးစေ ××× သနားကရုဏာ ××× ဒေသများမှ ပိုပါသည် ××× ယဉ်ယဉ်ကျေးကျေး ××× လွန်ဒိပ်မွေ့ရမည် ××× |

www.burmeseclassic.com

www.burmeseclassic.com



(ပညာတိုးတက်စေမည် ××× နိုင်ငံတန်ခိုးထက်စေမည် ××× တို့အမျိုး ဇာနည်ပီပါပေသည်)၂

မြန်မာကျောင်းက ××× ပညာရေး ××× ကျန်းမာရေးညီ ×××

ဆရာမဒေါ်မှုမှု – ဂဲ ... အားလုံးထိုင်နိုင်ပါပြီ။ ငြိမ်ငြိမ်သက်သက်ထိုင်ပြီး ဆရာမပြောတာကို ခဏနားထောင်ပါ။ အခု ကျောင်းသားတွေဆိုသွားတဲ့သီချင်း၊ ဒီသီချင်းကို နေ့တိုင်းဆိုနေကျမို့ အားလုံးအလွတ်ရနေပါပြီ။ ဒီသီချင်းကို စာသင်ချိန်ပထမဆုံးအချိန်မှာ သီဆိုကြဖို့ လမ်းညွှန်ထားတယ်။ ဆိုလည်းဆိုပြီးပြီ။ အေး ... ကိုယ်ဆိုတဲ့ သီချင်းအဓိပ္ပာယ်ရော နားလည်ကြလား။

(ကျောင်းသားများ ငြိမ်လျက်နေ)

ဆရာမဒေါ်မှုမှု – (ကျောင်းသားများကို ဝေ့ဝဲကြည့်၊ ထဖြေမည့်သူရှိကောင်း ပေါ်လာလေမလားဟု စောင့်နေ။ ပေါ်ထွက်မလာ၍ လက်ယာဘက်အုပ်စုထဲမှ ကျောင်းသားတစ်ယောက်ကို လက်ညှိုးထိုးပြော) မောင်ကျော်ကျော် သီချင်းအဓိပ္ပာယ် ဖြေနိုင်မလား။

ကျော်ကျော် – (ထရပ်)၊ မှန်မမှန်တော့ မသိဘူး ဆရာမ။ ကျွန်တော်ကြိုးစားဖြေကြည့်မယ်။

ဆရာမဒေါ်မှုမှု – အေး ... မင်းသိသလိုပြောပါဦး။

ကျော်ကျော် – မြန်မာ့ကျောင်းသားတွေဟာ စည်းကမ်းရှိတယ်။ ကြိုးစားမှု လုံ့လဝီရိယရှိတယ်။ ကိုယ့်ကျင့်တရားကောင်းမွန်တယ်။ ဒိဋ္ဌိရည်သွေးနဲ့ ဂုဏ်သတင်းကျော်ဇောမှုရှိပါတယ်။ ပြီးတော့ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



မြန်မာကျောင်းသားတွေဟာ တခြားနိုင်ငံ ကျောင်းသားတွေနဲ့မတူတာက သနားကြင်နာတတ်မှုပါ။ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနား ဆိုတဲ့ မြန်မာ့စိတ်ထား ထားရှိနိုင်သူတွေပါ။ ဒါကြောင့် ကြီးနိုင်ငယ်ညှဉ်း စိတ်ထားမရှိဘူး။ ထောက်ထားညှာတာတဲ့စိတ်၊ သနားတတ်တဲ့စိတ် ပိုပါတယ်။ ကျွန်တော်တို့ မြန်မာကျောင်းသားတွေဟာ ယဉ်ကျေးတယ်။ သိမ်မွေ့တယ်။ ဆရာတပည့် ကျင့်ဝတ်၊ မိတ်ဆွေသင်္ဂဟကျင့်ဝတ်တွေ စောင့်ထိန်းတယ်။ ဒါကြောင့် အေးချမ်းစွာ ပညာသင်နိုင်ပြီး ထူးချွန်ထက်မြက်မှုရှိကြတယ်။ ဒီပညာတွေ အသုံးချပြီး နိုင်ငံတိုးတက်အောင် ကြိုးစားကြမယ်။ မျိုးချစ်ဇာနည်ပီသူတွေလို့ အဓိပ္ပာယ်ဆောင်ပါတယ် ဆရာမ။

ဒေါ်မူမူ – အေး .. အေး၊ ထိုင်ပါ .. ထိုင်ပါ။ မောင်ကျော်ကျော် ဖြေသွားတာ အဓိပ္ပာယ်ပြည့်မီပါတယ်။ ဒီလောက်သဘောပေါက်ရင် ကျေနပ်ပါပြီ။ ကဲ .. မိန်းကလေးဘက်က တစ်ယောက်ထပါဦး။ ဟော ... ဟိုးက ခေါင်းငုံ့နေတဲ့ မြမြသွင်။

မြမြသွင် – ရှင် (အမှတ်တမဲ့ ထိတ်လန့်သွားဟန်ဖြင့် ထရပ်)

ဒေါ်မူမူ – မြမြသွင်၊ သမီးပါးစပ်ထဲငုံထားတာ ဘာလဲ။ စာသင်နေတုန်း မုန့်ခိုးစားနေတာလား။

မြမြသွင် – မ ... မ ... မဟုတ်ပါဘူး။ အဲ ... (ဂလု ... ကနဲ မြိုချလိုက်) (ပါးစပ်ထဲငုံထားသည့် သကြားလုံးထွက်ကျလာ၍ ဝိုင်းရယ်ကြ။)

www.burmeseclassic.com



ဒေါ်မူမူ – မဟုတ်ပါဘူးဆိုပြီး ခိုးစားတဲ့သကြားလုံးက ဗိုက်ကျလာပြီ။ စာသင်နေတုန်း အစာခိုးမစားရဘူးလို့ ပညတ်ထားတယ်မို့လား။ ခုန စည်းကမ်းသောဝပ်တယ်လို့ဆိုတယ်။ ချက်ချင်းစည်းကမ်းဖောက်နေပါလား ... ပါးစပ်ကဆိုပြီး လက်တွေက ဖျက်ပြားနေရင် ကောင်းပါ့မလား မြမြသွင်။ (မျက်နှာထား တည်တည်နှင့်ပြော)

ယဉ်ယဉ်နု – အဲဒီ ဝက်ပုတ်မက အကျင့်ပျက်နေတာ ဆရာမ။

မြမြသွင် – (စိတ်ဆိုးသည့် အမူအရာနှင့် လှည့်ရန်တွေ့) ညည်းပြောစရာလိုလား။

ဒေါ်မူမူ – ဟဲ့ ... ဟဲ့ ငါ့ကိုရှေ့ထားပြီး ရန်ဖြစ်နေကြပါလား။ ယဉ်ယဉ်နု ထစမ်း။ ခုန မြမြသွင်ကို ဘယ်လိုခေါ်လိုက်တယ်။ ဝက်ပုတ်မ ဟုတ်လား ... ဘာဖြစ်လို့ တစ်ဖက်သားကို မိုချိုးမျှစ်ချိုးခေါ်ရပြောရတာလဲ။

ယဉ်ယဉ်နု – ကျွန်မတို့ချင်း ခေါ်နေပြောနေကျပါ ဆရာမ။ သူက လည်း ကျွန်မကို နေရာတကာ ကျီးကန်းလို အာချောင်တယ်ဆိုပြီး ကျီးကန်းမလို့ ခေါ်တာပါပဲ။ (ကျောင်းသားတွေအားလုံး ရယ်သံထွက်ပေါ်လာစေ)

ဒေါ်မူမူ – ကြည့်စမ်း ... ကြည့်စမ်း။ အဲဒါ သိမ်မွေ့ယဉ်ကျေးသူလေးတွေတဲ့လား။ တစ်ယောက်နဲ့တစ်ယောက် မိဘပေးထားတဲ့နာမည်မခေါ်ဘဲ အပြောင်အပျက်နာမည်တွေ မခေါ်ရဘူးကွဲ့။ စိတ်မဆိုးကြရင် ကောင်းတယ်။ စိတ်ဆိုးရင် မခက်ဘူးလား။

ယဉ်ယဉ်နု – ကျွန်မတို့ စိတ်မဆိုးကြပါဘူး ဆရာမ။

ဒေါ်မူမူ – စိတ်မဆိုးပေမယ့် ဘေးကကြားလို့လည်း မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ကြားရတာလည်း နားဝင်မချိုဘူး။ အိမ်နီးက လိမ္မာယဉ်ကျေးသူတို့ အပြုအမူ အပြောအဆို လည်း မဟုတ်ဘူး။ ဒီမယ် သမီးတို့ မှတ်ထားစမ်း။ ရှင်မဟာရဋ္ဌသာရဆိုတဲ့ ဆရာတော်က စကား ချိုချိုသာသာပြောဖို့ ဆုံးမထားတယ်။ ဘာတဲ့ ... ဩော် ... အေး။ တစ်ယောက်စကား။ တစ်ယောက် နားမှာ မခါးရအောင် သတိဆောင်၍ မောင်တို့ ဆိုလေ ပျားသကာလို ချိုလှစေတဲ့။ ကဲ ... မင်းတို့ ချင်းခေါ်တဲ့ ဝက်ပုတ်မဆိုတာ ပျားသကာလို ချိုပါ့ မလား။

ကျောင်းသားများ - မချိုပါဘူး ဆရာမ။

ဒေါ်မှုမှု - ကြိုးကန်းမ ဆိုတာကရော။

ကျောင်းသားများ - မချိုပါဘူး ဆရာမ။

ဒေါ်မှုမှု - ဘယ်ချိုသာမှာလဲ တပည့်တို့ရာ ... တို့မြန်မာလူမျိုး တွေဟာ ယဉ်ကျေးသိမ်မွေ့တယ်။ စိတ်နှလုံး နူးညံ့တယ်။ ပီယဝါစာ ချစ်ဖွယ်စကား ဆိုတတ် ကြတယ်လို့ နိုင်ငံကြီးသားတွေ ချီးမွမ်းကြတယ် နော်။ လူကြီးမိဘကခေါ်ရင် ဗျာ ... ရှင် ... ဟုတ်ကဲ့ အဲ့လို ပြောတတ်တယ်။ ဗျာဆိုတာတောင် တချို့ မိဘတွေက ရိုင်းတယ်ထင်လို့ ခင်ဗျာလို့ ထူးမှ ကြိုက်တယ်။ ဟုတ်ကဲ့လို့ တုံးတိပြေ၊ တုံးတိပြော ရင်လည်း သဘောမကျကြဘူး။ ဟုတ်ကဲ့ရှင့် ... ဟုတ်ကဲ့ခင်ဗျားလို့သုံးမှ ယဉ်ကျေးသိမ်မွေ့တယ်လို့ မှတ်ယူကြတယ်။ ကဲ ... မင်းတို့ပြောပုံဆိုပုံကို ဘယ်လိုထင်ကြမလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများ – ရိုင်းတယ်လို့ ပြောမှာပေါ့။

ဒေါ်မူမူ – ဒါပေါ့။ ရိုင်းတယ်ဆိုမှာပေါ့။ ရိုင်းတယ်ဆိုရင် ဘယ်သူ ရိုင်းတာလဲ။

ကျောင်းသားများ – ကျွန်တော်တို့ ရိုင်းတာပါ။

ဒေါ်မူမူ – အေး ... မင်းတို့ရိုင်းတာ။ ဒါပေမဲ့ မင်းတို့ချည်း အပြစ်မတင်ခံရဘူး။ မြန်မာကျောင်းသားတွေ ရိုင်းတယ်လို့ အပြောခံရတော့မယ်။ တစ်ယောက်ကြောင့် အများမနစ်နာဘူးလား။

ကျောင်းသားများ – နစ်နာပါတယ် ဆရာမ။

ဒေါ်မူမူ – ဟုတ်တယ်၊ ဒါကြောင့် အပြောမရိုင်းကြနဲ့၊ အပြုအမူမရိုင်းကြနဲ့၊ ယဉ်ကျေးကြစမ်းပါ။ မင်းတို့ ရိုင်းရင် မင်းတို့အပြောခံရမှာ မဟုတ်ဘူး။ တပည့်မကောင်း ဆရာ့ခေါင်းဆိုသလို မင်းတို့အသုံးမကျရင် ဆရာမလဲ ဘယ်ကောင်းမလဲ၊ ဒေါ်မူမူတပည့်တွေကိုးလို့ ဆိုကြမယ်။ ဆရာမရော ကောင်းဦးမလား။

ကျောင်းသားများ – မကောင်းပါဘူး ဆရာမ။

ဒေါ်မူမူ – ကဲ ... ဆရာမပြောတာ မှတ်မိတယ်နော်။ ကဲ ... ပြောတာနဲ့ အချိန်တော်တော်ကုန်သွားပြီ။ ကျောင်းခေါ်ချိန် ခေါ်လိုက်ဦးမယ်။ ဒါပြီးရင် စာဆက်သင်ကြမယ်။ မနေ့ကပေးလိုက်တဲ့ အိမ်စာတွေ လုပ်ခဲ့ကြလား။

ကျောင်းသားများ – လုပ်ခဲ့ပါတယ် ဆရာမ။

ဒေါ်မူမူ – ဟုတ်ပြီ ... ဟုတ်ပြီ။ ဟိုနှစ်ယောက်လည်း ပြန်ထိုင်ပါ။ မြန်မာ့ကျောင်းသားသမီးချင်းကို နားထဲစွဲ

www.burmeseclassic.com

www.burmeseclassic.com



နေအောင်ဆို၊ ရင်ထဲ ငြိအောင်မှတ်။ တစ်ချက်ချင်း ကိုက်ညီအောင်ကြိုးစား။ ကဲ … ကျောင်းခေါ်ချိန် ခေါ်ကြညီးစို့၊ မောင်အောင်ထွန်းဝင်း။

အောင်ထွန်းဝင်း – ရှိပါတယ်ခင်ဗျာ။
(ဆရာမက ကျောင်းခေါ်ချိန် ခေါ်နေစဉ်မှာပင် နောက်ခံအသံသွင်းတိတ်ခွေမှ မြန်မာ့ကျောင်းသား သီချင်း လွှင့်ထုတ်ပေး။ ပြည်ပုံးကန့်လန့်ကာကြီး တဖြည်းဖြည်းကျလာ၊ အခန်းပြောင်း)

www.burmeseclassic.com

www.burmeseclassic.com

## (ပြကွက်–လေး)

| | | |
|---|---|---|
| နေရာ | – | ရုံးတစ်ရုံး၏ ဌာနခွဲတစ်ခုမှ ရုံးခန်းတစ်ခန်း။ |
| အချိန် | – | ပုံမှန်ရုံးတက်ချိန်။ |
| အခမ်းအနား | – | ရုံးခန်းအတွင်း၌ ရှေ့နောက်တန်းစီနေရာချထားသည့် စာရေးများ၏ စားပွဲကုလားထိုင်၊ ထိုစာရေးများရှေ့တွင် အခန်းတစ်ခုကိုကျောပြုလျက် ရုံးအုပ်၏ စားပွဲရှိ ရုံးအုပ်၏နောက်တွင် သီးသန့်အခန်းတစ်ခန်း။ ဆင်နားရွက်တံခါးတပ်ထား။ |
| မီး | – | ကခွင်တစ်ခုလုံးမြင်သာအောင် မီးထွန်းထား။ |
| ဇာတ်ဝင်ခန်း | – | စားပွဲများပေါ်တွင် ဖိုင်တွဲ၊ ကတ်ပြား၊ ရုံးသုံးကိရိယာများ ရှိနေရမည်။ စာရေးများ၏ စားပွဲများနောက်တွင် သူ့အတန်းနှင့်သူ မီရို ဖိုင်တင်စင်များရှိရမည်။ ရုံးသုံးပြက္ခဒိန်၊ နိုင်ငံတော်အကြီးအကဲပုံများ ရုံးအင်္ဂါရပ်နှင့်အညီ ပြင်ဆင်ထားရမည်။ |
| အဝတ်အစား | – | သာမန်အဝတ်အစားများ။ မြန်မာဆန်ဆန် တိုက်ပုံ ရင်ဖုံးအင်္ကျီများ။ |
| ဇာတ်ညွှန်း | – | ပြကွက်ပြောင်းတီးလုံးဆုံးလျှင် ပြည်ဖုံးကားချပ်ဖွင့် တီးဝိုင်းမှ ငြိမ့်ညောင်းသောတီးကွက် ပြူးပေးထား။ ဦးစီးအရာရှိအခန်းရှေ့တွင် ရုံးအကူ မောင်ဆင့် ကုလားထိုင်တစ်လုံးပေါ် ပျင်းရိစွာထိုင်ရင်း အလုပ် |



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေသည့်စာရေးများကို ငေးမောကြည့်နေ။ ထောင့်စွန်းစားပွဲတွင် ထိုင်အလုပ်လုပ်နေသည့် စာရေးကြီး ကိုကျော်က စာရေးရင်း ဆေးလိပ်သောက်လိုက်၊ တွေးလိုက်ပြုနေ။ ထိုစဉ် လူခေါ်ဘဲလ်သံထွက်ပေါ်လာသဖြင့် ဆင်နားရွက်တံခါး တွန်းဝင်သွား။ ခဏအကြာတွင် ပျာယီပျာယာ ပြန်ထွက်လာပြီး စာရေးကြီးကိုကျော်ရှိရာစားပွဲသို့ ခပ်သွက်သွက်လျှောက်သွား။ စားပွဲရှေ့မှခပ်ရိုရို ရပ်လျက် ခါးကိုကိုင်းညွှတ်ပြီး တိုးတိုးပြော။

မောင်ဆင့် – အစ်ကိုကျော် ... ဆရာခေါ်တယ်။

စာရေးကြီးမောင်ကျော် – ဟေ (အထိတ်တလန့်အမူအရာဖြင့် ရှေ့ညွှတ်ပြီး သောက်လက်စဆေးလိပ်ကို ဆေးလိပ်ခံခွက်ထဲ ကပျာကယာထည့်၊ ကမန်းကတန်းထရပ်ပြီး ပုဆိုး အင်္ကျီကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ဆင်ဝတ်။ အရာရှိအခန်းထဲဝင်သွား)

ဦးဘကောင်း – (မောင်ကျော်ကို မျက်နှာထားတည်တည်နှင့် ကြည့်လျက်ပြော) ထိုင် ... မောင်ကျော်။ မင်းဘာလုပ်နေလဲ။

စာရေးကြီးမောင်ကျော် – ဟုတ် ... ဟုတ်ကဲ့ဆရာ။ ကျွန်တော် ဆေးလိပ်သောက်နေမိပါတယ်။

ဦးဘကောင်း – အေး ... ရုံးမှာ ဆေးလိပ်မသောက်ရဘူး။ ဒီနေရာကို ဆေးလိပ်ကင်းမဲ့ဇုန်လို့ သတ်မှတ်ထားတာ မင်းသိလား။

စာရေးကြီးမောင်ကျော် – (အပြစ်ရှိသူဖြစ်၍ ခေါင်းငုံ့လျက် ရှုံ့တွန့်တွန့်အမူအရာဖြင့် ခပ်တိုးတိုးဖြေ) ဟုတ်ကဲ့ဆရာ။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘကောင်း - ရုံးမှာ ရုံးစည်းကမ်းလိုက်နာရမယ် မောင်ကျော်။ မလုပ်နဲ့လို့ တားမြစ်ထားတာလုပ်ရင် အပြစ်ကျူးလွန်တာပဲ။ လုပ်ပါလို့ခိုင်းတာ မလုပ်ရင်လည်း အပြစ်လုပ်တာပဲ၊ ဟုတ်လားမောင်ကျော်။

စာရေးကြီးမောင်ကျော် - ဟုတ်ကဲ့ဆရာ။

ဦးဘကောင်း - ဒီမယ် မောင်ကျော် ... မင်းဆေးလိပ်သောက်နေပုံက ကျောက်မီးသွေးရထားတစ်စင်း မောင်းလာသလိုပဲ။ မီးခိုးတထောင်းထောင်းနဲ့။ မင်းကတော့ ကြိုက်လို့သောက်တာ။ အေး ... ကြိုက်တာကို မကြိုက်နဲ့၊ မသောက်နဲ့လို့ မတားသာဘူး။ ဒါပေမယ့် တားမြစ်ထားတဲ့ နေရာမှာတော့ မသောက်သင့်ဘူး။ မင်းဆေးလိပ်ကထွက်တဲ့မီးခိုးနံ့က ဆေးလိပ်မကြိုက်သူကို ဘယ်လောက်ဒုက္ခပေးသလဲ။ ရုံးဝင်းထဲမှာ ဆေးလိပ်မသောက်တဲ့ မိန်းကလေးတွေရှိတယ်။ မင်းနဲ့ စားပွဲချင်းကပ်နေတဲ့ မခင်မူဆို ဘယ်လောက် အနေခက်မလဲ။ မခင်မူ မပြောနဲ့ အခန်းထဲနေတဲ့ ငါတောင် ဆေးလိပ်နံ့က ဝင်နှိပ်စက်ခံရတယ်။ အနံ့ရလို့ အပြင်ကဲကြည့်တော့ မင်းက မီးခိုးထောင်းထောင်းထအောင် အပြတ်ဆော်နေတယ်။

စာရေးကြီးမောင်ကျော် - ကျွန်တော် နောက်ထပ်မသောက်တော့ပါဘူးဆရာ။

ဦးဘကောင်း - အေး ... နောက် ရုံးခန်းထဲ ဆေးလိပ်သောက်တာ တွေ့ရင်လည်း ငါခွင့်မလွှတ်တော့ဘူး။ ဒါ နောက်ဆုံး ဝပ်နှိပ်ပဲ။ နေစမ်းပါဦး ငါ့ကိုစမ်းပါရစေ ဆေးလိပ်သောက်တာ ဘာကောင်းရသာရှိသလဲ။ ချိုလား ... ချဉ်လား ... ခါးသလား ... ဖန်လား။

www.burmeseclassic.com

www.burmeseclassic.com



စာရေးကြီးမောင်ကျော် – (ကတ်သီးကတ်သတ်မေးပုံကြောင့် မောင်ကျော် ပြုံးချင်သည်။ သို့သော် မပြုံးမရယ်ရဲ၍ မနည်း တွန့်ခြေ့ဆည်ထားလိုက်ရင်း) အဲလိုတော့ အရသာ မရှိဘူးဆရာ။

ဦးဘကောင်း – ဘယ်လိုအရသာရှိလဲ။

စာရေးကြီးမောင်ကျော် – ဆေးလိပ်ရဲ့အရသာက ဘာရယ်လို့ပြောပြဖို့တော့ ခက်တယ် ဆရာ။ သောက်ချင်စိတ်ဖြစ်လာလို့ သောက်ရရင် ခံတွင်းချဉ်ပြေသွားတာတော့ အမှန်ပဲ။

ဦးဘကောင်း – ခံတွင်းချဉ်ရင် ဇလရှင်ဆေးပြားငုံ၊ ချိုချဉ်ငုံပေါ့။ ဒါတွေက ချဉ်တဲ့အရသာ ... ချိုတဲ့အရသာ ရှိသေးတယ်။ အေး ... မင်းကိုငါမေးမယ်။ တစ်နေ့ ဆေးလိပ်ဘယ်လောက်ဖိုးကုန်လဲ။

စာရေးကြီးမောင်ကျော် – အဲ ... ပုံမှန်တော့မရှိဘူးပေါ့ဆရာ။ တစ်နေ့လုံး ဆိုရင် လေးငါးဆယ်ဖိုးတော့ ကုန်မှာပေါ့။

ဦးဘကောင်း – လေးငါးဆယ်၊ ထားပါ ငါးဆယ်။ မင်းတစ်ယောက် တည်းသုံးတာ ငါးဆယ်ကုန်တယ်။ တကယ်လို့ မင်းသာ ဆေးလိပ်မသောက်ရင် အသားဟင်း တစ်ခွက် မချက်နိုင်ဘူးလား၊ မိသားစုအားလုံး မစားနိုင်ဘူးလား။ တကယ်ဆို မင်းက တစ်ကိုယ် ကောင်းဆန်နေတာပဲ။

စာရေးကြီးမောင်ကျော် – (မောင်ကျော် မျက်လုံးပြူးသွား။ ပျာပျာသလဲ အမူ အယာဖြင့် စောဒကတက်) ကျွန်တော်က ဒီသဘော နဲ့ မဟုတ်ပါဘူးဆရာ။ ဆေးလိပ်က ငယ်ငယ် ကတည်းကသောက်တော့ စွဲနေပြီး ဖြတ်လို့မရတော့

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ထမင်းတစ်နပ် အငတ်ခံချင်ခံမယ်၊ ဆေးတစ်ပွဲ မရှိုက်ရရင် နေကိုမနေနိုင်လို့ပါ။

ဦးဘကောင်း – ဖြတ်လို့မရဘူးဆိုတာ စိတ်အလိုလိုက်တာပဲကိုးကွ။ နေပါဦး ငါမေးပါဦးမယ်။ မင်းကို ဆေးလိပ် မသောက်ရဘူး၊ သောက်ရင် အသတ်ခံရမယ်ဆိုပြီး ဓားမိုးထားရင် မင်းသောက်မလား။

စာရေးကြီးမောင်ကျော် – (ရယ်ကျဲကျဲအမူအယာဖြင့်) အဲတော့ ဘယ်သောက်ဝံ့မလဲဆရာ၊ အသက်သေးဖြစ်နေတာကိုး။

ဦးဘကောင်း – အေး ... ဓားမိုးထားတော့ သေမှာကြောက်လို့ မသောက်ဘူးတဲ့။ တကယ်လို့ ဓားမိုးမထားဘူး၊ လွတ်လွတ်လပ်လပ်သောက်ခွင့်ပြုရင် မင်းသောက်မယ်မဟုတ်လား။ ဒီမယ်မောင်ကျော် ... မင်းသောက်နေတဲ့ဆေးလိပ်ဟာ ဓားလက်နက်ထက် ကြောက်စရာကောင်းတဲ့ အဆိပ်လက်နက်မှန်း မင်းမသိဘူးလား။ ဆေးလိပ်သောက်သူဟာ အဆုတ်ရောဂါရတတ်တယ်။ မိန်းကလေးတွေဆိုရင် သားပျက်သားလျှောရောဂါရတတ်တယ်။ ဒီရောဂါတွေဟာ မင်းကိုသေလမ်းပို့နေတာလို့ မတွေးမိဘူးလား။ (စာရေးကြီးမောင်ကျော် ခေါင်းငုံ့ပြီး ငြိမ်သက်စွာနားထောင်နေ) အေး ... ဆေးလိပ်သောက်တာ ငွေကုန်တယ်။ ရှိတဲ့အသက်ထက် အရွယ်ပိုရင့်တယ်။ မကောင်းတဲ့ အနံ့အသက်တွေလည်း စွဲနေတယ်။ ကဲ ... မင်းလက်ချောင်းတွေ ပြစမ်း။ (မောင်ကျော်က လက်ကိုဖြန့်ပြ) ကိုင်း ... ကြည့်စမ်း၊ လက်ချောင်းတွေက ဝါထိန်နေတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဆေးချေးတွေစွဲနေတာ။ အဲဒီ နီကိုတင်းဓာတ်ဟာ မြင်ရတဲ့ မင်းအဆုတ်တွေမှာ စွဲကပ်နေမယ်လို့ မထင်မိဘူးလား။ ဆေးလိပ်သောက်သူဟာ အမောလည်းမခံနိုင်ဘူး။ ကျန်းမာရေးလည်း ညှိုးလာမယ်။ မင်စဉ်းစားစမ်း မောင်ကျော် ... ငွေနဲ့ဝယ်ပြီး အဆိပ်ငွေ့ မင်းရှူနေတာ မဟုတ်ဘူးလား။

စာရေးကြီးမောင်ကျော် – (ခေါင်းဖြည်းဖြည်းညိတ်လျက် ခပ်လေးလေးဖြေ)

ဦးဘကောင်း – မင်းကိုလည်း ကောင်းကျိုးမပေးဘူး။ ပတ်ဝန်းကျင်လည်း ကောင်းကျိုးမပေးဘူး။ အဲ့လိုကောင်းကျိုးမပေးတဲ့ ဆေးလိပ်ကို မင်းဘာလို့သောက်ချင်တာလဲ။ အေး ... ထားတော့လေ၊ သောက်တာ မသောက်တာတော့ ငါမတားသာဘူး။ ဒါပေမဲ့ ရုံးခန်းထဲတော့ လုံးဝမသောက်ပါနဲ့။ နောက်တစ်ခါ ဆေးလိပ်သောက်တာတွေ့ရင် အရေးအရေးလစာ ဖြတ်မယ်။ သွားတော့။

(မောင်ကျော် ရှိုရှိုလေးထွက်လာ။ ဆင်နားရွက်တံခါးတွန်းဖွင့် ထွက်လာသည်နှင့် လုပ်ဖော်ကိုင်ဖက်များက ဘယ်လိုလဲဟု မျက်စပစ်မေး။ မောင်ကျော်က လက်မထောင်လျက် နောက်ညွှန်ပြပြီး ဆူကျောထိတာပေါ့ဟူသော အမူအရာနှင့် ပခုံးတွန့်ပြသော် ကျန်စာရေးများ ပြုံးစိစိအနေအထားဖြင့်ရယ် ...) တီးဝိုင်းမှ စာရေးကြီးသီချင်း ရုတ်တရက် ထတီးလိုက်ပြီး တိခနဲဖြတ်လိုက်ချိန်တွင် မောင်ကျော်က အရုပ်ကြိုးပြတ်လဲကျဟန်ပြုလျက် ထိုင်ခုံပေါ်ပင်ထိုင်ကာ ကန့်လန့်ကာချ။)

www.burmeseclassic.com

## (ပြကွက်–၄း)

| | | |
|---|---|---|
| နေရာ | – | မြို့ပြတစ်ခု၏ လမ်းမတစ်ခု။ |
| အခင်းအနား | – | ရုံးအဆောက်အအုံ၊ လူနေအိမ်ခြေနောက်ခံထားသည့် အဆင့်မီမြို့ပြလမ်းတစ်ခုပုံရေးဆွဲထားသော နောက်ခံပန်းချီကားချပ် ကားလိပ်ချထား။ ယာဉ်သွားကားလမ်းပေါ်တွင် ကားများ ဥဒဟိုပြေးလွှားနေ။ လမ်းဘေးပလက်ဖောင်းပေါ်တွင် ဗျပ်ထိုးဈေးသည်များ၊ ခရီးသွားများနှင့် ရှုပ်ထွေးနေ။ ကားသံနှင့် ဆူညံနေ။ |
| မီး | – | ပြကွက်နောက်ပိုင်း လမ်းမကြီးကို ပရိသတ်အာရုံပြုစေရန် အောက်ခွင်မီး၊ ဆလိုက်မီးများဖြင့် ထိုးပြထား။ ရှေ့ပိုင်းကခွင်တွင် ပုံမှန်အလင်းရောင်ဖျန်းထား။ |
| အသံ | – | နောက်ခံအသံအဖြစ် ကားများမောင်းသံ၊ စပယ်ယာများ၏ လူခေါ်သံ၊ ဈေးသည်များ၏ ဈေးခေါ်သံကို အသံသွင်းတိတ်ခွေဖွင့်ပေးထား။ |
| ဇာတ်ဝင်ပစ္စည်း | – | ထမင်းချိုင့် ဆွဲခြင်း၊ ထီး၊ ဗီနပ် စသည့် ရုံးဝန်ထမ်းတို့၏ အသုံးအဆောင်။ |
| ဇာတ်ညွှန်း | – | ပြည်ပုံးကန့်လန့်ကာဆွဲတင်။ တီးဝိုင်းမှ "ဝမ်းစာ" သီချင်းကို တိုးညင်းစွာတီးခတ်ပေးထား။ ဇာတ်ခွင်၏ |



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်ကားလိပ်ကြားမှ ရုံးလုလင် မောင်ဆင့်နှင့် ရုံးစာရေးကြီးမောင်ကျော် သုတ်သီးသုတ်ပျာ အမူအရာနှင့် ထွက်လာစေ။

မောင်ဆင့် – အစ်ကို့ အစ်ကို့ ... ခဏနေပါဦးဗျာ။ အိမ်ပြန်တော့မှာဆိုတော့ ခြေလှမ်းက သွက်နေတာပဲ။ ပြေးလိုက်တာတောင် မမီဘူး။

စာရေးကြီးမောင်ကျော် – ဘာလဲဟ မောင်ဆင့်။ ဒီမှာ ခံတွင်းချဉ်နေလို့ ဆေးလိပ်အေးအေးဆေးဆေးသောက်လို့ရမယ့် နေရာ ရှာနေရတဲ့အထဲ။

မောင်ဆင့် – အဟဲဟဲ ... သိပါတယ်ဗျာ၊ ဒီလောက်အရေးတကြီး ဖြစ်နေကတည်းက ဒါပဲဆိုတာသိပါတယ်။ နေပါဦး အစ်ကို။ ဆရာက အစ်ကို့ကို ဘာတွေပြောတာလဲ။ အပြင်က ခိုးနားထောင်နေတာ မသဲကွဲလို့ပါ။

စာရေးကြီးမောင်ကျော် – အလကားပါ မောင်ဆင့်ရာ ... မင်းဆရာအကြောင်း မင်းသိသားနဲ့ မရောင်ရာဆီလူးစကားပြောနေတာပါ။

မောင်ဆင့် – ဟုတ်လား။ မရောင်ဘဲ ဘာကြောင့်ဆီလူးချင်မှန်း မသိပါဘူးအစ်ကိုရာ ... အမှန်တော့ ရောင်ရမ်းကိုက်ခဲနေမှ သက်သာအောင် ဆီလူးသင့်တာ။

စာရေးကြီးမောင်ကျော် – (စိတ်မရှည်သည့် အမူအရာနှင့် လှည့်မာန်) ဟာ ... ဒီကောင့်ကိုပြောရတာ လက်ပေါက်ကပ်လိုက်တာ။ မင်းဆရာ အလုပ်အရှိ အလုပ်ရှာနေလို့ပြောတာပေါ့။ ဟုတ်တယ်ကွာ၊ မင်းစဉ်းစားကြည့် ငါက ဆယ့်တစ်နှစ်သား လောက်ကတည်းက ဆေးလိပ်သောက်ခဲ့တာ ဒီနေ့ထိ။ နှစ်သုံးဆယ်လောက် သောက်ခဲ့တဲ့ ဆေးလိပ်ကို ငါဖြတ်ရမယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



မောင်ဆင့် – ဟုတ်လား ... ဘာဖြစ်လို့လဲ။

တရေးကြီးမောင်ကျော် – ဘာဖြစ်ရမလဲမောင်ဆင့်ရာ။ သူက ဆေးလိပ် မကြိုက်တော့ ဆေးလိပ်သောက်တာအပြစ်လို့မြင် တာပေါ့။ ငါက ဝှုံခုံမှာ ဆေးလိပ်ခိုးသောက်ခဲ့တာ မင်းဆရာက ဘယ်ချောင်ကကြည့်နေလဲမသိဘူး။ ရုံးခန်းထဲ ဆေးလိပ်သောက်ရမလားဆိုပြီး ဆူတော့ တာပဲ။ ဆူတာက အကြောင်းမဟုတ်ပါဘူး။ ငါက အပြစ်လုပ်မိတာကို။ အေး ... ဆိုးတာက ထုံးစံအတိုင်း ဩဝါဒရှည်ကြီးပေးတာပေါ့။

မောင်ဆင့် – (ခပ်တိုးတိုးရယ်) ဩဝါဒပေးတာက အကျင့်ကို အစ်ကိုရ။ အဟဲ ... ဓာတ်မသိရင်တော့ စိတ်ပျက် စရာ။ အဲ ... အကြောင်းသိနေတော့လည်း ဒါတွေ ရိုးနေပြီ။ သူပြောတာ ဒီဘက်နားကဝင်ရင် ဟိုဘက် နားက ထုတ်ပစ်လိုက်တယ်။

တရေးကြီး ဦးကျော် – အဟဲဟဲ ... မင်းတို့ဆရာတပည့်က လိုက်မှလိုက် ကွာ။ ဟေ့ မောင်ဆင့် မင်းသွားချင်သွားတော့။ ငါ ဒီသစ်ပင်ရိပ်မှာ ဆေးလိပ်ထိုင်ဖွာဦးမယ်။

မောင်ဆင့် – သောက်ပါ။ ကျွန်တော်လည်း အေးအေးဆေးဆေး မှပြန်မယ်။ ရုံးဆင်းချိန်ကားကျပ်တော့ လူချောင် တဲ့အထိ စောင့်ဦးမယ်။ (နှစ်ယောက်သား ဗာဒံပင် အောက် အုတ်ခုံတွင် ဝင်ထိုင်) ဆရာက စိတ်ရင်း စေတနာတော့ကောင်းပါတယ်။ လူတိုင်း သူ့လို ဖြစ်စေချင်တယ်။ သူနေထိုင်ပုံစံပြုပြီး လူတိုင်း ဒီစံနှုန်း ရှိအောင် ဆုံးမတတ်တယ်။ ဒါပေမဲ့ မအောင်မြင်ပါဘူး အစ်ကိုရာ။

www.burmeseclassic.com

www.burmeseclassic.com


စာရေးကြီး ဦးကျော် – (ဆေးလိပ်ဖွာရှိုက်ရင်းမှ စိတ်ဝင်စားဟန်ဖြင့် လှည့်မေး) ဘယ်လိုမအောင်မြင်တာလဲ။ လုပ်ပါဦး ... မင်းသိတာတွေပြောပါဦး။

မောင်ဆင့် – ဆရာက သူဖြစ်ချင်တဲ့ပုံစံကို ရှုံးမှာသာလုပ်တာ မဟုတ်ဘူး။ သူ့အိမ်မှာလည်း ဒီအတိုင်းပဲအစ်ကိုရ။ အဲဒါကြောင့် ကိုပေတံကြီးလို့ခေါ်တာ။

စာရေးကြီးမောင်ကျော် – ဟော ... ဘယ်လိုကွ။ ကိုပေတံ ဟုတ်လား။

မောင်ဆင့် – သူပြောသလို အတိအကျလုပ်၊ သူနေသလိုလိုက်နေ၊ သူချမှတ်တဲ့စည်းကမ်းအတိုင်း တစ်သဝေမတိမ်း လိုက်နာ။ အဲ့လိုပြောတတ်လို့ နေရာတကာ စည်းမျဉ်း၊ စည်းကမ်းပေတံနဲ့ တိုင်းပြောတတ်လို့ ကိုပေတံလို့ မမကခေါ်တာ။ အဲပေမဲ့ ဘယ်လွယ်မလဲအစ်ကိုရာ။ လက်မှာတောင် လက်ချောင်း အတိုအရှည်ရှိတာပဲ။ တစ်ပြေးညီဖြစ်ဖို့ဆိုတာ ဘယ်မှာဖြစ်နိုင်မလဲ၊ အဲ သူ့သား အောင်ကျော်လင်း ကြည့်လေ။

စာရေးကြီး ဦးကျော် – အောင်ကျော်လင်းက ဘာဖြစ်နေလို့လဲ။

မောင်ဆင့် – သူကသာ လူတွေဆေးလိပ်မသောက်ဖို့ ပိတ်ပင်နေတာ ... သူ့သားက ဆေးလိပ်သောက်ရုံတင် မကဘူး။ ဆေးသမားဖြစ်နေပြီ။

စာရေးကြီး ဦးကျော် – ဟော ... ဆေးသမားဟုတ်လား။ ဘာလဲ နံ့ပါတ်ဖိုး သမားလို့ မင်းပြောလိုက်တာလား။ ဟို ... အသားဖြူဖြူချောချောကောင်လေး ပြောတာလား။

မောင်ဆင့် – ဟုတ်တယ်လေ ... ဆရာ့မှာ သားတစ်ယောက် သမီးတစ်ယောက်ပဲရှိတာ။ နှစ်ယောက်စလုံး

www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းကျောင်းသား။ အောင်ကျော်လင်းက အကြီး၊ ဆယ်တန်းနှစ်နှစ်ကျ။ အငယ်မလေး ကတော့ မဆိုးပါဘူး။ စာကြိုးစားချင်စိတ်ရှိနေ သေးတယ်။

စာရေးကြီးမောင်ကျော် – နေဦး မောင်ဆင့် ... သူ့သားဆေးစွဲနေတာ ဆရာ မရိပ်မိဘူးလား။

မောင်ဆင့် – မရိပ်မိလို့ပေါ့အစ်ကိုရာ ... ကျွန်တော်တို့က လူငယ် ချင်းမို့ ဒီကိစ္စသိတာ။ မမကတော့ ရိပ်မိတန် သလောက် ရိပ်မိနေပုံရတယ်။ သားကို အလိုလိုက် လွန်းတော့ ဟိုက ရောင့်တက်နေတာထင်ပါရဲ့။

စာရေးကြီးမောင်ကျော် – မောင်ဆင့် ... မင်း ဒီအကြောင်းတွေ ဆရာ့ မပြောပြ ဘူးလား။ သူသိရင် လျစ်လျူရှုထားမှာမဟုတ်ဘူး။ ဆေးလိပ်သောက်တာတောင် မကောင်းဘူး၊ မသောက်နဲ့လို့ ပြောနေသူဟာ ဒီကိစ္စ ခွင့်လွှတ်မှာ မဟုတ်ဘူး။

မောင်ဆင့် – ကျွန်တော်ဘယ်လိုပြောရမလဲအစ်ကိုရာ ... ပြောလို့ ယုံရင်ကောင်းတယ်။ မယုံဘဲ ဖို့သိကွာချရမလား ဆိုပြီး အပြစ်တင်နေရင် ...

စာရေးကြီးမောင်ကျော် – မဟုတ်ဘူးလေ ... ဆူမှဆူတော့၊ ပြောသင့်တာ တော့ ပြောရမှာပဲ။ (စဉ်းစားဟန်ပြုပြီး၊ ဆေးလိပ် တိုကို အုတ်ခုံတွင် ထိုးချေလိုက်) မောင်ဆင့်။

မောင်ဆင့် – ဗျာ ... အစ်ကို။

စာရေးကြီးမောင်ကျော် – ဆရာ့အပြစ်ကိုတွေးပြီး ငါစိတ်မကောင်းဖြစ်သွား တယ်။ အဟုတ်ပဲ။ ဆရာဖို့ကိုပြောတာ၊ ဆေးလိပ် မသောက်ဖို့ ဆုံးမတာက အမှန်တော့ ငါ့ကို

www.burmeseclassic.com



ကောင်းစားစေချင်လို့ပဲ။ ဟုတ်တယ်လေ … ငါ ဆေးလိပ်သောက်လို့ ရောဂါဖြစ်ရင် ငါပဲခံရမှာ။ ဆွေပူနေစရာမလိုဘူး။ ဒါပေမယ့် သူမနေနိုင်ဘူး။ စေတနာနဲ့ ဆုံးမတယ်။ ငါဖြူစုမှာကိုသိရက်နဲ့ အမုန်းခံပြောတယ်။

မောင်ဆင့် – ဒါတော့ ဟုတ်တယ်အစ်ကို။

စာရေးကြီးဦးကျော် – ဟော … သူ့သားဆေးစွဲနေတာကိုမသိတော့ သူမတား မြစ်နိုင်ဘူး။ သူသိရင် ဒီလိုနေမလား။

မောင်ဆင့် – ဘယ်နေမလဲအစ်ကိုရာ … ပြောလိုက်မယ့်အမျိုး။

စာရေးကြီးမောင်ကျော် – အေး … သူသိအောင် တို့က သတင်းပေးရမယ်။ ဆရာ့စေတနာကို အသိအမှတ်ပြု တုံ့ပြန်ပေးဆပ်။ ဒီ အကောင်းဆုံးပဲမောင်ဆင့်။ မနက်ဖြန် အသိပေး လိုက်မယ်ဟေ့။

(တီးဝိုင်းမှ "ရှောင်လေဝေးဝေးမူးယစ်ဆေး" သီချင်းကို တီးခတ်ပေး။ မီးရောင်ကို ဖြည်းဖြည်းချင်းမှိန်လျက်၊ မီးမှောင်ချကာ ခွင်ပြောင်း။) တီးဝိုင်းမှ ခွင်ပြောင်းတီးလုံးဆက်တီးစေ။

www.burmeseclassic.com

www.burmeseclassic.com

## (ပြကွက်–ခြောက်)

နေရာ – ဦးဘကောင်းအိမ် ညှေ့ခန်း။

အခမ်းအနား – အရာရှိတစ်ဦး၏အိမ်နှင့်လျော်ညီသည့် အဆောင်အယောင် အဆင်အပြင်။ စားပွဲ၊ ဆက်တီ၊ မီရို၊ တီဗွီ၊ ကက်ဆက်၊ ရေခဲသေတ္တာတို့ သူ့နေရာနှင့်သူ ရှိနေစေ။ ညှေ့ခန်းစားပွဲခုံတွင် ရဲရဲနီ နှင်းဆီပွင့်များ စိုက်ထားသည့် ပန်းအိုးတစ်လုံး ကျကျနန လှလှ ပပတင်ထား။

မီး – ပြခွင်တစ်ခုလုံး မီးရောင်လင်းနေစေ။

ဇာတ်ဝင်ပစ္စည်း – အဖိုးတန် ကျောက်မျက်ရတနာများ။ ကျောက်စစ်ဆေးသည့် မှန်ဘီလူး။

အဝတ်အစား – ဂုဏ်သရေရှိ ပစ္စည်းချမ်းသာသူတို့၏ ဝတ်စားဆင်ယင်မှုဝတ်စုံ။

ဇာတ်ညွှန်း – ဇာတ်ဖွင့်တီးသံဆုံးလျှင် ပြည်ပိုးကန့်လန့်ကာဖွင့်။ ညှေ့ခန်းဆက်တီစားပွဲတွင် စိန်ပွဲစား ဒေါ်စန်းယုခင်နှင့် ဒေါ်လှလေးစိန် မျက်နှာချင်းဆိုင်ထိုင်။ ဒေါ်လှလေးစိန်က စိန်တစ်ပွင့်ကို အလင်းရောင်ဘက် ထောင် ကြည့်။ စိတ်ကြိုက်တွေ့ဟန်ဖြင့် စိန်ပွင့်ကို ဘူးထဲ သေသေချာချာပြန်ထည့်လျက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန်းယုခင်ကို ကြည့်လျက်ပြုံး။ တီးဝိုင်းမှ "ငွေ" သီချင်းကို တိုးညင်းစွာ နောက်ခံတီးပေးထား။

ဒေါ်လှလေးစိန် – ပစ္စည်းကတော့ အထူးပြောစရာမလိုပါဘူး။ ဈေးနှုန်းကတော့ ပြင်စေချင်တယ်စန်းရယ်။

ဒေါ်စန်းယုခင် – (ခြေကလိမ်ချိတ်ထားပြီး လက်နှစ်ဖက်ချောင်းနှင့် ဒူးကိုဖက်ကာ ခံ့ခံ့ထည်ထည်ထိုင်နေသည်။ ဒေါ်စန်းယုခင်က အဓိပ္ပာယ်ပါပါပြုံး။ အနေအထိုင်ကို ပြင်လိုက်ပြီး စိန်ဘူးကို သူ့ဘက်ဆွဲယူ) ပစ္စည်းကောင်းရင် ဈေးကောင်းပေးရမှာပေါ့လှရယ် ... မှန်တာပြောရင် သိပ်အမြတ်တင်တာ မဟုတ်ပါဘူး။ စိန်ကောင်းဝယ်စုတတ်တဲ့ လှကို ရစေချင်လို့သာ ခေါ်ပြတာ။ ဒါကို လက်ထဲသိမ်းထားရင် ဒီထက်မက အကျိုးရှိမှာ စန်းသိနေတာပဲ။

ဒေါ်လှလေးစိန် – လှ နားလည်ပါတယ်။ စန်း စေတနာလည်း သိပါတယ်။ ဒီကလည်း များများစားစား မပြင်နိုင်းပါဘူး။ မုန့်ဖိုး ပဲဖိုးပါ စန်းရယ်။

ဒေါ်စန်းယုခင် – (ပိုင်ကွက်ထဲဝင်ပြီဟူသောအကြံဖြင့် ပြုံးလိုက်ပြီး ဆွဲဆောင်သည့် မျက်လုံးပြင့်ကြည့်) အမယ်လေး လှရယ် ... တစ်လ စိန်တစ်ပွင့်ဝယ်နိုင်တဲ့ဝင်ငွေ ရှိနေသူက ဈေးဆစ်ချင်သေးတယ်။

ဒေါ်လှလေးစိန် – စန်းက အထင်ကြီးနေပြန်ပြီ။ ခုတလော ကိုကိုတို့ ကုမ္ပဏီက အလုပ်သိပ်မဖြစ်ဘူးစန်းရဲ့။ ဟိုတလောက အရင်းအနှီးထပ်ထည့်ဖို့ငွေလိုလို့ ဒီကပစ္စည်းတွေကို ရောင်းထုတ်လိုက်ရသေးတယ်။ ကုမ္ပဏီ ကိစ္စမို့သာ ထုခွဲလိုက်ရတာ။ တစ်သက်လုံးစုထား

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ပစ္စည်းတွေ ရောင်းထုတ်ပေးရတော့ အိပ်လို့ တောင်မပျော်ဘူးသိလား။

ဒေါ်စန်းယုခင် – အမယ် ... အမယ် ... လှသတင်းကို ဒီကကြားထား ပြီးသားပါနော်။ ဒီကယူသွားတဲ့ ပစ္စည်းတွေကို ပုံးနှစ်ရာတင်ရောင်းလိုက်တယ်။ မြိုးမြိုးမြက်မြက် ရလိုက်တယ်ဆိုတာ ကြားပြီးသားပါ။ ဘာပစ္စည်း ဖြစ်ဖြစ် လှလက်ထဲရောက်ရင် တန်ဖိုးတက်ပြီး သား။ ဟုတ်တယ်လေ ... ပစ္စည်းတန်ဖိုးက ကိုင် သူ့ရဲ့ဂုဏ်ဒြပ်လိုက်ပြီး တန်ကြေးရှိသွားတာမျိုးကို။

ဒေါ်လှလေးစိန် – (မြှောက်ပင့်ပြောသည့်စကားကို သဘောကျ နှစ်မြို့က်ဟန်ဖြင့် ခပ်တိုးတိုးရယ်) အဟင်း ... ဟင်းဟင်း ... စန်းကတော့ အပြောကောင်းတယ်။ တကယ်ပါ။ အပြောလည်းကောင်း၊ ငွေရှာလည်း ကောင်း၊ အိမ်သားကလည်း တကယ့်ဌာနကြီးက အရာရှိကြီးဆိုတော့ ပြောစရာမလိုဘူး။ ငွေတောင် ထားစရာနေရာရှိသေးရဲ့လား မသိဘူး။

ဒေါ်စန်းယုခင် – တော်တော့လှရေ ... အိမ်က ကိုပေတံကို အထင် မကြီးလေနဲ့။ နေရာကောင်းနေရလို့ ဟုတ်နေပြီ မထင်နဲ့။ သူ့ဝင်ငွေသာ မှီစားနေရရင် ထမင်းနပ် မှန်မှာတောင်မဟုတ်ဘူး။ ဒီက အာခြောက်အောင် ပြော၊ ခြေတိုအောင်သွား၊ မျက်စိပြူးအောင် ရှာဖွေ လှန်းလို့ ထမင်းစားနေရတာ။ ကဲ ... ပစ္စည်းထုပ် လိုက်တော့မယ်နော်။

ဒေါ်လှလေးစိန် – (စိတ်မပါလေသည့် ဟန်ဖြင့်ပြော) အင်း ... အေးလေ၊ စန်းက ဒီလောက်ဆိုက်တွန်းနေမှတော့

www.burmeseclassic.com

www.burmeseclassic.com



ယူထားရမှာပေါ့။ ငွေကိုတော့ ချက်နဲ့ပဲချေပေးမယ် နော်။ (ပြောပြောဆိုဆိုနှင့် လက်ဆွဲအိတ်လှမ်းယူ၍ ဖင့်ဖွင့်၊ ချက်စာအုပ်ထုတ်၊ ငွေသားရေးသွင်း၍ လက်မှတ်ထိုး ပြီး စာတစ်ရွက်ဖြဲလျက် မာန်ပါပါ နှင့် လှမ်းပေး။ ထိုစဉ် ဒေါ်စန်းယုခင်သား အောင်ကျော်လင်း အခန်းတွင်းဝင်လာ၍ ချက် အပေးအယူလုပ်နေသည်ကို တွေ့တော့ ကျေနပ် သည့်အပြုံး ပြုံးလျက်ပြော)

အောင်ကျော်လင်း - ဟော ... မေမေနဲ့အန်တီ အရောင်းအဝယ်ဖြစ်တယ် ပေါ့။ ဒါဆို သားကို အော်ဖန်ပေးရမယ်။

ဒေါ်စန်းယုခင် - (ချက်လက်မှတ်ကို ကမန်းကတမ်းသိမ်းလျက်) ဘယ်ကလာ ဖြစ်ရမှာလဲကွယ် ... ငွေမလည်လို့ ဟောဒီ မင်းအန်တီဆီက ငွေလှည့်တာပါ။

အောင်ကျော်လင်း - မေမေမညာနဲ့ သားရောက်နေတာကြာပြီ။ အမေ တို့ပြောဆိုနေတာတွေ အကုန်ကြားပြီးသား။ အန်တီ ဟုတ်တယ်မဟုတ်လား။

ဒေါ်လှလေးစိန် - (ဝယ်ထားပြီးသည့်ပစ္စည်းက စားပွဲပေါ်မှာပဲရှိသေး ၍ လက်ဆုပ်လက်ကိုင်တွေ့ထားသဖြင့် မုသား မဆိုသာဟန်ဖြင့် တိုးတိုးညင်းညင်းရယ်လိုက်) ကဲပါ စန်းရယ် ကိုယ့်သားက ဝမ်းသာလို့မုန့်ဖိုး တောင်းတာပဲဟာ ပေးလိုက်ပေါ့။

အောင်ကျော်လင်း - ဟေး ... ဒါပဲ ဒါပဲ။ မုန့်ဖိုးမဟုတ်ဘူးနော် ... ဒီလောက် ဒီလောက် (လက်ဝါးချောင်းထောင်လျက် မိခင် မျက်နှာနားကပ်ပြ)

ဒေါ်စန်းယုခင် - ငါးသောင်း အမယ်လေးသားရယ် ... အမေ့အမြတ်

www.burmeseclassic.com

www.burmeseclassic.com



ရတာက တစ်ပဲခြောက်ပြား။ မင်းက ငါးသောင်း တောင်ဆိုတော့ မများဘူးလား။ နေပါဦး ... မနက်ကပဲ တစ်သောင်းပေးလိုက်ပြီး အဲ့ဒါ ကုန်ပြီ လား။

အောင်ကျော်လင်း - မေမေကလဲဗျာ ... သားမှာက သူငယ်ချင်း၊ အပေါင်းအသင်း များတာသိသားနဲ့။ ဒီခေတ်မှာ ငွေတစ်သောင်း က ဘာသုံးရတာမှတ်လို့

ဒေါ်စန်းယုခင် - တဲ့ ... သုံးတဲ့လူက ဘာမှမဟုတ်သေးမယ့် ရှာရတာ လွယ်မှတ်လား ... တော်ပြီ တစ်သောင်းပဲရမယ်။ ယူချင်ယူ မယူချင်နေ။

အောင်ကျော်လင်း - တစ်သောင်းတော့မရဘူးမေမေရာ ... ဒီပွဲညီ အမေဘယ်လောက်အမြတ်ရမယ်ဆိုတာ သား သိတယ်။

ဒေါ်စန်းယုခင် - (မျက်စိမျက်နှာပျက်၊ ပျာပျာသလဲအမူအရာဖြင့်) တဲ့ ... ငါက ဘယ်လောက်တင်လို့ ဘယ်လောက် မြတ်ရမှာလဲ။ တော်ပြီ သွားတော့။ မင်းပြောတဲ့ငွေ ပေးမယ်။

(အောင်ကျော်လင်းက အောင်နိုင်သူဟန်ဖြင့် အားပါးတရရယ်လျက်ထွက်။ ဒေါ်စန်းယုခင်က မကျေမနပ်ဒေါသဖြစ်တန်ကျန်ရစ်၊ ဒေါ်လှလေးစိန်က သဘောကျဟန်ပြုံးနေစဉ် တီးဝိုင်းမှ အခန်းဆဉ်ပြောင်းတီးလုံးတီး။ ပြည်ဖုံး ကန့်လန့်ကာကြီးတစ်လိပ် ကျလာစေ။)

www.burmeseclassic.com

www.burmeseclassic.com

## (ပြကွက်–ခုနစ်)

| | | |
|---|---|---|
| နေရာ | – | ကျောင်းဝင်း မြက်ခင်းပြင်။ |
| အချိန် | – | ခေတ္တကျောင်းဆင်းချိန်။ |
| အခင်းအကျင်း | – | စာသင်ကျောင်းသင်္ကေတ ရေးခြယ်ထားသည့် နောက်ခံပန်းချီကားချပ်။ ကခွင်ရှေ့ ဘယ်အစွန်တွင် သစ်ပင်တစ်ပင်၊ နားနေရန် တန်းလျားသင်္ကေတ ရေးခြယ်ထားသည့် ကားတစ်ချပ်။ |
| မီး | – | ခွင်ပြည့်မီးဖြန့်ထား။ လိုအပ်လျှင် နောက်ရုပ်များအား ဆလိုက်မီးဖြင့် ကွက်ထိုး။ |
| အသံ | – | အသံသွင်းခွေဖြင့် အသင့်ကူးယူထားသော ကျောင်းသူ/သားများ ပျော်ရွှင်စွာ စကားပြောဆို နေသံကို တိုးညင်းစွာ နောက်ခံဖွင့်ပေးထား။ ကခွင် တစ်လုံး နေရာအနှံ့မှ ပြောဆိုသံကြားရအောင် အသံ ဖမ်းများတပ်ဆင်ထား။ |
| ဇာတ်ဝင်ပစ္စည်း | – | ရာဘာကွင်း။ ခြင်းလုံး။ ဘော်လီဘော စသည့် အားကစားပစ္စည်းများ။ |
| အဝတ်အစား | – | ကျောင်းဝတ်စုံ။ |
| ဇာတ်ညွှန်း | – | ပြကွက်ပြောင်းတီးလုံးဆုံးသည်နှင့် တို့ကျောင်းသား သီချင်းကို နောက်ခံတိုးညင်းစွာတီး။ ကျောင်းတော် |



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ရိပ်တွင် ခင်လေးချစ်နှင့် မြမြသွင်ထိုင်နေ။ ကျောင်းသားတချို့ အရိပ်ရပင်အောက်တွင် စာဖတ်သူဖတ်၊ တွေ့ရာလေးပါး ပြောနေသူပြော၊ တချို့ ရာဘာကွင်းပစ်နေသူ ပစ်နေ။ ခြင်းလုံး၊ ဘော်လီဘောကစားသူ ကစားနေဝေ။

မြမြသွင် - ခင်လေးချစ် ... ခင်လေးချစ် ... တဲ့ ... ခင်လေးချစ်။ (ပုတ်လျက်ပြော) ကြည့်စမ်း။ အနားကပ်ထိုင်ခေါ် နေတာ မကြားနိုင်အောင် ဘာအတွေးခေါ်နေ တာလဲ။ နင့်ကြည့်ရတာ ငိုင်တိုင်တိုင်နဲ့။

ခင်လေးချစ် - ဟင် ... အေး ... အင်း ... နင်ခေါ်နေတာတော့ နားထဲကြားနေသလိုပဲ။

မြမြသွင် - အံ့ရောဟယ် ... နင်တစ်ခုခုဖြစ်နေလား။ ဘာလဲ အိမ်နဲ့စိတ်ကောက်လာပြန်ပလား။

ခင်လေးချစ် - မကောက်ပါဘူးဟယ်။ ငါ့အိမ်က ငါ့အပေါ်ကောင်း ကြပါတယ်။ အမေကဆို ဘာတစ်ခုမှ အငြိုငြင် မခံဘူး။

မြမြသွင် - ဪဖြင့် ဆရာမကဆူလို့လား။ ဘယ်ဆရာကမှ ဆူတာငေါက်တာလည်း မတွေ့ပါဘူး။ တန်တော့ နင်အပူမိနေပြီ။ ဟုတ်တယ်လား။

ခင်လေးချစ် - (သက်ပြင်းချ) အင်း ... အပူမိတာလည်းမဟုတ် ပါဘူး။ အေးလေ ပူစရာတော့ရှိတာပေါ့။

မြမြသွင် - (အံ့သြဟန်ဖြင့် ကြည့်) ပူစရာရှိတယ်။ နင့်ဘဝမှာ ဘာများပူပင်စရာရှိနေသေးလဲဟာ။ အိမ်စီးပွားရေး ကလည်းကောင်းတယ်။ ကိုယ့်ပညာရေးအတွက် လည်း အဘက်ဘက်က ပြည့်ဆည်းပေးနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခင်လေးချစ် - အေး ... အဲလိုပြည့်စုံသည်းပေးနေတာကြောင့် ပိုပြီးစိတ်ပူတာပေါ့ မြမြသွင်ရယ်။ ခုတလော ဖုံ့ဖုံ့ကြည့်နည်းနေသလိုပဲ။ တဘယ်လောက်ကျက်ကျက်ကျက်မရဘူး။ စိတ်ထဲကလည်း မကြည်လင်သလိုပဲ။ လူကလည်း ဘာမှလုပ်ချင်ကိုင်ချင်စိတ်မရှိဘူး။

မြမြသွင် - (ဝဲ့စားတော်မူပြီ) ဟုတ်လား။ အဲဒီ တစ်ခုခုပဲ။ နင်ခေါင်းထဲမကြည်မလင်နေတာနေမှာ။

ခင်လေးချစ် - အင်း။

မြမြသွင် - အဲဒီမှယူရဲ့ နင့်စိတ်ကြည်လင်လာအောင်၊ ထုံထိုင်းလေးလံနေတဲ့စိတ် ပေ့ါပါးသွားအောင် ဝါးစားနေတဲ့ဆေးပေးမယ်။ (မြမြသွင်က သူစားတွင်ရှာသားသော လွယ်အိတ်လှမ်းယူ။ လွယ်အိတ်ထဲက ကွမ်းယာဘူးထုတ်နေစဉ် ယဉ်ယဉ်နုနှင့် အေးမွှန်တို့ သုတ်ဖိဝင်ရောက်လာ)

ယဉ်ယဉ်နု - တောဒီနှစ်ယောက်က ဒီမှာလာခွေနေတာကိုး။ တို့က မှန်ရောတန်းဘက်လိုက်ရှာနေတာ။ ဘဲ ... ပြောစမ်း ဘာလုပ်နေကြလဲ။

မြမြသွင် - နင်တို့က ကိုယ့်ရုယ်ချင်း ဘာဖြစ်နေလဲဖြစ်နေမှန်း မသိဘူး။ (ဝင်လာသူနှစ်ဦးအား အမြင်တင်လေသံနှင့်ပြောပြီး မျက်စောင်းထိုး)

ယဉ်ယဉ်နု - ခင်လေးချစ်က ဘာဖြစ်လို့လဲ။

မြမြသွင် - ဘာဖြစ်ရမလဲ၊ စိတ်မကြည်လင်ဘူးတဲ့၊ လူတစ်ကိုယ်လုံး ထုံထုံထိုင်းထိုင်းဖြစ်နေတယ်တဲ့။

ဝေအမျှ - ဟုတ်လား ခင်လေးချစ်၊ ဘာလဲ နေမကောင်းလို့လား။ နေမကောင်းရင်လဲ ဆရာမကြွင့်တို့ပြမ်း အိမ်မှာဆေးရှာပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခင်လေးချစ် - ဒီလိုလဲ မဟုတ်ဘူး။

အေးမွန် - အင်း ... ဒီလိုမဟုတ်ဘူး။ အဖြင့် ဘယ်လိုဖြစ်နေလဲ။ ရင်ထဲ ဂလိုင်းဂလန်ဖြစ်နေတာလား။ အန်ချင်လို့လား။ အန်ချင်နေရင် ဇါကျောထုပေးရမလား။ (ကျောကို လက်သီးနှင့် ထုဟန်ဖြင့်)

မြမြသွင် - ဟယ် ... ဒီတစ်ယောက်က ဘာမှန်းညာမှန်းမသိဘဲ စွပ်ပြောနေပြန်ပြီ။ ခင်လေးချစ်က စိတ်မကြည်မလင်ဖြစ်နေတာတဲ့။ အဲ့ဒါ သူစိတ်ကြည်လင်အောင် ဇါဆေးပေးမလို့။ ရော့ ဒါတစ်လုံးသောက်။ နင့်ရောဂါ ဆရာဇီဝကနဲ့တွေ့သလို ပျောက်စေရမယ်။ (ဆေးလုံးလက်ထဲထည့်ပေး။ ခင်လေးချစ်က ဆေးလုံးကြည့်ပြီး ငိုင်နေ)

ခင်လေးချစ် - နင့်ဟာက ဘာဆေးလဲ။

မြမြသွင် - ဘာဆေးဖြစ်ဖြစ်ပေါ့ဟာ။ သောက်လို့ပျောက်ရင် ပြီးရောပေါ့။

ယဉ်ယဉ်နု - နင်ကဘာမို့ ဆေးပေးတာလဲ။ ဟိုကဘာဖြစ်နေလို့ ဖြစ်နေမှန်းမသိ၊ ရမ်းကုမနေနဲ့ မရမ်းကု။

မြမြသွင် - အောင်မာ ... ဒီဆေးက ဝံ့လက်စွဲဆေး။ စိတ်ညစ်လို့သောက်ရင် အညစ်တွေပြေ ... အပျော်တွေရောက်ရော။ ခေါင်းရှုပ်နေရင် ဒါသောက်တယ်၊ ရှုပ်နေတာတွေ ရှင်းသွားရော။

ခင်လေးချစ် - အဟုတ်လား။ (အံ့ဩဟန်ဖြင့် ဆေးလုံးကောက်ယူကြည့်နေ)

မြမြသွင် - သောက်ကြည့်ပါဆို။ တစ်လုံးစမ်းသောက်ကြည့်ရင် လက်တွေ့သိသွားမယ်။ ဒီမယ်ခင်လေးချစ် ...

www.burmeseclassic.com

ဒီဆေးက လွယ်လွယ်ရတာ မဟုတ်ဘူးနော်။ ငါ့အစ်ကို သင်္ဘောသားပေးလို့ရတာ။ အစ်ကိုကတော့ တစ်ခါပဲပေးတာပေါ့။ နောက်တော့ ငါ့ဘာသာဝယ်သောက်ရတာပေါ့ဟာ။ အေး ... ငါလည်း ဒီတစ်ကြိမ်ပဲပေးမှာ။ ထပ်သောက်ချင်ရင် ဝယ်သောက်။

ယဉ်ယဉ်နု - ပြစမ်းပါဦး။ ဘာဆေးမို့ ဒီလောက်ညွှန်းနေတာလဲ။ (ယဉ်ယဉ်နုက ခင်လေးချစ်လက်ထဲက ဆေးလုံး ယူကြည့်။ အေးမွှန်ကလည်း စူးစမ်းဟန်ဖြင့်ကြည့်)

အေးမွှန် - တံဆိပ်က (ဇူဇူ) နိုင်းနိုင်းလို့ရေးထားတယ်နော်။

မြမြသွင် - အေး ... နိုင်းနိုင်းဖြစ်ဖြစ်၊ ရိဝေယံဖြစ်ဖြစ်။ စိုင်းစိုင်းခမ်းလှိုင်ပဲဖြစ်ဖြစ် စိတ်ပျော်အောင်ဖန်တီးပေးတာတော့အမှန်ပဲ။ ဒီမယ်အေးမွှန်၊ နင် ... နိုင်းနိုင်း မကြိုက်ဘူးလား။

အေးမွှန် - ဘာဆိုင်လို့လဲ။

မြမြသွင် - ဟဲ့ ... နိုင်းနိုင်းသရုပ်ဆောင်တာ သဘောမကျဘူးလားလို့မေးတာ ကောင်မစုတ်ရဲ့။ တို့ကတော့ သူ့ဥပဓိရုပ်ရော၊ သူ့အိုက်တင်ရော သဘောကျမှကျ။

အေးမွှန် - နင်သဘောမကျတာဘာရှိလဲ။ ကုလားကို လံကွတ်တီရှပ်၊ ဘောင်းဘီစမတ်ကျကျဝတ်ပေးပြီး နင့်ရှေ့လာသရုပ်ဆောင်ပြရင်တောင် ကြိုက်မယ့်ဟာ။

မြမြသွင် - တို့က လှရင်ကြိုက်ပြီးသား။

ယဉ်ယဉ်နု - ဝက်ပုတ်မ။

မြမြသွင် - ဝက်ပုတ်မ လုပ်မနေနဲ့။ ဟဲ့ ... ခင်လေးချစ်။ သောက်လိုက်လေ။ နင့်စိတ်တွေကြည်လင်သွား

www.burmeseclassic.com

www.burmeseclassic.com



အောင် ဒီဆေးလေးစားလိုက်။ ဟဲ့ ... အေးမွန်၊ ဟိုးရေအိုးစင်က ရေတစ်ခွက်သွားခပ်ပေးလိုက်စမ်းပါဟယ်။ (ထိုစဉ် ကျောင်းတက်ခေါင်းလောင်းသံထွက်ပေါ်လာ)

ခင်လေးချစ် - နေပစေ အေးမွန်၊ စာသင်ခန်းထဲရောက်မှ ရေသောက်လိုက်မယ်။

မြမြသွင် - အေး ... ကောင်းတယ်ကောင်းတယ်။ သောက်ချလိုက်။ တစ်လုံးသောက်ရင် အမြှုံးရောက်လာစေရမယ်။ နှစ်လုံးသောက်တော့ မုန်းလောက်အောင်ရယ်လာစေရမယ်။ သုံးလုံးသောက်ကြည့်ပါလား။

ယဉ်ယဉ်နု - ဘာဖြစ်မလဲ။

မြမြသွင် - သုံးလုံးသောက်တော့ ဘုန်းဘုန်းရောက် ... အဲဟုတ်ပါဘူး။ အဟိဟိ ... လုံးလုံးပျောက်သွားစေ့မယ်။

(အားလုံးသဘောကျဟန်ဖြင့်ရယ်၊ ခင်လေးချစ်က လက်ထဲကဆေးလုံးကိုမော့သောက်လိုက်ဟန်၊ ပြည်ဖုံးကားလိပ်ချ။)

အခန်းပြောင်းတီးကွက်ဝင်။

www.burmeseclassic.com

www.burmeseclassic.com

## (ပြကွက်–ရှစ်)

| | | |
|---|---|---|
| နေရာ | – | ဦးဘကောင်းအိမ် ဧည့်ခန်း။ |
| အချိန် | – | တနင်္ဂနွေနေ့၊ ရုံးပိတ်ရက် နံနက်ခင်း။ |
| မီး | – | ကခွင်၏ ဘက်ပေါင်းစုံမှ အသံကြားနိုင်အောင် စကားပြောခွက်များတပ်ဆင်ထား။ |
| ဇာတ်ဝင်ပစ္စည်း | – | သာမန်ဝတ်စုံ၊ သတင်းစာ၊ စာအုပ်စာတမ်း၊ ဓာတ်ဘူးများ။ |
| ဇာတ်ညွှန်း | – | ဇာတ်ဖွင့်တီးလုံးဆုံးသည်နှင့် "သီရိဂေဟာ" သီချင်းကို နောက်ခံတိုးညင်းစွာ တီးခတ်ပေးထား။ ဦးဘကောင်းက ပက်လက်ကုလားထိုင်ပေါ်တွင် သတင်းစာကြည့်နေ။ ခဏအကြာတွင် ကခွင်နောက်ပိုင်း၊ ညာထောင့်အတွင်းမှ ဒေါ်စန်းယုခင် ကော်ဖီပန်းကန်တင်ထားသည့် ဗန်းတစ်ခုကိုင်ထွက်လာ။ ဦးဘကောင်းအနီးရှိ ခုံပေါ်တွင် ဗန်းကိုတင်ထားလိုက်ပြီး မလှမ်းမကမ်းရှိ ကုလားထိုင်ပေါ် သွားထိုင်၊ စားပွဲပေါ်ရှိပစ္စည်းများ အကြောင်းမဲ့ဟိုရွှေ့ဒီရွှေ့လုပ်ရင်း ဦးဘကောင်းဆီလှည့်ကြည့်။ ဦးဘကောင်းက သတင်းစာကို သဲသဲမဲမဲကြည့်နေ။ ဒေါ်စန်းယုခင်က မျက်မှန်ကုတ်လျက် တစ်ချက် |



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး တစ်ဖက်ပြန်လှည့်။ စိတ်မရှည် သဘော မကျဟန်ဖြင့် စားပွဲပေါ်က ပန်းအိုးကို မ ပြီး ဆောင့်ချ။ ဒုန်းခနဲအသံကြောင့် ဦးဘကောင်းက သတင်းစာမှ မျက်နှာလွှဲပြီး မျက်မှန်ထက်က ကျော်ကြည့်)

ဦးဘကောင်း – ဘာဖြစ်တာလဲ၊ တဒုန်းဒုန်း တဒိုင်းဒိုင်းနဲ့။

ဒေါ်စန်းယုခင် – ဘာဖြစ်ရမလဲ၊ ရှင်က ဘာတစ်ခုမှ အပူအပင်မရှိဘူး။ အချိန်မှန်ရုံးတက်၊ အိမ်က ချက်ပြုတ်ခူးခပ်ကျွေးတာ အသင့်စား။ အားတော့ စာဖတ်၊ ဒါပဲ ရှင့်အလုပ်။ သားမယားအတွက် ပူပင်ရမှန်းမသိဘူး။

ဦးဘကောင်း – အလို ... ပြဿနာဘယ်ကပေါ်လာတာလဲ ဒေါ်စန်းယုခင်။

ဒေါ်စန်းယုခင် – ရှင် စကားကို ပေါ့ပျက်ပျက်မပြောနဲ့၊ ဒီက အလေးအနက်ပြောနေတာ။ အိမ်မှာဘာဖြစ်နေတယ်ဆိုတာ ရှင်သိလား။

(ဦးဘကောင်းက သတင်းစာကို စာတင်ခုံပေါ်လှမ်းတင်ပြီး အိမ်ကို လှည့်ပတ်ကြည့်ဟန်ပြု)

ဦးဘကောင်း – ကျုပ်အိမ်ဘာဖြစ်နေလို့လဲ။ တလောကလှုပ်တဲ့ လျှင်ဒဏ်ကြောင့် ယိုင်သွားလို့လား ... ဒါမှမဟုတ် အိမ်တိုင်တွေ ခြစ်ခြဲနေလို့လား။ ကျုပ်ကြည့်ရတာ တော့ ကျုပ်အိမ်မှာ ဘာအနာအဆာမှ မရှိပါဘူး။

ဒေါ်စန်းယုခင် – ဟုတ်တယ်။ အိမ်ကတော့ ဘာမှမဖြစ်ဘူး။ ဖြစ်နေတာက ရှင့်သမီး။

ဦးဘကောင်း – ဘာ ... ကျုပ်သမီး၊ သမီး ခင်လေးချစ် ဘာဖြစ်နေလို့လဲ။ စောစောကတောင် ဧည့်ကြည့်ခန်းထဲမှာ

www.burmeseclassic.com



တထိုင်ကြည့်နေတာ ကျုပ်မြင်ခဲ့သားပဲ၊ ဘာလဲ ဒေါ်စန်းယုခင် ... ကျုပ်သမီးက ရည်းစားသနာ ထားနေပြီ။ ကျောင်းနေတုန်း ဟိုကိစ္စ ဒီကိစ္စတွေ ဘက် အာရုံရောက်နေပြီလို့ ခင်ဗျားပြောချင်တာလား။ ဒီလိုတော့ မဟုတ်မတရားမပြောနဲ့ ဒေါ်စန်းယုခင်၊ ကလေးက စာကိုပဲစိတ်ဝင်စားတာ ကျုပ်သိပါတယ်။

ဒေါ်စန်းယုခင် – ရှင်ပြောချင်တာတွေ၊ ထင်မြင်တာတွေ စွပ်ပြော မနေနဲ့၊ ရှင့်သမီး ဘာဖြစ်နေတယ်ဆိုတာ ရှင်သိလား။

ဦးဘကောင်း – ဘာဖြစ်နေလို့လဲ၊ ကျုပ်ကတော့ ဘာမှမဖြစ်ဘူး ထင်တာပဲ။ အေးလေ ... သမီးက ခင်ဗျားနဲ့ လက်ပွန်းတတီးနေတော့ သမီးကိစ္စ ခင်ဗျားပဲ သိမှာပေါ့။ ခင်ဗျားပြောမှ ကျုပ်သိမှာပေါ့။

ဒေါ်စန်းယုခင် – ဘာဖြစ်မှန်းမသိလို့ ရှင့်ကိုပြောနေရတာပေါ့။

ဦးဘကောင်း – ဟောဗျာ။ (နဖူးကိုလက်နှင့် ရိုက်၍ စိတ်ပျက်သည့် အမူအရာနှင့် ပက်လက်ကုလားထိုင်ပေါ်လှန်ချ)

ဒေါ်စန်းယုခင် – ဟုတ်တယ်၊ သမီးဘာဖြစ်နေမှန်းမသိဘူး။ ကျွန်မ တို့သမီးဟာ အရင်တုန်းက ပျော်ပျော်ရွှင်ရွှင်၊ သွက်သွက်လက်လက်နဲ့။ အမေဘာလိုချင်တယ် ... ဘာလုပ်ချင်တယ် ... ဘယ်ဘာသာအားနည်းလို့ ဘယ် ဆရာနဲ့ အိမ်ခေါ်သင်ချင်တယ်။ ဘာဖြစ်တယ် ညာ ဖြစ်တယ်နဲ့ ပူဆာတတ်တာလွန်ရော။

ဦးဘကောင်း – အမယ်လေးဗျာ ... ကျုပ်က ထိတ်လန့်စရာအဖြစ် များကြုံလို့လား အောက်မေ့တယ်။ သူက မပူဆာ တာ မလိုအပ်လို့နေမှာပေါ့။

www.burmeseclassic.com



ဒေါ်စန်းယုခင် – ခု ဘာစကားမှမပြောဘူး။

ဦးဘကောင်း – အိမ့်ချားဗျား၊ မလိုအပ်လို့ မပြောတာဖြစ်မှာပေါ့။ အဲ ... တစ်ခုတော့ရှိတယ်။ ခင်ဗျားသမီး ကျန်းမာရေးကောင်းရဲ့လား။ တချို့ကိစ္စတွေက ခင်ဗျားတို့မိန်းမသားချင်းသာ သိနိုင်တဲ့ကိစ္စ။ သွေးလေမမှန်လို့များလား။ (မျက်မှောင်ကုတ်လျက် တွေးလေဟန်ဖြင့်ပြော)

ဒေါ်စန်းယုခင် – အဲ့ဒါတွေ ဘာမှမဟုတ်ပါဘူး။ အနေအထိုင် မှုမမှန်တာကလွဲပြီး ကျန်တာအားလုံးကောင်းတယ်။ ခုဖြစ်နေတာက တစ်ချိန်လုံး စာကြည့်စားပွဲမှာ ထိုင်ပိုင်နေတယ်။ ဘေးကကြည့်ရင်တော့ စာကြည့်နေပုံပဲ။ အမှန်တော့ စာထဲစိတ်ဝင်စားတဲ့သဘောမရှိဘူး။ အိမ်လာတဲ့ သူ့ဆရာမကလည်းပြောတယ်။ ခင်လေးချစ်က သင်နေရင်း သင်နေရင်း ပိုပိုညံ့လာသလိုပဲတဲ့။ သင်ပြတာကို စိတ်ဝင်စားသလို စိတ်မဝင်စားသလို ဘယ်လိုပြောရမှန်းမသိဘူးတဲ့။

ဦးဘကောင်း – ဟုတ်လား ... ဒါ ဘာဖြစ်တာလဲ။

(ထိုစဉ် ကားလိပ်ကြားမှ ဆရာ ... ဆရာဟု ခေါ်သံကြား၍ ဦးဘကောင်းလှည့်ကြည့်။ ဘယ်သူလဲဟေ့ ဝင်ခဲ့လေ၊ တံခါးဖွင့်ထားတယ်ဟုပြောပြီး ပက်လက်ကုလားထိုင်ကထ။ ဧည့်ခန်းဆက်တီစားပွဲတွင် ဒေါ်စန်းယုခင်နှင့် ယှဉ်ထိုင်လိုက်ပြီး ဝင်လာမည့်သူ ဘယ်သူလဲဟူသော အမူအရာနှင့် စောင့်ကြည့်နေ။ ကားကြားမှ ရေးကြီးမောင်ကျော်နှင့် မောင်ဆင့် ရိုရိုကျိုးကျိုးအမူအရာဖြင့် ဝင်လာ။)

www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ဘယ်သူတွေများလဲလို့၊ ကိုကျော်နဲ့ မောင်ဆင့်ကိုး။ လာလာ ... ထိုင်ကြ၊ ထိုင်ကြ၊ ဘယ်ကလှည့်လာကြလဲ။

(စာရေးကြီးမောင်ကျော်နှင့် မောင်ဆင့် ဆက်တီတွင်ဝင်ထိုင်ပြီး အကဲခတ်သည့်မျက်လုံးဖြင့် ဝေ့ဝဲကြည့်)

စာရေးကြီးမောင်ကျော် – ဆရာ့ဆီပဲ သက်သက်လာခဲ့တာပါ။

ဦးဘကောင်း – ဩော် ... အင်း ပြောပါဦး။ ဘာအကူအညီလိုလဲ၊ လိုအပ်တဲ့အကူအညီပြောပါ။ ကျုပ်က ရုံးမှာဆုမိပေမယ့် စိတ်တော့မကောင်းပါဘူး။ စည်းကမ်းတကျဖြစ်စေချင်လို့ရယ် ... ခင်ဗျားအပေါ် စေတနာထားတာရယ်ကြောင့် ဆူတာပါ။ စိတ်မရှိနဲ့ မောင်ကျော်။

စာရေးကြီးမောင်ကျော် – စိတ်မရှိပါဘူး ဆရာ။ ဆရာက ကျွန်တော့်အပေါ် စေတနာထားပြီးပြောမှန်းသိပါတယ်။ ဒီအတွက်လည်း ကျေးဇူးတင်ပါတယ်၊ ဒီကျေးဇူးပြန်ဆပ်ချင်လို့ ခု လာခဲ့တာပါဆရာ။

ဦးဘကောင်း – ဘယ်လို ... ဘယ်လို၊ ကျေးဇူးပြန်ဆပ်ချင်လို့ ဟုတ်လား။ ကျုပ်က ဘာကျေးဇူးတွေများ ထူးထူးခြားခြားပြုလို့လဲ။ ခင်ဗျားပြောတာ ကျွန်တော်နားမလည်ဘူး။ ဘာကို ဘယ်လို ...

စာရေးကြီးမောင်ကျော် – (အိမ်တွင်း အကဲခတ်ဟန်ကြည့်လျက်) ဆရာ့သား အောင်ကျော်လင်းရှိလားဆရာ။

ဦးဘကောင်း – အောင်ကျော်လင်း၊ သူဘာဖြစ်လို့လဲ၊ အောင်ကျော်တို့ကို ဘာဒုက္ခလာပေးလဲ။

ဒေါ်စန်းယုခင် – ဟင် ... သားက ဘာလုပ်လို့ ကိုမောင်ကျော်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးကြီးမောင်ကျော် – (ခေါင်းကို ဖြည်းညင်းစွာခါလျက် အားတုံ့အားနာဟန်ဖြင့်) ဟာ … ဆရာ့သား ကျွန်တော်တို့ကို ဘာမှဒုက္ခမပေးပါဘူး။ ဒီလိုဆရာရယ် … ဆရာက ကျွန်တော်ဆေးလိပ်သောက်တာနဲ့ပတ်သက်ပြီး ဆုံးမခဲ့တယ်မဟုတ်လား။

ဦးဘကောင်း – ဟုတ်တယ်လေ … ဆေးလိပ်တွေသောက်တာ ငွေကုန်တယ်၊ ကျန်းမာရေးထိခိုက်တယ်။ ဒါကြောင့် ရှောင်ကြဉ်သင့်တယ်လို့ပြောခဲ့တယ်။ အဲ … ကျုပ်ကတော့ စေတနာနဲ့ပါ။ တစ်သက်လုံးသောက်လာတာကြောင့် စွဲလမ်းနေပြီး ဖြတ်လို့မရတော့ဘူးဆိုလည်း မောင်ကျော်သဘောပါ။

စာရေးကြီးမောင်ကျော် – ဟုတ်ကဲ့ဆရာ၊ ဆရာဆုံးမလို့ ဆေးလိပ်မသောက်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။

ဦးဘကောင်း – ဗြော် … ဟုတ်လား။ သာဓုဗျာ သာဓု။ မကောင်းမှန်းသိလို့ဖြတ်တယ်ဆိုတာ ချီးကျူးပါတယ်။

စာရေးကြီးမောင်ကျော် – ဒီ့အတွက် လက်တွေ့အကျိုးက ငွေမကုန်တော့တာပဲဆရာ။ ပြီးတော့ ဆေးလိပ်အတွက် ဝတ္တရားပိုတာတွေလည်း လျော့သွားတယ်။ ဒါကြောင့် ဆရာ့ကို ကျေးဇူးတင်နေမိပါတယ်။ ဒီကျေးဇူးပြန်ဆပ်ဖို့ ဒီနေ့ဆုံးဖြတ်ပြီး ဆရာ့ဆီလာခဲ့တာ။ ဆရာ … စကားအမှားပါရင် ခွင့်လွှတ်နော်။ (စိုးရိမ်သည့်အသွင်ဖြင့် ခပ်တိုးတိုးပြောပြီး ဒေါ်စန်းယုခင်ဘက်လှည့်ကြည့်)

ဦးဘကောင်း – ဟာ … ဒီလောက်တောင်းပန်နေရအောင်လူတွေမဟုတ်တာဘဲဗျာ။

စာရေးကြီးမောင်ကျော် – အစ်မကလည်း ခွင့်လွှတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန်းယုခင် - ဘာစကားမို့ ဒီလောက်တောင်းပန်နေရတာလဲ။ ကိုမောင်ကျော် ပြောချင်တာ လွတ်လွတ်လပ်လပ် သာပြောပါ။

စာရေးကြီးမောင်ကျော် - (အကဲခတ်သည့်ဟန်ဖြင့်ကြည့်။ ကိုယ်ကို ရှေ့သို့ ကိုင်းညွတ်လိုက်ပြီး တီးတိုးလေသံနှင့်ပြော) ဆရာ့သား အောင်ကျော်လင်း ဆေးစွဲနေတယ်ဆရာ။

ဦးဘကောင်း - ဗျာ။

ဒေါ်စန်းယုခင် - ရှင်။

(လင်မယားနှစ်ယောက် အထိတ်တလန့်အမူအရာဖြင့် ရေရွတ်ပြီး အံ့သြဟန်ဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်)

စာရေးကြီးမောင်ကျော် - ဒီစကား မောင်ဆင့်ဆီက သိရတာဆရာ။ မောင်ဆင့် သူငယ်ချင်း မောင်ဖြိုးဝေဆိုတာ ဆရာ့သားရဲ့ သူငယ်ချင်း။ သူတို့ဆေးစွဲနေတာကို ဂဃနဏ သိတဲ့လူရှိတယ်ဆရာ။

ဦးဘကောင်း - ဘယ်သူသိတာလဲ။

စာရေးကြီးမောင်ကျော် - စုလတန်း မာမွတ်။

ဦးဘကောင်း - သူက ကျုပ်သားဆေးစွဲနေတာ ဘယ်လိုလုပ်သိလဲ။

စာရေးကြီးမောင်ကျော် - စုလတန်က မူးယစ်ဆေးရောင်းနေသူဆရာ။

ဦးဘကောင်း - ဟေ (နဖူးကို လက်နှင့်ရိုက်ပြီး ထိုင်ခုံပေါ် ပက်လက်လှန်ချလိုက်။)

ဒေါ်စန်းယုခင် - ဟယ် (ရင်ဘတ်ကို လက်နှင့်ဖိလျက် တုန်လှုပ်သည့်အမူအရာဖြင့် ထိုင်ချ)

ကန့်လန့်ကာ ဖြည်းဖြည်းကျ။ အခန်းပြောင်းတီးလုံးတီး။

www.burmeseclassic.com

www.burmeseclassic.com

(ပြကွက်–ကိုး)

နေရာ – ရဲစခန်းတစ်ခု၏ ရုံးခန်း။

အခမ်းအနား – ရဲစခန်းအသွင်အပြင် ရေးဆွဲထားသည့် တစ်ဝက်ထိုးကားကို ကခွင်နောက်ပိုင်း ညာအစွန်တွင် နေရာချထား။ ကခွင်အလယ်တည့်တည့်တွင် စခန်းမှူး စားပွဲနေရာယူထား။ နံရံတွင် နိုင်ငံတော်အလံကို ဒေါင်ကျက်လျက် သေသေသပ်သပ် ချိတ်ထား။ အလံတော်၏ တစ်ဖက်တစ်ချက်တွင် နိုင်ငံ့ခေါင်းဆောင်နှစ်ဦး၏ပုံကို ချိတ်ထား။ ယင်းအောက်တွင် ရဲတပ်ဖွဲ့ဝင်တို့၏ ဆောင်ပုဒ်၊ လုပ်ငန်းရည်မှန်းချက်၊ တာဝန်ဝတ္တရားတို့ကို ဘုတ်ပြားအဖြူပေါ်တွင် ဆေးအပြာဖြင့်ရေးထား။ လက်ဝဲဘက်နံရံတွင် နယ်မြေတွင်းဖြစ်ပွားသော ပြစ်မှုအခြေပြဇယား၊ မှုခင်းကျူးလွန်မှုဂရပ်ဖ် မြေပုံချိတ်ဆွဲထား။ စခန်းမှူး၏စားပွဲပေါ်တွင် ရဲအရာရှိဆောင်းဦးထုပ်၊ ဖိုင်တွဲများတင်ထား။

အသံ – ‘ကူညီပါရစေ’ သီချင်းကို အသံသွင်းကြိုးခွေမှ တိုးညင်းစွာထုတ်လွှင့်ပေး။ ကခွင်တစ်ခုလုံးမှ ပြောဆိုသံများကြားရအောင် အသံစမ်းခွက် တပ်ဆင်ထား။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ဝင်ပစ္စည်း - ရဲဝတ်စုံ။

ဇာတ်ညွှန်း - အခန်းပြောင်းတီးလုံးဆုံးသည်နှင့် ကားလိပ်ဖွင့်။ စခန်းမှူးက စားပွဲထက်တွင်ရှိသောဖိုင်တွဲများကို စိတ်ဝင်စားဟန်ဖြင့် ငုံ့ဖတ်။ ခဏအကြာတွင် လက်ဝဲဘက်တွင်ချထားသော လူခေါ်ဘဲလ်နှိပ်။ ရဲတပ်သားတစ်ဦးဝင်လာပြီး စားပွဲရှေ့ရပ်။ အလေးပြု။

စခန်းမှူးဦးသော် - မောင်တင်၊ နယ်ထိန်းတာဝန်ခံ ဆရာဦးမြင့်မောင် ခေါ်လိုက်စမ်း။

ရဲသားမောင်တင် - ဟုတ်ကဲ့ ဆရာ (အလေးပြုပြီး ထွက်သွား။ ခဏအကြာတွင် ဖျတ်လတ်သွက်လက်သည့် ရဲအရာရှိငယ်တစ်ဦး အခန်းထဲဝင်လာ၊ အလေးပြု)

ဦးမြင့်မောင် - ဆရာ၊ ကျွန်တော့်ကို ခေါ်တယ်ဆိုလို့။

စခန်းမှူးဦးသော် - ဪ ... ဟုတ်တယ်ဆရာမြင့်မောင်။ ထိုင်ဦးဗျာ၊ ဒီစာလေးတစ်စောင်ကို ဖတ်လိုက်ဦးမယ်။ အင်း ... ခုတလော ကျုပ်တို့သတင်းပေးတွေရဲ့ အစီရင်ခံစာတွေက ထူးခြားတယ်ဗျ။

ဦးမြင့်မောင် - ဟုတ်လားဆရာ၊ ဘာရီပို့ (Report) များ ရထားလို့လဲ။

စခန်းမှူးဦးသော် - (စာရွက်ကိုဖတ်၊ မှတ်ချက်ရေးပြီး စာထည့်အိတ်ထဲ ထည့်လိုက်။ ဘောလ်ပင်ကို စားပွဲပေါ်ချ၊ မျက်မှန်ကိုချွတ်ပြီး ဖိုင်တစ်ခုပေါ်တင်လျက် လက်ကိုင်ပဝါ ထုတ်ကာ မျက်နှာကို သုတ်။ ထို့နောက် ဆရာမြင့်မောင်ကိုကြည့်လျက် သက်ပြင်းဖွင့်ချ။) ဆရာမြင့်မောင် ... ကျွန်တော်တို့ ရဲလုပ်ဖွဲ့ဝင်တွေဟာ

www.burmeseclassic.com

www.burmeseclassic.com



မှုခင်းမဖြစ်အောင် တားဆီးဖို့ ဖြစ်လာရင် အမှုမှန် ဖော်ထုတ်နိုင်ဖို့ တရားခံအစစ်ကို ရုံးတင်အပြစ်ပေး နိုင်အောင် ကြိုးပမ်းရမယ်နော်။

ဦးမြင့်မောင် – မှန်ပါတယ်ဆရာ။

စခန်းမှူးဦးသော် – တရားဥပဒေရဲ့ဘက်တော်သားဆိုတော့ ပြည်သူ တွေ ဥပဒေဘောင်တွင်း အေးအေးချမ်းချမ်းနေနိုင် အောင် စောင့်ရှောက်ရမယ်။ ဒီနေရာမှာ မှုခင်းဖြစ် မှ လိုက်လံဖြေရှင်းပေးတာထက် မဖြစ်ခင် ကာကွယ် နိုင်ဖို့က အဓိကမဟုတ်လား။

ဦးမြင့်မောင် – မှန်ပါတယ်ဆရာ၊ အထက်ကညွှန်ကြားချက် အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင် အောင် ကျွန်တော်တို့ ကြိုးပမ်းလုပ်ဆောင်နေပါ တယ်။

ဦးသော် – အေးဗျာ၊ တပ်ဖွဲ့ဝင်တွေ ကြိုးပမ်းနေတာ ကျွန်တော် မြင်ပါတယ်။ အားလည်းရပါတယ်။ ဒါပေမဲ့ ဒီထက် ပိုကြိုးစားဖို့လိုလာတယ်။ ပြောရရင်တော့ ရဲတပ်ဖွဲ့ဝင် အင်အားနည်းတယ်။ တာဝန်ယူထားရတဲ့ ဧရိယာက ကျယ်ဝန်းတယ်။ နည်းနည်းနဲ့ ကျဲကျဲ ဝိုင်းရတော့ လစ်ဟာချက်ဆိုတာ ရှိမှာအမှန်ပဲ။

ဦးမြင့်မောင် – ဆရာလမ်းညွှန်ပါ။

ဦးသော် – (စောစောက ဖတ်ပြီးချထားသောစာရွက်ကို ကောက်ယူပေးပြီး စာဖတ်ကြည့်ပါဟူသော အဓိပ္ပာယ်နှင့် မေးဆတ်ပြ။ ဦးမြင့်မောင်က စာဖတ် ကြည့်)။ ဒီ ကျွန်တော်တို့ရဲ့ အထောက်တော်တွေ

www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့သတင်းပါ။ သတင်းအဆင့် (ခ) လို့ သတ်မှတ်နိုင်တာပေါ့။ ဖြစ်နိုင်ချေ ဆယ်ရာခိုင်နှုန်းရှိပါတယ်။

ဦးမြင့်မောင် - ဟုတ်ကဲ့ဆရာ ... ဒီသတင်းနဲ့ အလားတူသတင်း ကျွန်တော်လည်း ရထားပါတယ်။ ဒါပေမဲ့ ခိုင်မာမှု ရှိမရှိ စိစစ်နေလို့ ဆရာ့ကို မတင်ပြသေးတာပါ။

ဦးသော် - ဟုတ်လား ... ခင်ဗျားရထားတာ တင်ပြပါဦး။ သတင်းနှစ်ခု ဆက်စပ်ကြည့်ရင် ကြောင်းကျိုး ဆက်စပ်လို့ရနိုင်တာပေါ့။

ဦးမြင့်မောင် - စိတ်ကြွဆေးပြားရောင်းဝယ်မှုရှိတယ်။ ဒီဆေးပြားတွေဟာ လူငယ်ထုလက်ထဲ တဖြည်းဖြည်း စိမ့်ဝင်နေတယ်။ အထူးသဖြင့် ကျောင်းသားတွေလက်ထဲ ရောက်နေတယ်လို့ သိရပါတယ်။ ဘယ်အပေါက်ကဝင်တယ်၊ ဘယ်သူတွေ အရောင်းအဝယ်လုပ်တယ်ဆိုတာ ဆက်စပ်လိုက်နေပါတယ်။

ဦးသော် - ဒါဆို ကျုပ်တို့အတွက်တော်ပေးတဲ့သတင်းက ခိုင်မာတာပေါ့။ ကဲ ... ခင်ဗျားက ရဲဘော်နှစ်ယောက်ကိုရုပ်ဖျက်ပြီး သီးသန့်တာဝန်ပေး။ တစ်ယောက်က ရောင်းဝယ်သူကို ခြေရာခံ။ ဖြစ်နိုင်တာကတော့ ဈေးပိုင်းပဲ။ ဈေးသည်ကရောင်းမှ ဝယ်သူက ဝယ်နိုင်မှာကိုး။

ဦးမြင့်မောင် - မှန်ပါတယ်ဆရာ။

ဦးသော် - နောက်တစ်ယောက်က လူငယ်တွေကျက်စားတဲ့ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်၊ ဘား၊ ဗီဒီယိုရုံတွေမှာ အခုံခံပစေ။ ဖြစ်နိုင်ရင် အနီးကပ်ဝင်ရောင်းခိုင်းပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်မောင် - ဟုတ်ကဲ့။ ဒီလောက်ဆို ကျွန်တော်သဘောပေါက်ပါပြီ။

ဦးသော် - ဆရာမြင့်မောင်၊ ခင်ဗျားကိုယ်တိုင်လည်း ဒီကိစ္စအပေါ် အာရုံရှုးစိုက်လိုက်ဗျာ။ နေဦးဗျ၊ ဒီလိုလုပ်ဗျာ ... မှုးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းက ဒေါက်တာဘသောင်းနဲ့သွားတွေ့။ ဆရာကြီးက တကယ့်စိတ်ရင်းစေတနာကောင်းကောင်းနဲ့ ဒီအသင်းမှာဝင်လုပ်နေတာ။ သူ့ဆီက အဖိုးတန်အချက်အလက်တွေရနိုင်တယ်။

ဦးမြင့်မောင် - ဟုတ်ကဲ့ဆရာ။ ကျွန်တော် ဒီနေ့ပဲ အကောင်အထည်ဖော်ပါ့မယ်။

ဦးသော် - ကောင်းပြီ၊ ခင်ဗျားသွားတော့။ ဩော် ... အမှုလိုက်ရဲအရာရှိ ကိုတင်ဇော်ကိုလွှတ်လိုက်ပါဦး။ (ဆရာမြင့်မောင် အလေးပြုပြီးထွက်သွား။ စခန်းမှူးက မျက်မှန်ပြန်တပ်ပြီး ဖိုင်တွဲတစ်ခုယူကြည့်ဖို့လုပ်နေစဉ် ရဲအရာရှိငယ်တစ်ယောက်ဝင်လာ)

ဦးသော် - ကိုတင်ဇော် ... ခင်ဗျားလိုက်နေတဲ့မှုခင်းက အခြေအနေဘယ်လိုရှိလဲ။

ဦးတင်ဇော် - တရားခံတွေဖမ်းမိဖို့ အခြေအနေရှိနေပါပြီ။ ဒီကောင်တွေ ရှောင်တိမ်းနေတဲ့နယ်မြေဘက်ကို လှမ်းအကူ အညီတောင်းထားပါတယ်။

ဦးသော် - တရားခံတွေရှိနိုင်တဲ့ အလားအလာရှိလား။

ဦးတင်ဇော် - ရှိနိုင်ဖို့ ရာနှုန်းရှစ်ဆယ်ရှိတယ်ဆရာ၊ သေချာအောင် ကျွန်တော်လေ့လာနေတာပါ။

ဦးသော် - (စဉ်းစားဟန်ပြု) ဒီလိုလုပ်ဗျာ၊ ဒီမှာထိုင်စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



မနေနဲ့။ ရဲဘော်တစ်ယောက်နဲ့ ခင်ဗျားလိုက်သွား။ အရပ်ဝတ်နဲ့သွားကြ။ ဟိုရောက်လို့ လိုအပ်ရင် ဒေသခံစခန်းအကူအညီတောင်း။ အင်အားလိုရင် လိုသလိုလုပ်ပေါ့။ ပေါ့နေလို့မဖြစ်ဘူးကိုတင်ဇော်။ တရားခံလွတ်နေတာကို မင်းကြီးက မလိုလားဘူး။ ရက်ကြာလာရင် ထုတော့မယ်။

ဦးတင်ဇော် - အါဆို ...

ဦးသော် - ခင်ဗျားတို့ ဒီနေ့ပဲလိုက်ဗျာ။ လိုအပ်တဲ့ စာရွက်စာတမ်းတွေ လုပ်သွား။ ကြိုးစားကြစမ်းပါဗျာ။

ဦးတင်ဇော် - ဟုတ်ကဲ့ဆရာ။

(ဦးတင်ဇော်က အလေးပြု၊ စခန်းမှူးဦးသော်ကလည်း ထိုင်ရာမှထလျက် အလေးပြုစဉ် တီးဝိုင်းမှ ကူညီပါရစေသီချင်းကို ကျယ်လောင်စွာ တီးခတ်၊ ကားလိပ်ချ)

www.burmeseclassic.com

www.burmeseclassic.com

## (ပြကွက်-၁၀)

| | | |
|---|---|---|
| နေရာ | - | MANA အဖွဲ့ချုပ် ရုံးခန်း။ |
| အချိန် | - | နံနက်ပိုင်း |
| အခမ်းအနား | - | ရုံးခန်းတစ်ခန်း၏ အဆင်အပြင်၊ စားပွဲကုလားထိုင်များ သူနေရာနှင့်သူ စနစ်တကျထား။ နံရံတွင် မူးယစ်ဆေးဝါးဆန့်ကျင်သည့် ပိုစတာများ။ မူးယစ်ဆေးသုံး လူညွှန့်တုံး၊ ဆုံးရှုံးဘဝကာကွယ်ကြ၊ လူငယ်အများစုပေါင်းအား ဝိုင်းဝန်းတိုက်ဖျက် အေအိုင်ဒီအက်စ်၊ ရောဂါလေဝေးဝေး မူးယစ်ဆေးစသည့် ကြော်ငြာများတပ်ထား။ မူးယစ်ဆေးဝါး ထုတ်လုပ်သည့်ဒေသ၊ သုံးစွဲသူအင်အား၊ ဆေးစွဲနေသူများ ပြုစုစောင့်ရှောက်မှု စသော ဂရပ်ဖ်ပြဇယား အထင်အရှားချိတ်ဆွဲထား။ |
| မီး | - | အပြရောင်မီးဖျန်းထား။ |
| အသံ | - | ဘက်ပေါင်းစုံမှ အသံကြားနိုင်ရန် အသံဖမ်းခွက်များ လုံလောက်စွာပြင်ဆင်ထား။ |
| ဇာတ်ဝင်ပစ္စည်း | - | ရုံးသုံးစားပွဲ၊ စာရွက်စာတမ်း။ |
| အဝတ်အစား | - | မြန်မာအမျိုးသား၊ အမျိုးသမီး ဝတ်စုံ။ |
| ဇာတ်ညွှန်း | - | အခန်းအတူအပြောင်းတတီးလုံးဆုံးသည်နှင့်မူးယစ်ဆေးဝါးအန္တရာယ်တို့ ရည်ညွှန်းဖွဲ့ဆိုထားသည့် |



www.burmeseclassic.com

www.burmeseclassic.com



သီချင်းကို တီးဝိုင်းမှ တိုးညင်းစွာတီးခတ်ပေးထား။ ကန့်လန့်ကာဖွင့်လျှင် စားပွဲများ၌ အလုပ်လုပ်နေဟန်၊ ရုံးအကူများက ဖိုင်တွဲများယူလိုက်၊ ဝင်ထွက်လျှောက်ကြ။ ဇာတ်ခွင် ဘယ်ဘက်စွန်းမှ ဦးဘကောင်း စိတ်ပျက်လက်ပျက် အမူအရာနှင့် ထွက်လာ။ ကခွင်အလယ်မရောက်မီ ရပ်လျက် စူးစမ်းဟန်ကြည့်။ ထိပ်ဆုံးစားပွဲတွင်ထိုင်နေသည့် ဒေါက်တာဘသောင်းက မော့ကြည့်။ နှစ်လိုဖွယ် အပြုံးနှင့် ကြိုဆိုရင်းထရပ်။

ဦးဘသောင်း - ကြွပါခင်ဗျား၊ ကျွန်တော်တို့ ဘာကူညီပေးရမလဲ။

ဦးဘကောင်း - (လေသံတိုးတိုးဖြင့်) ဆရာဝန်ကြီး ဒေါက်တာဘသောင်းနဲ့ ...

ဦးဘသောင်း - ဩော် ... ဟုတ်ကဲ့၊ ကြွပါကြွပါ။ ကျွန်တော်ဒေါက်တာဘသောင်းပါ။ (လက်ဖြင့် စားပွဲရှေ့ရှိ ကုလားထိုင်ကိုညွှန်ပြ။ ထိုစဉ် ဝင်လာသည့် ရုံးလုလင်ကိုလှည့်ပြော)

မောင်သွင်ရေ ..း ဧည့်သည်အတွက် လက်ဖက်ရည်တစ်ခွက်ယူခဲ့ပါ။

ဦးဘကောင်း - ဟာ ... မလုပ်ပါနဲ့ဆရာ၊ ကျွန်တော်မသောက်လိုပါဘူး။

ဒေါက်တာဘသောင်း - ရပါတယ်၊ ကျွန်တော်တို့လည်း ခုပဲသောက်နေကြတာ။ ယူခဲ့ပါ မောင်သွင်။ (မောင်သွင်က ဟုတ်ကဲ့ဟူသောအမူအရာဖြင့် ခေါင်းငုံ့သိတ်ပြပြီး နောက်လှည့်ထွက်၊ ညာဘက်ခြမ်း ဝင်သွား)

ဦးဘကောင်း - ကျွန်တော့်နာမည် ဘကောင်းပါဆရာ ... ဌာနက အရာထမ်းတစ်ဦးပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဘသောင်း - (လက်ဆွဲနှုတ်ဆက်ရန် ကမ်းပေးရင်း) ဟုတ်ကဲ့၊ သိကျွမ်းရတာ ဝမ်းသာပါတယ်။ ဦးဘကောင်းကို ကျွန်တော်တို့ဘာအကူအညီပေးရမလဲ၊ ဒါ ကျွန်တော်တို့အဖွဲ့သားတွေပါ။ ဟောဒီတယ်ဘက်ကပုဂ္ဂိုလ်က ဦးမင်းနိုင်တဲ့။ အသင်းရဲ့ အတွင်းရေးမှူးပါ။

ဦးဘကောင်း - ဟုတ်ကဲ့၊ သိရတာ ဝမ်းသာပါတယ်။ (ဦးမင်းနိုင်က စားပွဲမှထလာပြီး ဦးဘကောင်းနှင့် ရင်းရင်းနှီးနှီးလက်ဆွဲနှုတ်ဆက်)

ဦးမင်းနိုင် - ဦးဘကောင်းရဲ့ လိုအပ်ချက်ကိုပြောပြပါ။ ကျွန်တော်တို့အဖွဲ့ဝင်အားလုံးဟာ စေတနာ့ဝန်ထမ်း လုပ်အားပေးတွေချည်းပါပဲ။ ဒီမှာကတော့ ဝန်ထမ်းအငြိမ်းစား ပုဂ္ဂိုလ်တွေများပါတယ်။ ရုံးလုပ်ငန်းဝင်ကူလုပ်နေတာလည်း စေတနာ့ဝန်ထမ်း လူငယ့်အားမာန်အဖွဲ့ဝင်တွေပါ။

ဦးဘကောင်း - လူငယ့်အားမာန်ဆိုတာ ...

ဒေါက်တာဘသောင်း - ဟုတ်ကဲ့၊ ထိုင်ပါဦး။ ကျွန်တော်ပဲရှင်းပြပါမယ်။ (ထိုစဉ် မောင်သွင်က လက်ဖက်ရည်ခွက်ကိုင်ဝင်လာ။ ဦးဘကောင်းရှေ့ချပေးပြီး သုံးဆောင်ပါဦးဟူသော အမူအရာနှင့်ပြော။ ဦးဘသောင်းက မောင်သွင်ကို ခဏနေပါဦးဟူသော အမူအရာနှင့် လက်ပြထား)
ဒီလိုလုပ်ပါ။ ဟောဒီက မောင်သွင်ဆိုတဲ့ ကလေးဟာ လူငယ့်အားမာန်အဖွဲ့ဝင်ပါ။ သူလည်း ဒီမှာ ပေးအပ်တဲ့တာဝန်ကို စေတနာ့ဝန်ထမ်း ဝင်လုပ်နေသူပါ။ အသင်းအနေနဲ့ သူ့ကို တတ်နိုင်

www.burmeseclassic.com



သလောက် ပံ့ပိုးပေးပါတယ်။ သုံးလောက်တဲ့ ငွေကြေးမတုတ်ပေးမယ့် သူတို့ရဲ့စေတနာ လုပ်အား ပေးမှုကို တန်ဖိုးထားတဲ့အနေနဲ့ ပံ့ပိုးတာပါ။ သူတို့ဟာ တစ်ချိန်က မူးယစ်ဆေးသုံးစွဲခဲ့တဲ့ လူငယ်လေးတွေပါ။

ဦးဘကောင်း – ဗျာ။

ဒေါက်တာဘသောင်း – ဟုတ်ပါတယ်။ ငယ်ရွယ်သူမို့ အသိမှားပြီး လမ်းလွဲ လိုက်ခဲ့ကြရာက ဆေးသမားဖြစ်ခဲ့ကြတယ်။ ဒါကို ဖော်ထုတ်ပြီး သူတို့ဘဝပြုပြင်ဖို့ ပြည်မြို့ ဝက်ထီးကန်က ပြန်လည်ပြုစုပျိုးထောင်ရေးစခန်း ပို့ခဲ့ကြပါတယ်။

ဦးဘကောင်း – ဪ ... ဪ။

ဒေါက်တာဘသောင်း – အဲဒီမှာ ဆေးဖြတ်ပြီး သူလေးတို့ဘဝရပ်တည်နိုင် အောင် အသက်မွေးဝမ်းကျောင်းပညာ သင်ပေးခဲ့ ပါတယ်။ ဒီကလေးတွေဟာ မူးယစ်ဆေးရဲ့မကောင်း ကျိုးသိ၊ အမှန်ကိုမြင်၊ လမ်းကြောင်းမှန်ကိုတွေ့ခဲ့ တော့ နိုင်ငံတော်အကြီးအကဲတွေထံ တင်ပြကြ တယ်။ ကျွန်တော်တို့ လမ်းမှန်ကိုသိပါပြီ၊ အမှားကို နောင်တရပါပြီ၊ ကျွန်တော်တို့လို အခြားလူငယ်တွေ မမှားအောင် ကူညီပါမယ်၊ ကျွန်တော်တို့ကို ခိုင်းစေ ရာခိုင်းပါလို့ တောင်းဆိုခဲ့ပါတယ်။ ဒါကို နိုင်ငံတော် အကြီးအကဲတွေက သဘောကျပြီး လူငယ်အားမာန် အဖွဲ့ ဖွဲ့ပေးခဲ့တယ်။

ဦးဘကောင်း – ဪ ... ဟုတ်ပြီ၊ ကျွန်တော်သဘောပေါက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



မောင်ရင်လေးတို့ရဲ့စိတ်ဓာတ်ကို ချီးကျူးပါတယ်။ (ဦးဘကောင်းက မောင်သွင်ဘက်လှည့်၍ လက်ဆွဲနှုတ်ဆက်)

မောင်သွင် – အမြင်မှန်သိရခဲ့တော့ ပြုခဲ့မိတဲ့အပြစ်တွေကျေစေချင်လို့ ဒီတာဝန်ယူကြတာပါ အန်ကယ်။

ဦးဘကောင်း – လေးစားပါတယ်။ (ပြောပြီး ဒေါက်တာဘသောင်းဘက်လှည့်ပြီးပြော) ကျွန်တော်ဒီလာတာ အဲ့ဒီကိစ္စနဲ့ပတ်သက်လို့ပဲဆရာ။

ဒေါက်တာဘသောင်း – ဟုတ်ကဲ့၊ ဆက်စပ်မှုတော့ရှိမယ်လို့ ရိပ်စားမိပါတယ်။ ဦးဘကောင်းရဲ့ အခက်အခဲတင်ပြပါ။ ကျွန်တော်တို့ ဝိုင်းဝန်းဖြေရှင်း ကူညီပါမယ်။

ဦးဘကောင်း – (အိတ်ကတ်ထဲမှ လက်ကိုင်ပဝါကိုထုတ်လျက် နဖူးမှချွေးများသုတ်။ စကားကို မည်သို့အစချီပြောရမည်ကို စဉ်းစားဟန်ဖြင့် ခဏငြိမ်။ ဦးဘသောင်းက အလိုက်သင့်နားထောင်ဟန်ပြု) ဒီလိုပါဆရာ ... ကျွန်တော့်မှာ သားတစ်ယောက် သမီးတစ်ယောက်ရှိပါတယ်။ ဆယ်တန်းကျောင်းသားတွေပါ။

ဒေါက်တာဘသောင်း – ဟုတ်ကဲ့၊ ပြောပါ ဦးဘကောင်း။

ဦးဘကောင်း – ကျွန်တော်က ရုံးအလုပ်နဲ့ ရှုပ်တွေးနေသလို ကျွန်တော့်ဇနီးကလည်း သူ့ရောင်းရေးဝယ်တာနဲ့ အလုပ်များနေတော့ ကလေးတွေအရေးကို မကြည့်နိုင်ခဲ့ဘူးပေါ့ဆရာ။

ဒေါက်တာဘသောင်း – ဟုတ်ကဲ့၊ များသောအားဖြင့် ဒီလိုပဲရှိတတ်ပါတယ်။ ဒီနေ့အခြေအနေကလည်း ရုံးတိုင်းအလုပ်လုပ်မှ စားဝတ်နေရေးထိန်းနိုင်တာကိုး။

www.burmeseclassic.com



ဦးဘကောင်း - ဟုတ်ကဲ့၊ ကျွန်တော်တို့အခြေအနေကတော့ မချမ်းသာပေမယ့် အများနည်းတူနေနိုင်တယ်၊ စားနိုင်တယ် ဆိုပါတော့ဆရာ။ ဒီအနေအထားဖြစ်အောင် လုံးပမ်းနေလို့ ကလေးတွေ လွတ်လပ်နေကြတယ်။ လိုရင်းပြောရင် ဆရာရယ် ... ကျွန်တော့်သားဆေးစွဲနေသတဲ့။

ဒေါက်တာဘသောင်း - ဆေးစွဲတယ်၊ ဒါ ဦးဘကောင်း သိထားတယ်ပေါ့။

ဦးဘကောင်း - ဟုတ်ကဲ့ သိပါတယ်၊ သိတယ်ဆိုတာလည်း ခုရက်ပိုင်းမှပါ။ ကျွန်တော့်တပည့်လေးတစ်ယောက်က နိုင်နိုင်လုံလုံ သတင်းပေးလို့ သိရတာပေါ့။ ဆရာရယ် ဒီစကားကြားလိုက်တော့ ကျွန်တော့်ခေါင်းမီးတောက်သွားတာပဲ။ ဘာလုပ်လို့ ဘာကိုင်ရမှန်းလည်း မသိတော့ဘူး။ စိတ်ပူသွားတာလဲအမှန်ပါ။ ကျွန်တော့်အနေနဲ့ ဒီကိစ္စကို ဘယ်လိုရှင်းရမှန်း မသိအောင် ဖြစ်သွားတယ်။

ဒေါက်တာဘသောင်း - ဟုတ်ပြီ၊ ဒီလောက်ပြောရင် ကျွန်တော်နားလည်ပါပြီ။ ဒေါ် ... မောင်သွင်ရေ ... ဦးစိုးထိုက်ကို ခဏခေါ်လိုက်ပါ။ (မောင်သွင်ဘက်လှည့်ပြော၊ ဟုတ်ကဲ့ဟူသော အမူအရာနှင့် ဒါးကိုင်းညွတ် အရိုအသေပေးပြီး တစ်ဖက်သို့ဝင်ရောက်ပျောက်ကွယ်သွား။ ခဏအကြာတွင် ဦးစိုးထိုက်ထွက်လာ) ဦးစိုးထိုက် ထိုင်ပါပြီး (ကုလားထိုင်အလွတ်တစ်ခုကို ညွှန်ပြ။ ဦးစိုးထိုက်က ဝင်ထိုင်ပြီး ဦးဘကောင်းကို အကဲခတ်ဟန်လှည့်ကြည့်။) ဦးစိုးထိုက် ... ဟောဒါက ဦးဘကောင်းတဲ့။ အရာရှိတစ်ယောက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးထိုက် - ဟုတ်ကဲ့၊ သိရတာဝမ်းသာပါတယ်။ (ပြောပြော ဆိုဆိုနှင့် ဦးဘကောင်းနှင့် လက်ဆွဲနှုတ်ဆက်)

ဒေါက်တာဘသောင်း - ဦးဘသောင်း၊ ဟောဒီဦးစိုးထိုက်က စိတ်ရောဂါ အထူးကုဆရာဝန်တစ်ဦးပါ။ သူဟာ ကျွန်တော်တို့ အဖွဲ့ဝင်တစ်ယောက်ပါပဲ။ လိုအပ်တဲ့အကူအညီ ပေးနိုင်အောင် အားရက်တွေပါ ဒီမှာလာထိုင်ပေးပါ တယ်။ ဒီနေ့ ဗဟိုအစည်းအဝေးရှိတာရယ် ... ဆရာ တာဝန်ကျရက်ဖြစ်လို့ရယ် တွေ့ရတာပါ။ ကြုံကြိုက်တုန်း ဆရာ့ထံကလည်း အကြံဉာဏ် တောင်းကြတာပေါ့။

ဦးဘကောင်း - ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ဆရာ။ ကျွန်တော့် သားကိစ္စကို ဆရာတို့ကိုပဲ အားကိုးပါတယ်။ မှန်တာပြောရရင် အကြမ်းပတမ်းနည်းနဲ့လုပ်ရင် ကလေးစိတ်ထဲ အတွေးတစ်မျိုးဝင်ပြီး ပိုဆိုးသွား မှာလည်းစိုးတယ်။ လွှတ်ထားရင်လည်း အနေ အထားပိုဆိုးသွားမှာကြောက်တယ်။

ဒေါက်တာဘသောင်း - မှန်ပါတယ်။ ဒီမျိုးတွေလည်း ကျွန်တော်တို့ အများ ကြီးအတွေ့အကြုံရှိပါတယ်။ ကိုင်တွယ်ရမယ့်နည်း လမ်းလည်း ကျွန်တော်တို့မှာ ရှိနေပါတယ်။ ဆရာ ဦးစိုးထိုက် ... ဒီက ဦးဘသောင်းရဲ့သားက ဆေးသုံးနေသူတဲ့ဗျာ။ ဘယ်အဆင့်ရှိနေပြီ ဆိုတာတော့ သူတို့လည်း မှန်းဆလို့မရသေး ဘူးတဲ့။

ဦးစိုးထိုက် - ဟုတ်ကဲ့၊ အကြမ်းဖျဉ်းတော့ နားလည်ထားပါပြီ။ အနေအထားကြည့်ရတာ အကြမ်းပတမ်းလုပ်ရ

www.burmeseclassic.com

www.burmeseclassic.com



မယ့် အနေအထားမဟုတ်လောက်ပါဘူး။ ဒီလို လုပ်လေ ... ကျွန်တော်နဲ့ ဆရာမ ဒေါ်နွယ်နွယ် တစ်ရက်လောက် အိမ်လာလေ့လာကြည့်မယ်။

ဦးဘကောင်း - လာပါဆရာ၊ ဖိတ်ခေါ်ပါတယ်။ လိုအပ်ရင် ကျွန်တော့် ကားကြိုပေးပါရစေ။

ဦးစိုးထိုက် - နေပါစေ။ ကျွန်တော်တို့ အစီအစဉ်နဲ့ ကျွန်တော် တို့လာပါမယ်။

ဦးဘကောင်း - ဒါဆိုလည်း ထမင်းကျွေးဖို့ ဖိတ်ပါရစေ။ ဒါကိစ္စတော့ မငြင်းပါနဲ့ဆရာ။ ဒီလိုပါ၊ သာမာန်လာပြီး ဒီအကြောင်း ပြောတယ်ဆိုရင် ကလေးတွေရိပ်စားမိသွားမှာ လည်းစိုးတယ်။ ဒါတော့ မိတ်ဆွေကို ထမင်းကျွေး ဖိတ်တယ်ဆိုပြီး ဆရာတို့လာရင်လေ့လာတာ ပို လွတ်လပ်မယ်ထင်တယ်။

ဦးစိုးထိုက် - ဟုတ်ကဲ့။ ကောင်းပါတယ်။ ဒါဆို သန်ဘက်ခါ လာခဲ့ ပါ့မယ်။ အဲ့ဒီမှာလေ့လာပြီးရင် နည်းလမ်းတစ်ခုခု တွေ့လာမှာပါ။ သွယ်ဝိုက်တဲ့နည်းနဲ့ ကာကွယ်တာ ကတော့ ကလေးတွေကို မူးယစ်ဆေးဝါးအန္တရာယ် ပညာပေး။ သူတို့နားလည်အောင်ရှင်း ... ကိုယ့် ဘက်ပါလာအောင်စည်းရုံးတာ အအောင်မြင်ဆုံး ကာကွယ်နည်းပါခင်ဗျား။

ဦးဘကောင်း - ကောင်းပါတယ်။ ဖြစ်နိုင်အောင်စီစဉ်ပါဆရာ။ ကျွန်တော်တို့လည်း ကူညီမှာပါ။ တကယ်လို့ အားလပ်မယ်ဆိုရင် ဒေါက်တာဘသောင်းပါလိုက် လာစေချင်တယ်။ (ဒေါက်တာဘသောင်းဘက် လှည့်ပြော)

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဘသောင်း – ဟုတ်ကဲ့။ ကျွန်တော်လိုအပ်တဲ့အခြေအနေအထားရှိရင် လိုက်ခဲ့မှာပါ။ ဒီကိစ္စမှာ ဆရာဦးစိုးထိုက်က ပိုကျွမ်းကျင်ပါတယ်။ စိတ်ချပါ။ ဦးဘကောင်း ကျွန်တော်တို့ကူညီမှာပါ။

ဦးဘကောင်း – ကျေးဇူးပါပဲဆရာ … ခုမှပဲ စိတ်ထဲတင်းကျပ်နေတာတွေ ပြေသွားတယ်။ သားအတွက် နည်းလမ်းသစ်တွေပြီလို့ပဲ မှတ်လိုက်ပါတယ်။

(ဦးဘကောင်း ထိုင်ရာကထ၊ အားလုံးကို လက်ဆွဲနှုတ်ဆက်စဉ် မီးရောင်မှိတ်။ ကားလိပ်ချ)

www.burmeseclassic.com

www.burmeseclassic.com

(ပြကွက်–၁၁)

| | | |
|---|---|---|
| နေရာ | – | လူစည်ကားသည့်ပန်းခြံ။ |
| အချိန် | – | နေ့လယ်ပိုင်း |
| အခမ်းအနား | – | နောက်ခံကားချပ်သည် ပန်းဥယျာဉ်တစ်ခု၏ အလှကို သရုပ်ဖော်ရေးဆွဲထား။ ကခွင်နောက်ပိုင်း ဘယ်ထောင့်တွင် ရေပန်းထွက်နေသော ကျောက်စီ အုတ်ကန်တစ်ခုထိုးကားဖြင့် ဆင်ယင်ထား။ ကခွင် တစ်ခုလုံး သစ်ပင်ပုလေးများ စိုက်ထားဟန် ထိုးကားများဖြင့် ဆင်ယင်ထား။ |
| မီး | – | နောက်ခံကား၏ အလှသရုပ်ပေါ်လွင်စေရန် ကခွင် အောက်မီးဖြင့် ထိုးပေးထား။ ဆလိုက်မီးဖြင့် အုတ် ရေကန်ကို ထိုးပေးထား။ |
| အသံ | – | စဉ်းစားခန်းအတွက် နောက်ခံစကားပြောကို အသံ သွင်းခွေဖြင့် အသင့်သွင်းပေးထားပြီး အသံပီသစွာ ကြားရအောင် ပြင်ဆင်ထားရမည်။ |
| အဝတ်အစား | – | အောင်ကျော်လင်း၏ ခေတ်ရှေ့ပြေး ဝတ်စား ဆင်ယင်မှု။ |
| ဇာတ်ညွှန်း | – | ပြည်ဖုံးကားဖွင့်လျှင် ငြိမ့်ညောင်းသာယာသည့် တေးကို တီးခတ်ပေးထား။ အုတ်ခုံပေါ်တွင် အောင်ကျော်လင်းက တစ်စုံတစ်ယောက်ကိုမျှော်။ |



www.burmeseclassic.com

www.burmeseclassic.com



မပေါ်လာသဖြင့် စိတ်ပျက်လက်ပျက်ဖြစ်နေ၊ တီးဝိုင်းက တီးခတ်မှုရယ်၊ အောင်ကျော်လင်း စိတ်လှုပ်ရှားနေမှုကို ဂရုပြုမိစေရန် ဆလိုက်မီးဖြင့် ကွက်ထိုးပေးထား။ တီးဝိုင်းက ရုတ်တရက် ချောက်ချားဖွယ်တီးခတ် ပေးပါ။ အောင်ကျော်လင်း အထိတ်တလန့်အမူ အရာဖြင့်ခုန်ထ။ ပတ်ဝန်းကျင် ကို လှည့်ပတ်ကြည့်။ အဝေးကို လှမ်းမျှော်ကြည့်။ အဝေးကို လှမ်းမျှော်ကြည့်။ စိတ်မရှည် ဒေါ်သွပာန် ဖြင့် ကခွင်ရှေ့သို့ လျှောက်လာ။ ထပ်မံမျှော်ကြည့်။ မျှော်သူပေါ်မလာ၍ ဒေါသဖြစ်ဟန်ဖြင့် ဘယ် လက်ဝါးကို ညာလက်သီးနှင့်ထိုး။ အံကြိတ်။ မျက်နှာကို လက်နှစ်ဖက်နှင့် အုပ်လျက် စူးစူးဝါးဝါး အော်။ ထို့နောက် ဒူးတုတ်ထိုင်ချလိုက်ပြီး ခေါင်းငိုက်စိုက်ချထား။ ထိုစဉ် ကားလိပ်ကြားမှ မပိမသအသံကြားရ၍ ခုန်ထ။ ဝမ်းသာသွားဟန် အမူအရာနှင့် လျှောက်လာ ...

စူလတန်မာမွတ် - အားကိုလေး ... စောင့်နေတာ ကြာပြီလား။

အောင်ကျော်လင်း - ဟာကွာ ... မင်းကို သေသေချာချာချိန်းထားရက်နဲ့ အချိန်မီရောက်မလာဘူး။ ငါ့မှာ ပစ္စည်းပြုတ်နေပြီ။ မင်းလာပို့မှဖြစ်မယ်။ အစ်ကိုလေး မလာခဲ့နဲ့၊ ကျွန်တော်လာပို့မယ်ဆိုလို့ ဒီကစောင့်နေတာ။

စူလတန်မာမွတ် - လာချင်တာပေါ့ အားကိုလေးရာ။ အားကိုလေး စောင့်နေမယ်ဆိုတာ ကုလားသိတယ်။ ဒီပေမဲ့ အရိပ်အခြည်ကြည့်ရသေးတယ်။

အောင်ကျော်လင်း - ဘာအရိပ်အကဲကြည့်ရတာလဲ၊ ဒီမှာ အချိန်ကျလို့

www.burmeseclassic.com

www.burmeseclassic.com



ဆေးမရှိတော့ ဒုက္ခရောက်နေပြီ။ ဂျမ်းပဲပစ်လိုက်ရမလား။ ကျောက်တုံးနဲ့ခေါင်းနဲ့ပြေးဆောင့်ရမလား စဉ်းစားနေတာ ... ပေးကွာဆေး။

စူလတန်မာမွတ် - သိတယ်၊ ကုလားလေးသိတယ်။ ထွက်ရခက်နေလို့ အခြေအနေကြည့်နေတာ။ ရော့ရော့ ... (စူလတန်က အထုပ်တစ်ထုပ်ပေး။ အောင်ကျော်လင်း ဖျတ်ခနဲ ဆွဲယူ။ ဝမ်းသာဟန်ဖြင့် တုန်ယင်နေ။ စူလတန် ပြုံးလျက်စောင့်ကြည့်နေ)

အောင်ကျော်လင်း - ဟာကွာ ... ဘာအရိပ်အကဲတွေကြည့်နေသေးလဲ။ မင်းကို ဘယ်သူက သောက်ဂရုစိုက်မှာလဲ။ ပေးစမ်း ဆေးပါရင် မြန်မြန်ပေးစမ်း။

စူလတန် - မဟုတ်ဘူး အားကို။ စူလတန်နော် ပိုက်ဆံရရင် ရောင်းချင်တာပေါ့။ များများရောင်းရတယ်နော်။ စူလတန် ငွေတွေအများကြီးရမယ်။ ကုလား သိတယ်လေ။

အောင်ကျော်လင်း - သိရင်မြန်မြန်လုပ်ကွာ။ ရော့ ... ငွေ။ ပေး ဆေး ဒီမှာက ယင်းထနေပြီ။

စူလတန် - အားကို။ ယင်းထတယ်နော် ... ဒီ ခဏပဲ။ ဆေးသုံးတယ်နော်။ ကောင်းသွားမယ်။ ကုလားနော် ... အားကိုတို့ကို ပါရမီဖြည့်တယ်နော်။ ဘေးကြည့်ရ သေးတယ်။

အောင်ကျော်လင်း - ဘာဘေးလဲ စူလတန်ရာ။

စူလတန် - ခုတလော ငပွေးတွေ ခြေစကြာဖြန့်နေတယ်။ ရှပ်ရှက်ခပ်နေတာပဲ။ အားကိုးသတိထား။ လုံခြုံ

www.burmeseclassic.com

www.burmeseclassic.com



တဲ့နေရာသွားပါ။ ဒီနေရာနော် လူရှုပ်တယ်။ မကောင်းဘူးနော်အားကို။

အောင်ကျော်လင်း – အေးပါကွာ၊ ထိသိပါတယ်။ ပေး ခေဝ။ ထွားမယ်။ (အောင်ကျော်လင်း ခေါးထုပ်ယူပြီး တစ်ဖက်ကား လိပ်ကြား ဝင်ပျောက်ကွယ်သွား။ စုလတန်မှာမူတော့ ငွေတွေကိုကိုင်ပြီး လက်ထဲတစ်ဖက်ကို ငွေစက္ကူနှင့် ရိုက်လျက် ပြုံးရွှင်ကြည်နူးနေ။ ငွေတစ်ထပ်ကြီးကို နစ်လိုက်ကြည့်ပြီး အားရပါးရနမ်း)

စုလတန် – ငွေ – ငွေ – မန်းနီးနော်၊ အားကြီး အများကြီး မွှေးတယ်။ ငွေဆိုတာ အနံ့ခံလို့လဲကောင်းတယ်။ ကိုင်ရတာလည်း အရသာရှိတယ်။ ငွေရှိရင်နော် ဘာမဆိုဖြစ်တယ်။ ကုလားနော် – ဟို အဝေးကြီး ကလာတယ်။ ရတဲ့အလုပ်လုပ်တယ်။ ငွေရတယ် – အရင်းအနှီးရတော့ ကုလားကွမ်းယာရောင်း တယ်။ လမ်းဘေးဆိုင်လေးစတည်တယ်။ ခု ဆိုင် ကြီးဖြစ်နေပြီ။ ကုလားဆီနော် ငွေတွေအများကြီး ပြေးပြေးဝင်လာတယ်။ ငွေရမယ်ဆိုရင် ကုလား ဘာပဲလုပ်ရလုပ်ရ လုပ်မယ်။ ကုလား တကယ် ပြောတာနော်။ ငွေရမလာ။ ဘနုပ္ပုး သိုက်တူးပစ် မယ်။ စုလတန်တဲ့တော့။

(ပြောပြီး အားပါးတရရယ်လျက် ငွေကို နစ်လိုက်နမ်းရှုပ်နေစဉ် ကားလိပ် တဖြည်းဖြည်းတော့။ တီးဝိုင်းမှ "ငွေ" သီချင်းတီးခတ်ပြီး အခန်းပြောင်းပေး)

www.burmeseclassic.com

www.burmeseclassic.com

## (ပြကွက်–၁၂)

| | | |
|---|---|---|
| နေရာ | – | ဦးဘကောင်း၏အိမ်၊ ညေ့ခန်း။ |
| အချိန် | – | နေ့လယ်ပိုင်း။ |
| အခမ်းအနား | – | ငွေကြေးတတ်နိုင်သူတို့၏ ညေ့ခန်းနှင့်လျော်ညီအောင် ခေတ်မီ ဆိုဖာဆက်တီစားပွဲ၊ ကုလားထိုင်၊ ရှိုးကေစ့်၊ တီဗွီတင်ခုံ၊ တီဗွီစက်၊ အောက်စက်၊ အခြားလိုအပ်သော အသုံးအဆောင်ပစ္စည်းများ သူ့နေရာနှင့်သူ စနစ်တကျပြင်ဆင်ထား။ |
| မီး | – | အခန်းမီးအလင်း ကြည်လင်ပါစေ။ တီဗွီပြစက် ဖွင့်ပြနိုင်အောင် စီစဉ်ထား။ |
| အသံ | – | အသံသွင်းခွေနှင့် မူးယစ်ဆေးဝါးဟောပြောချက် ရှင်းလင်းချက် လွှင့်ထုတ်ပေးနိုင်ရန် အသင့်ပြင်ထား။ |
| အဝတ်အစား | – | သစ်လွင်တောက်ပသော လူ့ဂုဏ်တန်တို့ဝတ်ဆင်သည့် အဝတ်အစား။ |
| ဇာတ်ညွှန်း | – | ထမင်းကျွေးမွေးညေ့ခံပြီး ထွက်လာဟန်ဖြင့် လက်များသုတ်လျက် ညေ့ခန်းသို့ဝင်လာ။ ဆက်တီခုံများပေါ်တွင်ထိုင်။ |
| ဦးဘကောင်း | – | ထမင်းစားကောင်းကြရဲ့လားတော့မသိတဲ့ ဟင်းကဲ ချက်လေ့ချက်ထမရှိတာကြာပြီ။ အိမ်ဖော်တွေကျွေး |



www.burmeseclassic.com

www.burmeseclassic.com



တာပဲစားနေတာ။ ဒီနေ့တော့ သူကိုယ်တိုင် ချက်ကျွေး။ ညှော်ခံချင်တယ်ဆိုပြီး ကိုယ်တိုင် မီးဖို ဝင်ခဲ့တာပဲ။

ဒေါ်စန်းစန်းဦး – ကောင်းပါတယ်ရှင်၊ ဦးဘကောင်းဇနီးက အချက် အပြုတ်မှာ ပထမတန်းပဲ။ ပုဇွန်တုပ်ဟင်းကလည်း ကောင်း၊ အဆီအဆိမ့်သက်သာအောင်ဆိုပြီး ပျဉ်းမနားမျှစ်ချဉ်ကလည်း ကောင်း၊ မြင်းခွာရွက် သုပ်၊ ပဲသီးကျော်၊ အို ... ဘာတစ်ခုမှပြောစရာ မရှိအောင်ကောင်းတယ်။ စားကောင်းတိုင်း စား လိုက်တာ ဗိုက်တောင်တင်းနေပြီ။

(အားလုံးက ကျေနပ်ပြုံ့ရယ်ရင်း ထိုင်ခုံများဝင်ထိုင်)

ဒေါ်စန်းယုခင် – စားကောင်းတယ်ဆိုလို့ ဝမ်းသာလိုက်တာ။ မချက် တာကြာတော့ လက်ပျက်နေပြီတောင်ထင်နေတာ။ ကဲ ... ရေနွေးကြမ်းသောက်ကြဦး။ ဟောဒါက အရိုးတောင်းလက်ဖက်။ ဒါက ကျောက်ကျော။ ဒါက သီးမွှေးငှက်ပျော။ ထမင်းစားပြီး အချိုတည်း ကြပါဦး။

ဦးစိုးထိုက် – ဟုတ်ကဲ့၊ ရပါတယ်။ စားလည်းစားရင်း ဟောဒီ ကျွန်တော်တို့ယူလာတဲ့ ပညာပေးခွေလေးကြည့်ကြ ရအောင်။ (ဗီဒီခွေကိုထုတ်ယူပြီး ဒေါ်စန်းယုခင် ကိုပေး။ ဒေါ်စန်းယုခင်က တီဗွီအောက်စက်ဖွင့်၊ အခွေထည့်၊ တီဗွီကိုဖွင့်လိုက်ပြီး ပြန်လျှောက်လာ။ ပညာပေးအခွေမှ ဟောပြောပို့ချမှုထွက်လာ)

ဦးဘကောင်း – စန်း ... မင်းသားနဲ့ သမီး ဘယ်သွားလဲ။

ဒေါ်စန်းယုခင် – ကိုကလဲ ... ဒါများ အဆန်းလုပ်မေးနေပြန်ပြီ။

www.burmeseclassic.com



ဖအေကြီးအိမ်မှာရှိရင် ကလေးတွေ အိမ်ကပ်တာမှ မတွေ့တာ။

ဦးစိုးထိုက် – ထားလိုက်ပါတော့ ဦးဘကောင်း။ ဒီအခွေတွေ ကျွန်တော်ငှားထားခဲ့ပါ့မယ်။ သူတို့ရှိနေချိန် ဖွင့်ပြလိုက်ပါ။ ရပါတယ်။ (ထိုစဉ် တီဗွီဖန်သားပြင်ထက်၌ ဆရာဝန်ကြီး ဒေါက်တာဘသောင်း၏ ဟောပြောပို့ချမှုအစီအစဉ် စတင်လာ။ ဦးဘကောင်းနှင့် ဒေါ်စန်းယုခင် အာရုံစိုက်ကြည့်နေ)

ဦးစိုးထိုက် – ဒေါ်စန်းယုခင်၊ ဒီ မြန်မာပြည်မှာတွေ့ရတဲ့ မက်အမ်ဖက်တာမင်း (Metham Phetamine) ဆေးပြားတွေပဲ။

ဒေါ်စန်းယုခင် – ရှင်။ (မျက်လုံးပြူးလျက် ကြောင်ကြည့်နေပြီးမှ မှာမှာသလဲ အမှုအရာဖြင့်) တာ ... ဒီ ကျွန်မ ဝယ်ဝယ်ပေးနေတဲ့ဆေးပြားတွေပဲ။ ဟုတ်တယ် ဟုတ်တယ်။ တစ်ဖက်က နိုင်းနိုင်း (၉၉) အမှတ်အသားပါတယ်။ အခြားတစ်ဖက်က (M) အမ်အမှတ်အသားနဲ့။ အစစ်ပဲ။ ဒီအားဆေးပြားတွေ မတွေ့တာဘူးလားဆရာ။

ဦးစိုးထိုက် – ဒေါ်စန်းယုခင်ကို ဘယ်သူက အားဆေးလို့ပြောလဲ။

ဒေါ်စန်းယုခင် – သမီးဝယ်စားနေတာလေ။ သူက စိတ်မကြည်ဘူး။ ကိုယ်လက်တွေ မသယ်ချင်ဘူး။ စာကျက်တော့လည်း စိတ်မပါဘူး။ မှတ်ဉာဏ်လည်း မကောင်းဘူး။ အချိုမြိုင်တဲ့ဆေးပြားလေးတွေစားတော့ စိတ်ကြည်လင်လာတယ်။ ကိုယ်ခန္ဓာလည်း လန်းဆန်းလာတယ်တဲ့။ သမီးက စာသိပ်ကြိုးစားတော့

www.burmeseclassic.com

www.burmeseclassic.com



တကျက်ချိန် ဝိုရချင်တယ်။ အားတုတ်ချင်တယ် ဆရာ။ ဒီဆေးပြားသောက်ရင် အိပ်ချင်စိတ် မရှိတော့ဘူးတဲ့။

ဦးစိုးထိုက် - ဒါနဲ့ပဲ ဆေးပြားတွေ ဝယ်ပေးခဲ့တယ်ဆိုပါတော့။

ဒေါ်စန်းယုခင် - ဟုတ်ကဲ့ဆရာ၊ သမီးစာကြည့်နိုင်အောင် ကျွန်မ ကိုယ်တိုင်ဝယ်ပေးခဲ့တယ်။

ဦးစိုးထိုက် - ဒီဆေးပြားတွေ ဘယ်မှာဝယ်လဲ။

ဒေါ်စန်းယုခင် - အင်း (စဉ်းစားဟန်ပြု) ဝယ်ရတာလွယ်ပါတယ် ဆရာ။ လမ်းဘေးကွမ်းယာဆိုင်တိုင်းမှာ အလွယ် တကူရနိုင်ပါတယ်။

ဦးစိုးထိုက် - အင်မတန်အကြောက်စရာကောင်းတဲ့အနေအထားပဲ ဦးဘကောင်း။

ဦးဘကောင်း - (တီဗွီစခန်းသားပြင်ပေါ် အာရုံရောက်နေကာ ဦးဘကောင်းက သူ့ကို နာမည်တပ်ပြောလိုက်မှ သတိလည်လာတာမျိုး ဗျာဗျာသလဲ လှည့်ကြည့် သည်။ ထိုင်နေသည့် အနေအထားပြင်လိုက်ပြီး) ဟုတ်တယ်၊ စိုးရိမ်စရာပဲ။ ကျွန်တော့်သမီးလေး ရောဂါမိနစ်ပြီလားဆရာ။

ဦးစိုးထိုက် - လက်တွေ့ကြားသိရသလောက်တော့ အခြေအနေ ဆိုးလို့ ပြောမရပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ဂရု စိုက်ရမယ့် အခြေအနေပါ။ ခက်တယ်ဗျာ။ စီးပွား ရေးသမားတွေက ဘယ်သူသေသေ ငတေမာပြီ ရောပဲ။ မူးယစ်ဆေးကို ပုံစံအမျိုးမျိုးနဲ့ ထုတ်နေ တယ်။ ဒီနေ့ ကမ္ဘာပေါ်မှာဖြစ်နေတဲ့ မူးယစ်ဆေး နဲ့ စိတ်ကိုပြောင်းလဲစေတဲ့ဆေးပြားတွေဟာ ရာနဲ့ချီ ရှိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကုလိုက်တာပဲ။ ဘာကြောင့်ချောင်းဆိုးတာလဲ၊ အခြေခံက ဘာလဲ၊ ရောဂါဇာစ်မြစ်မရှာဘဲ လက်တလောဖြစ်နေတဲ့ရောဂါကို လွယ်လွယ်ကူကူ ကုတတ်တယ်။ ဒါဟာ လမ်းဘေးမှာ ဆေးအလွယ် တကူဝယ်ရတာရယ် _ တစ်ကိုယ်ရေ ကျန်းမာရေးကို ပေါ့ပေါ့တန်တန်တွေးတာရယ်၊ ဆေးဝါးတွေနဲ့ အကြောင်းအရာ ဂဃနဏမသိတာရယ်ကြောင့်ပဲ။

ဒေါ်စန်းယုခင် - ဆရာတို့ အပြစ်တင်ရင်လည်း ခံရမှာပဲဆရာ။

ဦးစိုးထိုက် - (အားနာသွားဟန်ဖြင့်) ဟာ _ ကျွန်တော်အပြစ်တင်နေတာမဟုတ်ပါဘူး။ ဒီနေ့ လူတွေဖြစ်နေတဲ့ သဘာဝပြောပြတာပါ။ ထားပါလေ ... လောလောဆယ် ကျွန်တော်တို့နဲ့သက်ဆိုင်တာပဲပြောရအောင်။

ဦးဘကောင်း - ဟုတ်ကဲ့ဆရာ၊ ညွှန်ကြားပါ။

ဦးစိုးထိုက် - စောစောကဆေးပြားတွေက ကျွန်တော်တို့နိုင်ငံတွင်းမှာတွေ့နိုင်တဲ့ စိတ်ကြွဆေးတွေ။ ဟော ... ချမြင်ရတာ တခြားနိုင်ငံမှာရှိနေတဲ့ ဆေးပြားတွေ။ (ဒေါက်တာဘသောင်းက ဆေးပြားတစ်ခုချင်းကို လက်ထောက်ပြလျက် ၎င်း၏အာနိသင်ဆိုးကျိုးကို ရှင်းပြနေ)

ခုတွေ့တာ ADAM ဆေးပြားပါ။ နာမည်ကို အသားတံဆိပ်မှာရေးထားတယ်။

ဒေါ်စန်းယုခင် - ဟုတ်ကဲ့၊ တွေ့တယ်ဆရာ။

ဦးစိုးထိုက် - ချမြင်ရတာက (EVR) တဲ့။ ညာဘက်က စိမ်းနုရောင်ဆေးပြားကတော့ Emer တဲ့။ ဟော ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကုလိုက်တာပဲ။ ဘာကြောင့်ချောင်းဆိုးတာလဲ၊ အခြေခံက ဘာလဲ၊ ရောဂါဇာစ်မြစ်မရှာဘဲ လတ်တလောဖြစ်နေတဲ့ရောဂါကို လွယ်လွယ်ကူကူ ကုတတ်တယ်။ ဒါဟာ လမ်းဘေးမှာ ဆေးအလွယ် တကူဝယ်ရတာရယ် - တစ်ကိုယ်ရေ ကျန်းမာရေးကို ပေါ့ပေါ့တန်တန်တွေးတာရယ်၊ ဆေးဝါးတွေနဲ့ အကြောင်းအရာ ဂဃနဏမသိတာ ရယ်ကြောင့်ပဲ။

ဒေါ်စန်းယုခင် - ဆရာတို့ အပြစ်တင်ရင်လည်း ခံရမှာပဲဆရာ။

ဦးစိုးထိုက် - (အားနာသွားတဲ့ပုံဖြင့်) ဟာ - ကျွန်တော်အပြစ်တင် နေတာမဟုတ်ပါဘူး။ ဒီနေ့ လူတွေဖြစ်နေတဲ့ သဘာဝပြောပြတာပါ။ ထားပါလေ ... လောလော ဆယ် ကျွန်တော်တို့နဲ့သက်ဆိုင်တာပဲပြောရအောင်။

ဦးဘကောင်း - ဟုတ်ကဲ့ဆရာ၊ ညွှန်ကြားပါ။

ဦးစိုးထိုက် - စောစောကဆေးပြားတွေက ကျွန်တော်တို့နိုင်ငံ တွင်းမှာတွေနိုင်တဲ့ စိတ်ကြွဆေးတွေ။ ဟော ... ချမြင်ရတာ တခြားနိုင်ငံမှာရှိနေတဲ့ ဆေးပြားတွေ။ (ဒေါက်တာဘသောင်းက ဆေးပြားတစ်ခုချင်းကို လက်ထောက်ပြလျက် ၎င်း၏အာနိသင်ဆိုးကျိုးကို ရှင်းပြနေ)

ခုတွေ့တာ ADAM ဆေးပြားပါ။ နာမည်ကို အသားတံဆိပ်မှာရေးထားတယ်။

ဒေါ်စန်းယုခင် - ဟုတ်ကဲ့၊ တွေ့တယ်ဆရာ။

ဦးစိုးထိုက် - ချမြင်ရတာက (EVR) တဲ့။ ညာဘက်က စိမ်းနု ရောင်ဆေးပြားကတော့ Emor တဲ့။ ဟော ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးထိုက် - ချစ်စရာကောင်းတဲ့ ဒီဒေသပြောင်းတွေဟာ အခ်ပတန် ကြောက်စရာကောင်းတဲ့ အဆိပ်မှုန့်သိရင် ဘယ်လို နေမလဲ။

ဦးဘကောင်း - ဒါဆိုရင်တော့ ဝေးဝေးက ရှောင်မှာပေါ့ဆရာ။

ဦးစိုးထိုက် - ဟုတ်ပါတယ် ဦးဘကောင်း။ ကျွန်တော်တို့လူမျိုး ဟာ မူးယစ်ဆေးဝါးကို ဘာသာတရားအရလည်း ရှောင်တယ်၊ လူနေမှုစည်းကမ်းအရလည်း ရှောင် တယ်။ ဘိန်းစားဆိုရင် လူရာမသွင်းဘူး။

ဦးဘကောင်း - မှန်တာပေါ့ဆရာ။

ဦးစိုးထိုက် - ဟုတ်တယ်။ ဘိန်းစားအရက်သမားဆိုတာ ရှောင် ကြတယ်။ ဟိုတုန်းက ကျွန်တော်တို့မြင်ဖူးတာ ဘိန်းဘင်းကဇော်၊ လော့်စာ၊ ဒီလောက်ပဲ။ ကိုကင်း ဆိုတာတော့ မရှိသလောက်ရှားတယ်။ အဲ ... အင်္ဂလိပ်ဝင်လာတော့ ဘိန်းလက်နက်တင်သွင်း လာတယ်။ ဘိန်းစိုက်တောင်သူတွေ ပျိုးထောင်ပေး တယ်။ ဘိန်းစားဘိန်းရှုသူတွေလွှတ်ထားတယ်။ ဒီတော့ ကျွန်တော်တို့ဆီမှာ မလေ့တစ်ခုလိုဖြစ် ကုန်ရော။

ဦးဘကောင်း - ခုတော့ ပိတ်ပင်တားဆီးနေပြီမို့လားဆရာ။

ဦးစိုးထိုက် - ဟုတ်ပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ တရားဝင်တားမြစ်မှုတွေလုပ်ခဲ့ပါတယ်။ ခုတော့ ပပျောက်ရေးအတွက်ပါ စီမံကိန်းချလုပ်နေတယ်။ ဒါပေမဲ့ စီးပွားရေးသမားတွေက ဘိန်းကို ပုံသဏ္ဌာန် အမျိုးမျိုးပြောင်းပြီး တင်သွင်းနေတယ်။ အဲဒီထဲမှာ စိတ်ကြွဆေးပြားဟာ ခုချိန်မှာ အထူးစိတ်ဝင်စား လာတဲ့ပစ္စည်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးထိုက် – ချစ်စရာကောင်းတဲ့ ဒီဒေသပြောင်းတွေဟာ အခ်ိမတန် ကြောက်စရာကောင်းတဲ့ အဆိပ်မှုန်းသိရင် ဘယ်လို နေမလဲ။

ဦးဘကောင်း – ဒါဆိုရင်တော့ ဝေးဝေးက ရှောင်မှာပေါ့ဆရာ။

ဦးစိုးထိုက် – ဟုတ်ပါတယ် ဦးဘကောင်း။ ကျွန်တော်တို့လူမျိုး ဟာ မူးယစ်ဆေးဝါးကို ဘာသာတရားအရလည်း ရှောင်တယ်၊ လူနေမှုစည်းကမ်းအရလည်း ရှောင် တယ်။ ဘိန်းစားဆိုရင် လူရာမသွင်းဘူး။

ဦးဘကောင်း – မှန်တာပေါ့ဆရာ။

ဦးစိုးထိုက် – ဟုတ်တယ်။ ဘိန်းစားအရက်သမားဆိုတာ ရှောင် ကြတယ်။ ဟိုတုန်းက ကျွန်တော်တို့မြင်ဖူးတာ ဘိန်းဘင်းကဇော်၊ လှော်စာ၊ ဒီလောက်ပဲ။ ကိုကင်း ဆိုတာတော့ မရှိသလောက်ရှားတယ်။ အဲ ... အင်္ဂလိပ်ဝင်လာတော့ ဘိန်းလက်နက်တင်သွင်း လာတယ်။ ဘိန်းစိုက်တောင်သူတွေ ပျိုးထောင်ပေး တယ်။ ဘိန်းစားဘိန်းရှုသူတွေလွှတ်ထားတယ်။ ဒီတော့ ကျွန်တော်တို့ဆီမှာ ဓလေ့တစ်ခုလိုဖြစ် ကုန်ရော။

ဦးဘကောင်း – ခုတော့ ပိတ်ပင်တားဆီးနေပြီမို့လားဆရာ။

ဦးစိုးထိုက် – ဟုတ်ပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ တရားဝင်တားမြစ်မှုတွေလုပ်ခဲ့ပါတယ်။ ခုတော့ ပပျောက်ရေးအတွက်ပါ စီမံကိန်းချလုပ်နေတယ်။ ဒါပေမဲ့ စီးပွားရေးသမားတွေက ဘိန်းကို ပုံသဏ္ဍာန် အမျိုးမျိုးပြောင်းပြီး တင်သွင်းနေတယ်။ အဲဒီထဲမှာ စိတ်ကြွဆေးပြားဟာ ခုချိန်မှာ အထူးစိတ်ဝင်စား လာတဲ့ပစ္စည်းပဲ။

www.burmeseclassic.com

www.burmeseclassic.com


ဦးဘကောင်း - တကယ်စိုးရိမ်စရာအနေအထားပဲ။

ဦးစိုးထိုက် - အမှန်ပဲ ဦးဘကောင်း။ ဒါကြောင့် ကျွန်တော်တို့ မားနားအဖွဲ့က အသိပညာပေးလုပ်ငန်းတွေ ခွန်အားစိုက်လုပ်နေတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကူအညီနဲ့ တားဆီးမှု၊ ကုသမှုတွေလည်း လုပ်ပေးနေပါတယ်။

ဦးဘကောင်း - ကျွန်တော့်သမီးလေးလည်း ကယ်ပါဦးဆရာ။

ဦးစိုးထိုက် - သမီးတင်ပဲလား။

ဦးဘကောင်း - သားအနေအထားက ပိုဆိုးမယ်ထင်တယ်။ ကူညီပါ ဆရာ။ ဟော ... ဟောပြောပွဲချုပ်လည်း ပြီးသွား ပြီ။ ဦးဘကောင်း သမီးနဲ့သားအတွက် နည်းလမ်း ရှာကြတာပေါ့။

ဒေါ်စန်းယုခင် - ဟုတ်ကဲ့ပါဆရာ၊ အားလုံးကို ဆရာတို့အပ်ပါတယ်။ ဩော် ... ရေနွေးကြမ်းလည်း သောက်ကြပါဦး။ အမြည်းတွေလည်း စားကြပါဦး။

ဦးစိုးထိုက် - ရပါတယ်။ ကျွန်တော်တို့ကို ဘာမှအားမနာနဲ့။ အရေးကြီးတာက ကလေးတွေကိစ္စ ဝိုင်းဝန်း စဉ်းစားကြစို့။

(အားလုံးက တစ်ယောက်ကိုတစ်ယောက်ကြည့်နေစဉ် တီးဝိုင်းမှ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သီဖွဲ့ထားသောတေးကို တီးမှုတ်၊ မီးရောင် တဖြည်းဖြည်းချင်း မှိန်ပျောက်။ ကားလိပ်ချ)

www.burmeseclassic.com

www.burmeseclassic.com

## (ပြကွက်–၁၃)

| | | |
|---|---|---|
| နေရာ | – | မြို့ပြလမ်းတစ်ခု၏ တစ်နေရာ။ |
| အချိန် | – | နေ့လယ်ပိုင်း။ |
| အခင်းအနား | – | မြို့ပြအဆောက်အဦများပုံ ရေးခြယ်ထားသော နောက်ခံပန်းချီကားချထား။ |
| မီး | – | ကခွင်တစ်ခုလုံးကို အပူရောင်မီးဖျန်းထား။ |
| အသံ | – | ပုံမှန်အသံ။ |
| အဝတ်အစား | – | အရပ်ဝတ်၊ တောဆောင်းဦးထုပ်၊ လွယ်အိတ်။ |
| ဇာတ်ဝင်ပစ္စည်း | – | အထူးမရှိ။ |
| ဇာတ်ညွှန်း | – | အခန်းပြောင်းတီးလုံးဆုံးလျှင် ရဲတပ်ဖွဲ့ဝင်တို့၏ လုပ်ငန်းတာဝန်ကို ဖော်ကျူးထားသောသီချင်း အား တီးဝိုင်းမှ တိုးညင်းစွာတီးခတ်ပေးထား။ ကခွင် ရှေ့ပိုင်း၊ တိုင်ပုံးအကွယ်မှ အမှုလိုက်ရဲအရာရှိ မြင့်မောင် တောဆောင်းဦးထုပ်ဆောင်း၊ မျက်မှန် နက်တပ်ရှပ်ဖျက်လျက် ပတ်ဝန်းကျင်ကို ဂရုမစိုက် လေဟန် ခေါင်းငုံ့ပြီး လျှောက်လာ။ တစ်ချိန်တည်း မှာပင် ကခွင်နောက်ပိုင်းညာထောင့်မှ အလုပ်သမား တစ်ယောက်အသွင်ဖျက်ထားသော ရဲဘော်သား မောင်သွင် သုတ်သီးသုတ်ပျာထွက်လာ၏။ ရဲအရာရှိ |



www.burmeseclassic.com

www.burmeseclassic.com



မြင့်မောင်က ရှောင်းသံပေးလိုက်၍ မြစ်တွေသွား တနိုကြည့်ပြီး လက်နှစ်ချောင်းကို ငွိချိတ်သဗ္ဗာန် ပြ၏။ ဆရာမြင့်မောင်က လက်ဝါးထောင်ပြပြီး ပတ်ဝန်းကျင်ကို အကဲခတ်ဟာနိုကြည့်၏။ နှစ်ဦးသား ရင်ဆိုင်တွေ့ချိန်တွင် ရဲတပ်သားမောင်သွင်က အိတ်ထဲအသင့်ဆောင်ယူလာသော စာရွက်ခေါက် တစ်ခုထိုးပေးပြီး ခပ်သုတ်သုတ်ထွက်သွား၏။ ဆရာ မြင့်မောင်က စာရွက်ခေါက်ကိုဖွင့်ဖတ်၏။ ကျေနပ် ဟန်ဖြင့် လက်မထောင်လိုက်ပြီး အရေးကြီးသည့် အသွင်ဖြင့် ညာစွန်ကန့်လန့်ကာခြား ပြေးဝင်သွား၏။ ကခွင်တစ်ခုလုံးအမှောင်ချ၏။ ပြည်ဖုံးကန့်လန့်ကာချ၏။ ကခွင်ပြောင်းတီးလုံးတီးခတ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com

## (ပြကွက်–၁၄)

နေရာ – ကျောင်းသွားရာလမ်း။

အချိန် – နံနက်ပိုင်း ကျောင်းတက်ချိန်။

အခမ်းအနား – အထကကျောင်းတစ်ခု၏ အင်္ဂါရပ်နှင့်အညီ ကျောင်း ဆောင်စာသင်ခန်း၊ ကျောင်းသားများစုရုံး သည့်ကွင်း။ အလံတိုင်နှင့် နိုင်ငံတော်အလံလွှင့်ထူ ထားစေ။

မီး – ကခွင်တစ်ခုလုံး မီးအလင်းရောင်ဖြင့် ထင်ထင်ရှား ရှားမြင်တွေ့ရစေ။

အသံ – ကခွင်ဘက်ပေါင်းစုံမှ အသံများကြားရအောင် အသံ ဖမ်းခွက်တပ်ဆင်ထား။ ကျောင်းသားများ၏ ပျော်ပျော်ပါးပါး ပြောဆိုရယ်မောသံကို အသံသွင်း ခွေဖြင့် လွှင့်ပေး။

ဝတ်စားဆင်ယင်ပုံ – ကျောင်းဝတ်စုံ။

ဇာတ်ညွှန်း – ကားလိပ်ဖွင့်သည်နှင့် ကခွင်ရှေ့ ဘယ်ခြမ်းမှ ခင်လေးချစ်နှင့် မြမြသွင် လက်ကိုဆွဲ။ မြမြသွင်က ဘာမှန်းညာမှန်းမသိ၍ ဆုတ်ကန်ဆုတ်ကန်ဖြစ်နေ။

မြမြသွင် – ဟဲ့ ... ခင်လေးချစ်ရယ်၊ ဖြည်းဖြည်းဆွဲစမ်းပါဟ။ ဒီကလက်တွေပြုတ်ထွက်တော့မလားအောက်မေ့ ရတယ်။ ဘာတွေများ ဒီလောက်အရေးကြီးနေ လို့လဲ။

www.burmeseclassic.com



ခင်လေးချစ် – အရေးကြီးပါသော်ကောမြရယ် ... နင့်ကိုငါမေးစမ်းပါရစေ ... ညည်း ငါ့ကိုညွှန်တဲ့ဆေးက ဘာဆေးလဲ။ အို ... ဘာဆေးလဲလို့ မေးနေဖို့မလိုတော့ပါဘူး။ အဲ့ဒါ စိတ်ကြွရူးသွပ်ဆေးတွေပါလား။

မြမြသွင် – (အံ့သြဟန်ဖြင့်) ဟဲ့ ... ဟုတ်လို့လား ... နင့်ကို ဘယ်သူကပြောလဲ။ ငါ့အစ်ကိုက စိတ်ကြည်လင် ပျော်ပါးစေတဲ့ဆေးပြားဆိုလို့ ငါသုံးနေတာကြာပြီ။ တကယ်လည်းစိတ်ပျော်ပါးတာ နင်လက်တွေ့ပဲဟာ။

ခင်လေးချစ် – အေး ... ငါလည်း ရိုးရိုးသားသားထင်မိတာ။ မနေ့ကမှ အမေက အစွဲထိုးပြတယ်။

မြမြသွင် – အစွဲထိုးပြတယ်။

ခင်လေးချစ် – ဟုတ်တယ်။ MANA အဖွဲ့က အိမ်ရောက်လာတယ်။ သိရတာကတော့ ကိုယ့်အဖေက ကိုယ်တို့အတွက် သွားရောက်ဆွေးနွေးလို့ ရောက်လာတာ။ အဲဒီ မားနားအဖွဲ့တွေက မူးယစ်ဆေးဝါးဆန့်ကျင်ရေးဟောပြောချက်အစွဲ ယူလာတယ်တဲ့။ အဲ့ဒါကို ထိုးပြတော့မှ ဒါဟာ စိတ်ကြွဆေးမှန်း သိရတာ။ (မြမြသွင်က မျက်လုံးပြူးကြည့်လျက် ခေတ္တငိုင်သွား။ ပြီးမှ ပျာပျာသလဲအမူအရာနှင့်ပြော)

မြမြသွင် – ဟယ် ... ဒီကိစ္စကို ငါတကယ်မသိတာနော်။ နင့်ကို မကောင်းကြံချင်စိတ်နဲ့ပေးတာမဟုတ်ဘူး။ အဲ့ဒါ ပဲတယ်။

ခင်လေးချစ် – ဒုက္ခပါပဲလုပ်မနေနဲ့ မြမြသွင်။ နင်ရောငါပါ ဒီဆေးစွဲသလိုဖြစ်နေပြီ။ အဲ့ဒါ ဘယ်လိုလုပ်ရမှန်းမသိတော့ဘူး။

www.burmeseclassic.com


မြမြသွင် - အမှန်ပဲ။ ငါလည်း ဒီဆေးသောက်ရင် ပျော်ချင်သလိုလို ကချင်ကုန်ချင်သလိုလို ဖြစ်လို့ သဘောကျနေတာ ခုတော့ခက်ပြီ။

ခင်လေးချစ် - တစ်ခုတော့ရှိတယ်။ MANA အဖွဲ့တွေက တို့ကို အကူအညီပေးမယ်လို့တော့ သိလာတယ်။ ဘယ်လို အကူအညီပေးမယ်ဆိုတာတော့ မသိသေးဘူး။ ဘာပဲဖြစ်ဖြစ်ဟာ အခြေအနေ စောင့်ကြည့်ရမှာပဲ။ ဒါနဲ့ နင့်မှာ ဆေးပြားပါလာသေးလား။

မြမြသွင် - ဘာလဲ၊ နင်က သုံးချင်သေးလို့လား။

ခင်လေးချစ် - သုံးတော့သုံးချင်တယ်။ ဒါပေမဲ့ ငါဆုံးဖြတ်လိုက်ပြီ။ မသိခင်မှားခဲ့တာ သိလာတော့ ဆက်မမှားတော့ဘူး။ တတ်နိုင်သမျှ ရှောင်ရှားတော့မယ်။

မြမြသွင် - ကောင်းတယ်။ ဒါဆို ငါ့မှာပါလာတာတွေ လွှင့်ပစ်တော့မယ်။ (မြမြသွင်က လွယ်အိတ်ထဲက စိတ်ကြွဆေးပြားများကိုထုတ်ပြီး သွားလေရော့ဟု ပြောပြီး လွှင့်ပစ်လိုက်စဉ် ပြည်ဖုံးကားကြီးတလိမ့်လိမ့် ကျလာ)

www.burmeseclassic.com

www.burmeseclassic.com

## (ပြကွက်–၁၅)

| | | |
|---|---|---|
| နေရာ | – | အထကကျောင်း။ ခန်းမဆောင်။ |
| အချိန် | – | နံနက်ပိုင်း။ |
| အခင်းအကျင်း | – | ခန်းမဆောင်သဏ္ဌာန် ကားချပ်ချထား။ နံရံတွင် ကျောင်း၏ဆောင်ပုဒ်များဖြစ်သည့် ကျောင်းမှန်မှန် တက် စာမခက်၊ မိဘဆရာပူဇော်မေ တပည့်ပညာ ကောင်း စသည့် ဆောင်ပုဒ်များ၊ နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်စာတမ်း၊ ကျောင်းသားများ လိုက်နာရမည့်စည်းကမ်း။ ကျောင်းခန်းမဆောင် ဘယ်ဘက်ထိပ်တွင် စကားပြောစင်၊ စင်ထောင့် ဘယ်ဘက်စွန်းတွင် စားပွဲ၊ ကုလားထိုင်၊ စကား ပြောခွက်ကို ပြင်ဆင်ထား။ စားပွဲပေါ်တွင် သောက် ရေသန့်ဘူးနှင့် ရေခွက်တင်ထားစေ။ ပရိဂျက်တာ တစ်ခု အသင့်တပ်ဆင်ထား။ |
| မီး | – | ကခွင်တစ်ခုလုံး အလင်းရအောင် ထက်အောက် ဘေးဘယ်ညာမီးများ ပေးထား။ |
| အသံ | – | ဘက်ပေါင်းစုံမှ အသံများကြားနိုင်ရန် အသံဖမ်း ခွက်များတပ်ဆင်ထား။ |
| ဝတ်စားဆင်ယင်မှု | – | ကျောင်းဝတ်စုံ MANA အဖွဲ့ဝင်များ ဝတ်ဆင်ထား။ |



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ဝင်ပစ္စည်း – ပရိုဂျက်တာတစ်ခု၊ ထိုင်ခုံအပြည့်အစုံ၊ ပိတ်ကား တစ်ခုအသင့်ထောင်ထား။

ဇာတ်ညွှန်း – ပြကွက်ပြောင်းတီးလုံးဆုံးလျှင် ကန့်လန့်ကာဖွင့်။ ခန်းမဆောင်တွင်း၌ ကျောင်းသားများ အသင့်နေရာယူထား။ ဆရာ၊ ဆရာမများက ကျောင်းသားများ၊ ဘေးနှင့်နောက်တွင် နေရာယူထားပြီး အခမ်းအနားမှူးလုပ်မည့် ဆရာမနှစ်ဦး ညာဘက်စားပွဲတွင် နေရာယူထားပြီး စာရွက်စာတမ်း ကိုင်ထားစေ။

ဆရာမဒေါ်မှုမှု – အားလုံးမင်္ဂလာပါ။ ခုချိန်ကစပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက လာရောက်ပညာပေးဟောပြောမည့်အစီအစဉ် စတင်ကြောင်း ကြေညာအပ်ပါတယ်။
(လက်ခုပ်သံများ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လာ) ဟုတ်ကဲ့၊ အစီအစဉ် (၁) အရ ဖွင့်လှစ်ကြောင်း ကြေညာပြီးတဲ့နောက် အစီအစဉ် (၂) အရ ကျောင်းအုပ်ဆရာမကြီးရဲ့ အမှာစကားပြောကြား ဖို့ဖြစ်ပါတယ်။ ဒါကြောင့် အမှာစကားပြောကြား ပေးဖို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မူကို ဖိတ်ခေါ်အပ်ပါတယ်)

(ဆရာမကြီး ဒေါ်ယဉ်မူက ထိုင်ခုံမှထလာပြီး စကားပြောခွက်ရှိရာ ဖြည်းညင်းစွာ လျှောက်သွား)

ဆရာမကြီးဒေါ်ယဉ်မူ – လေးစားအပ်ပါသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းမှ ဂုဏ်သရေရှိလူကြီးမင်း များနဲ့ ဆရာ၊ ဆရာမများ၊ ကျောင်းသူကျောင်း

www.burmeseclassic.com

www.burmeseclassic.com



သားများကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ဒီနေ့ ကျွန်မတို့ကျောင်းကိုလာရောက်ပြီး မူးယစ်ဆေးဝါးနဲ့ စိတ်ကြွရူးသွပ်စေတဲ့ ဆေးဝါးများ အန္တရာယ်အကြောင်း ပညာပေးဆွေးနွေးပေးတဲ့ MANA အဖွဲ့ကို ကျေးဇူးတင်ကြောင်း ဦးစွာပြောလိုပါတယ်။ (ဆရာမကြီးက MANA အဖွဲ့ဝင်များဘက်လှည့်၍ ဦးညွှတ်ဂါရဝပြု) ဒီနေ့ ကမ္ဘာ့လူသားတွေရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေတဲ့ မူးယစ်ဆေးဝါးကို တစ်ကမ္ဘာလုံးက တိုက်ဖျက်ဖို့ ကြိုးစားနေတာ အားလုံးအသိပါ။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်မြင်သံကြားစတဲ့ မီဒီယာတွေကလည်း လှုံ့ဆော်နေတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဗဟိုကလည်း (၁၅) နှစ် စီမံကိန်းရေးဆွဲပြီး စနစ်တကျဆောင်ရွက်နေတယ်။ အလားတူပဲ MANA မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကြီးက တိုက်ဖျက်ရေးလုပ်ငန်းကို အထောက်အကူပြုဖို့ ပညာပေးဟောပြောမှုလုပ်နေတာတွေ့ရပါတယ်။ ဒါဟာ ဘာကိုပြတာလဲဆိုရင် မူးယစ်ဆေးဝါးအန္တရာယ် ဘယ်လောက်အရေးကြီးနေတယ်၊ ဘယ်လောက်အန္တရာယ်များနေတယ်ဆိုတာ သိသာပါတယ်။ လူသားမျိုးဆက်ပြတ်အောင် ဒုက္ခပေးနိုင်တဲ့ ဒီမူးယစ်ဆေးကြောင့် လူသားအရင်းအမြစ် တည်ဆောက်နေတဲ့ နိုင်ငံတော်ရဲ့ ရည်မှန်းချက်ကို ဖျက်ဆီးစေရာလည်း ရောက်ပါတယ်။ ဒီမူးယစ်ဆေးကြောင့် နိုင်ငံတော်

www.burmeseclassic.com



ရဲ့ ပညာရေးရည်မှန်းချက်၊ ပညာတတ်လူငယ်တွေ မွေးထုတ်ရေးစီမံချက်တွေ ပျက်ပြားနိုင်ပါတယ်။ ဒါကို အချိန်မီမဟန့်တားလို့ မရတော့ပါဘူး။ ဝိုင်းဝန်း ဟန့်တားရပါမယ်။ ခုလို အခြေအနေအရ လိုအပ် ချိန်မှာ MANA အဖွဲ့က ခုလိုလာရောက် ပညာပေး ဟောပြောတဲ့အတွက် ကျေးဇူး တင်ကြောင်း ပဏာမပြောကြားရင်း နိဂုံးချုပ်ပါတယ်။

(လက်ခုပ်သံများထွက်လာ)

(ဆရာမကြီးက ဂါရဝပြုနှုတ်ဆက်ပြီး စင်ပေါ်မှဆင်းလာ။ အခမ်းအနားမှူးက နောက်အစီအစဉ်ကြေညာရန်ပြင်ထ)

ဒေါ်မူမူ - ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောပြီးတဲ့နောက် အစီအစဉ် (၃) အရ MANA အဖွဲ့မှ ဆရာဝန်ကြီး ဒေါက်တာဘသောင်းရဲ့ ပညာပေး ဟောပြောမှု အစီအစဉ်ဖြစ်ပါတယ်။ ဒါကြောင့် ဆရာကြီးအား ဟောပြောပေးဖို့ ဖိတ်ခေါ်အပ်ပါတယ်။

(ဆရာမ ပြန်ထိုင်ချိန် ဒေါက်တာဘသောင်း ထိုင်ခုံမှထလာ။ စင်ပေါ်တက် နေရာယူ။ ပရိဂျက်တာပြမည့်သူများ အသင့်နေရာယူ။ ကျောင်းသားများ အားလုံးငြိမ်သက်နေ။ ခင်လေးချစ်က မြမြသွင်ဘက်လှည့်လျက် အဓိပ္ပာယ် ပါသည့်အကြည့်နှင့် ကြည့်)

ခင်လေးချစ် - မူမူ၊ ငါတို့အခန်းထဲက ထွက်သွားရအောင်။

မူမူ - (အံ့သြထိတ်လန့်သည့် အမူအရာနှင့်) ဟဲ့ ... ဘယ် ဖြစ်မလဲ။ ဆရာ၊ ဆရာမတွေရှိတယ်။ အခန်းပတ် ပတ်လည်မှာ ဝိုင်းဝန်းကြီးကြပ်နေတယ်လေ။

ခင်လေးချစ် - (အသားအရေဖျော့တော့နေပြီး ရင်ကိုဖိလျက် ကတုန်ကယင်အသံဖြင့်) ငါ ထိုင်လို့ကိုမရတော့ဘူး။ ဆက်ထိုင်ရင် လဲကျသွားတော့မယ်။

www.burmeseclassic.com

www.burmeseclassic.com



မှုမှု – ဟုတ်လား။ အဲဒီ ငါဘာလုပ်ပေးရမလဲ။

ခင်လေးချစ် – တို့နှစ်ယောက် အခန်းထဲက ထွက်ကြရအောင်ဟာ။

မှုမှု – (ဘယ်လိုလုပ်ရမည်ကို အကြံမရတာနှင့် ခေါင်းကုတ်။ ပတ်ဝန်းကျင်ထဲက အကူအညီ ရလိုရငြား လှည့်ပတ်ကြည့်။ လှုဝင်ပေါက်တွင် ကုလားထိုင် တစ်လုံးနှင့် ထိုင်လျက်ကြီးကြပ်နေသည့် ဆရာမ တစ်ဦးက သူတို့နှစ်ဦးကို အကဲခတ်တာနှင့်ကြည့် နေသည်ကို တွေ့ရ၍ အားတက်သွား။) ခင်လေးချစ်၊ ခဏလေးနေ၊ ငါ ဆရာမကို သွားပြောကြည့်မယ်။

ခင်လေးချစ် – မြန်မြန်သွားဟယ်၊ ငါ့ခေါင်းတွေ တည်လို့မရတော့ဘူး။

မှုမှု – (ဆရာမထံ အမြန်လျှောက်သွားပြီး အကျိုးအကြောင်းပြောပြ။ ဆရာမက နားလည်ခွင့်ပြုတာနှင့် လက်ခံရင်း ဆရာမကြီးထံ မျက်နှာရိပ် မျက်နှာကဲဖြင့် အသိပေးတာနှင့် မှုမှု အမြန်ပြန်လျှောက်လာ။) လာ ခင်လေးချစ်။ ဆရာမက နားနေခန်းထဲသွားနေလို့ပြောတယ်။ နင် သိပ်ဘုရားမပျက်စေနဲ့။ ကိုယ့်စိတ်ကို တင်းထား။

မှုမှုက ခင်လေးချစ်ကို မသိမသာတွဲပြီး ခေါ်လာစဉ် အသင့်တောင်ထားသော ပိတ်ကားပေါ်သို့ ပရိုဂျက်တာမှ အလင်းတန်း ကျရောက်လာ။

အခန်းတွင်း မီးရောင်ကို မှိန်ဖျော့ထားပြီး ဆလိုက်မီးဖြင့် ခင်လေးချစ်နှင့် မှုမှုကို အာရုံပြုစေရန် ထိုးပြထား။ မှုမှုက ခင်လေးချစ်ကိုတွဲလျက် တိုင်ပုံး ကန့်လန့်ကာနောက် တွဲခေါ်ထားစဉ်မှာပင် အခန်းတွင်း မီးမှောင်။

(အခန်းပြောင်း)

www.burmeseclassic.com

www.burmeseclassic.com

## (ပြကွက်–၁၆)

ဇာတ်ညွှန်း – ပြခွင်ကို ပြောင်းလဲခြင်းမရှိဘဲ မီးရောင်ဖြင့်သာ အခန်းကူးပြောင်းပြီး မူလခွင်ကို အမှောင်ချထား။ ဟောပြောပို့ချသည့် ဒေါက်တာဘသောင်းနှင့် ဗိတ်ကားကိုသာ ဆလိုက်မီးများဖြင့် ကွက်ထိုးထား။ ခန်းမတွင်း စုရုံးရောက်ရှိနေသော ကျောင်းသားများကို အာရုံမထားစေရန် အမှောင်ချထား။ ဆရာကြီး ဦးဘသောင်းက ကျောင်းသားများဘက် မျက်နှာမူလျက် ဟောပြောချက်စတင်။

ဒေါက်တာဘသောင်း – ကျေးဇူးပါ။ ဒီနေ့ ကျွန်တော်တို့အဖွဲ့ လာရောက်ဟောပြောတဲ့အကြောင်းက မူးယစ်ဆေးစွဲခြင်းနှင့် အန္တရာယ်များအကြောင်းဖြစ်ပါတယ်။ မူးယစ်ဆေးနဲ့ပတ်သက်လို့ သတင်းစာ ဂျာနယ်တွေမှာ ဖတ်ရပါလိမ့်မယ်။ အန္တရာယ်ကိုလည်း အကြမ်းဖျင်းတော့ သိထားကြမှာပါ။ ကျွန်တော့်အနေနဲ့ အကျယ်ချဲ့မပြောတော့ပါဘူး။ ဒီနေရာမှာ အဓိကအလေးထားပြောသွားမှာက ဆေးစွဲခြင်းနဲ့ ဆေးအမျိုးမျိုး၊ လူငယ်သဘာဝနှင့် ဆေးစွဲခြင်းရလာဒ်ကိုပဲ အလေးထား တင်ပြပါမယ်။ ကျောင်းသူကျောင်းသားများအနေနဲ့ ဟောဒီမှာမြင်နေရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ကားပေါ်ကြည့်ပါ။ (ပိတ်ကားကို လက်ညှိုးညွှန်ပြ) ဒီပေါ်မှာ အချက်အလက်တွေရေးထားပါလိမ့်မယ်။ ကျောင်းသူ ကျောင်းသားတွေက ကျွန်တော့်ကို ကူညီတဲ့အနေနဲ့ ဆေးစွဲခြင်း အချက်အလက်တွေ တစ်ချက်ချင်း ကျယ်ကျယ် ဖတ်ပြစေချင်ပါတယ်။

(ပရိုဂျက်တာမှ ပိတ်ကားပေါ် စာတမ်းထိုးပြ။ ကျောင်းသားများ လိုက်ဖတ်စေ)

ကျောင်းသားများ – ဆေးစွဲခြင်းဆိုသည်မှာ (၁) မည်သည့်ဆေးဝါးမဆို ခန္ဓာကိုယ်တွင်းသို့ တစ်နည်းနည်းဖြင့် ရောက်ရှိခြင်း၊ (၂) သွေးအတွင်းသို့ ရောက်ရှိခြင်း၊ (၃) အသည်း၊ နှလုံး၊ အဆုတ်သို့ ရောက်ရှိခြင်း၊ (၄) ဦးနှောက်သို့ရောက်ရှိခြင်းနှင့် (၅) အမူအကျင့် ပြောင်းလဲစေခြင်းတို့ဖြစ်သည်။

(ပရိုဂျက်တာရပ်၊ ကျောင်းသားများအသံတိတ်သွား။ ဒေါက်တာ ဘသောင်းမှ ဆက်လက်ရှင်းပြ။)

ဒေါက်တာဘသောင်း – ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ ဆေးစွဲခြင်းအဆင့်ကို ဒီလို ငါးဆင့်သတ်မှတ်ထားပါတယ်။ ပထမအဆင့်မှာ မည်သည့်ဆေးဝါးမဆို ခန္ဓာကိုယ်တွင်း တစ်နည်းနည်းနဲ့ ရောက်ရှိခြင်းလို့ တွေ့ရှိရပါလိမ့်မယ်။ စားလို့ပဲဖြစ်ဖြစ်၊ ထိုးဆေးသွင်းလို့ပဲဖြစ်ဖြစ် ခန္ဓာကိုယ်ထဲဝင်သွားတာ ပထမအဆင့်ပါ။ ဒီလို ဝင်သွားပြီဆိုကတည်းက ဆေးရဲ့အနှံသင်တာ ခန္ဓာကိုယ်ကို သက်ရောက်အကျိုးပြစ်ဖြစ်စေပါပြီ။ (ဆရာက စကားခေတ္တရပ်ပြီး ကျောင်းသားများ

www.burmeseclassic.com

www.burmeseclassic.com



နားလည်ခံယူနိုင်မှုရှိမရှိအကဲခတ်။ ခင်လေးချစ်နှင့် မြမြသွင်တို့ တီးတိုးစကားပြော။) နောက်တစ်ဆင့်က သွေးထဲရောက်ပြီဆိုတာနဲ့ တစ်ကိုယ်လုံးကို အာနိသင်သက်ရောက်သွားစေပါတယ်။ နောက်တစ်ဆင့် သွေးကနေပြီး အသည်း၊ နှလုံး၊ အဆုတ်စတဲ့နေရာတွေ ရောက်သွားပါလိမ့်မယ်။ ပြီးတော့ ဦးနှောက်ဆီ ရောက်သွားပါတယ်။ ဦးနှောက်ဆီရောက်သွားရင် အန္တရာယ်ဖြစ်စေတဲ့ ဆေးဟာ လူ့ခန္ဓာကိုယ်မှာ ပုံမှန်လုပ်ဆောင်နေတဲ့ အလုပ်တွေ မလုပ်နိုင်အောင် ဖျက်ဆီးပစ်တော့တာပါပဲ။

(နောက်ပိုင်းမှ ကျောင်းသားတချို့၏ စကားပြောသံထွက်လာ၍ ကြီးကြပ်သည့်ဆရာက ငြိမ်သက်နားထောင်ရန် အချက်ပြ။ ကျောင်းသားများ အသံပြန်တိတ်သွား။ ပရိဂျက်တာမှ အလင်းတန်းပြန်ထွက်လာ)

ဒေါက်တာဘသောင်း - ကောင်းပါပြီ။ ဒုတိယအချက်ဖြစ်တဲ့ ဆေးစွဲခြင်း အဆင့်ဆင့်ကို ထပ်မံရှင်းပြပါမယ်။ ကျောင်းသူကျောင်းသားများက ပိုင်းကူဖတ်ပေးပါဦး။

ကျောင်းသားများအသံ - ဆေးစွဲခြင်းအဆင့်ဆင့်မှာ (၁) စမ်းသပ်ခြင်း၊ (၂) အကျင့်ဖြစ်ခြင်း၊ (၃) အချိန်မှန်သုံးစွဲခြင်း၊ (၄) ဆေးရှိန်တက်လာခြင်း။ (၅) မရမနေသုံးခြင်း၊ (၆) စွဲခြင်းနှင့် (၇) ဆေးစွဲခြင်းတို့ဖြစ်ပါတယ်။

ဒေါက်တာဘသောင်း - ဟုတ်ပါပြီ။ ဒါကတော့ ဆေးသုံးသူရဲ့ အနေအထားကို ပိုင်းခြားပြတာပါ။ ကျွန်တော်တို့လူငယ်တွေဟာ လူငယ်သဘာဝအရ စမ်းသပ်ချင်တယ်။ ဆေးလိပ်မသောက်ဖူးသူဟာ ဆေးလိပ်အရသာမသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူများပြောတာကိုကြားဖူးတယ်။ သောက်တာ တွေ့ဖူးတယ်။ မြင်နေရ တွေ့နေရတာကြည့်ပြီး အားကျလာတယ်။ ဒီတော့ လက်တွေ့လုပ်ကြည့် ချင်ကြတယ်။ ဆိုပါတော့၊ စိတ်ကြွဆေးသုံးနေသူက ဒီဆေးပြားသောက်ရင် စိတ်ရွှင်လန်းတယ်၊ တက် ကြွတယ်၊ ပျော်ရွှင်လာတယ်၊ မယုံရင် စမ်းသုံး ကြည့်ပါလားလို့ တိုက်တွန်းထားတယ်ဆိုပါတော့။ အစပထမတော့ ဘာမှန်းညာမှန်းမသိလို့ ကြောက် လန့်နေကောင်းနေပါလိမ့်မယ်။ တစ်ခါက နှစ်ခါ တိုက်တွန်းလာတော့ စမ်းသပ်ကြည့်ချင်စိတ်ဖြစ် လာမယ်။ အို ... တစ်ခါတစ်ရံသုံးတာတော့ ဘာမှ မဖြစ်လောက်ပါဘူးဆိုပြီး သုံးကြည့်မိမယ်။ အဲဒီ ဆေးစွဲဖို့အကြောင်းဖန်လာတာပါပဲ။ အစရှိ နောင် နောင် ဆိုတဲ့စကားအတိုင်း တစ်ခါသုံးမိတော့ နောက်တစ်ခါသုံးမိဖို့ ဝန်မလေးဘူး။ ဒီတော့ တစ် ကြိမ်ကနှစ်ကြိမ်၊ နှစ်ကြိမ်က သုံးကြိမ်၊ နောက် အချိန်မှန်မှန်သုံးရမှ ဖြစ်တဲ့အနေအထားကို ရောက် လာတယ်။ ပုံမှန် တစ်ပြားသောက်နေကျသူဟာ နောင်ဆို တစ်ပြားက နှစ်ပြား၊ နှစ်ပြားက သုံးပြား သုံးရမှဖြစ်တဲ့အနေအထား ရောက်သွားတယ်။ အဲဒီ လူဟာ နောက်ဆုံး မသုံးရမနေနိုင်တဲ့အဆင့် ရောက်ပြီး နောက်ဆုံးတော့ ဆေးစွဲတော့တာပါပဲ။

(ပရိုဂျက်တာက မီးလင်းလာ။ ပိတ်ကားပေါ်တွင် စာတမ်းများ ပေါ်လာ ... ကျောင်းသားများက မတိုက်တွန်းရဘဲ ညီညီညာညာ ဖတ်ကြ)

www.burmeseclassic.com



ကျောင်းသားများအသံ - ဆေးစွဲခြင်း၏ အဓိကအချက်များမှာ (၁) စိတ်စွဲလမ်းခြင်း။ (၂) ခန္ဓာကိုယ်၏စွဲလမ်းခြင်း။ (၃) ဆေးရှိန်မြင့်လာခြင်း။ (၄) မရမနေသုံးစွဲခြင်းတို့ဖြစ်ပါသည်။

ဒေါက်တာဘသောင်း - ကျေးဇူးတင်ပါတယ်။ ဆေးစွဲခြင်းဟာ စိတ်က စွဲလမ်းတာ၊ ကိုယ်ခန္ဓာက စွဲလမ်းတာလို့ သတ်မှတ်ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စွဲလမ်းပြီဆိုတာနဲ့ ဒီလူရဲ့ဘဝဟာ ဒုက္ခများပြီလို့ပြောရင်ရပါတယ်။ ဆိုပါတော့၊ ဖြူစင်တဲ့ပိတ်စလေးတစ်စဟာ ဘာမှ မစွန်းထင်းရင် မညစ်နွမ်းဘူး။ အဲဒီပိတ်စလေးကို မင်ပဲစွန်းစွန်း၊ ကွမ်းတံတွေးပဲစွန်းစွန်း ပစ်ရသွားပြီ။ အစွန်းကိုချွတ် ရကောင်းရမယ်။ ဒါပေမဲ့ ပကတိအနေအထားတော့ မဖြစ်နိုင်တော့ဘူး။ ပကတိအနေအထားမဖြစ်ရင် ပျက်စီးပြီလို့ ပြောနိုင်ပါတယ်။ ကျွန်တော်ပြောတာ သဘောပေါက်ပါတယ်နော်။

ကျောင်းသားများအသံ - ပေါက်ပါတယ်။

ဒေါက်တာဘသောင်း - ကောင်းပါပြီ။ စွဲလမ်းစေပြီး ဆိုးကျိုးပေးနိုင်တဲ့ မူးယစ်ဆေးတွေအကြောင်း ဆက်ရှင်းပြပါမယ်။ မူးယစ်ဆေးကို နှစ်မျိုးနှစ်စားခွဲထားပါတယ်။ ကဲ ... အားလုံးဖတ်ပါဦး။

ကျောင်းသားများအသံ - မူးယစ်ဆေးမှာ (၁) အပြင်းစား (သို့) ဥပဒေအရ မသုံးရသည့်ဆေး။ (၂) အပျော့စား (သို့) ဥပဒေအရ သုံးနိုင်သောဆေးတို့ဖြစ်ပါသည်။

ဒေါက်တာဘသောင်း - ဟုတ်ပါတယ်။ ခုရေးပြထားသလို အပြင်းစား၊ အပျော့စားဆိုပြီး ခွဲထားပါတယ်။ အပြင်းစားဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်က တားမြစ်ထားတဲ့ဆေးတွေပါ။ ဒီဆေးတွေမသုံးရဘူး။ လက်ဝယ်မထားရဘူး။ မရောင်းချရဘူး။ သယ်ဆောင်မသွားရဘူး။ အဲဒီသတ်မှတ်ချက်ဖောက်ဖျက်ရင် ဥပဒေအရ အရေးယူခံရပါမယ်။ ကဲ ... ဘယ်ဆေးတွေလဲဆိုတာ သိအောင် လိုက်ဖတ်ကြည့်ပါ။

ကျောင်းသားများအသံ – အပြင်းစားဆေးမှာ (၁) ဘိန်းအမျိုးအစား ၁၃၉ မျိုး၊ (၂) ဆေးခြောက်အမျိုးအစား ၁၉ မျိုး၊ (၃) ကိုကင်း တစ်မျိုး၊ (၄) စိတ်ကိုပြောင်းလဲစေသော ဆေး ၁၁၄ မျိုးနှင့် မူးယစ်ဆေးထုတ်လုပ်သည့် ဓာတုဆေးများဖြစ်ပါသည်။

ဒေါက်တာဘသောင်း – ဟုတ်ပါတယ်။ ဒီဆေးတွေဟာ ဥပဒေအရ စားသုံးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊ မရှိရပါဘူး။ ဆိုပါတော့ တားမြစ်ထားတဲ့ စိတ်ကြွဆေးတစ်မျိုးမျိုး လက်ဝယ်တွေ့ရင် ဒီလူကို အရေးယူလို့ရပါတယ်။ ကဲ ... နောက်ဆက်ဖတ်ပါဦး။

ကျောင်းသားများအသံ – အပျော့စားဆေးမှာ (၁) ဆေးလိပ်အမျိုးမျိုး၊ (၂) အရက်၊ ဘီယာအမျိုးမျိုးနှင့် (၃) လက်ဖက်ရည်၊ ကော်ဖီတို့ဖြစ်ပါသည်။

(ကျောင်းသားများ စာဖတ်ပြီးသည်နှင့် ကျွတ်စီကျွတ်စီအသံများထွက်ပေါ်လာ။ ဆရာများက စကားသံမထွက်ရန် လှမ်းအော်တားမြစ်)

ဒေါက်တာဘသောင်း – (နားလည်ခွင့်လွှတ်တန်ဖြင့် နှစ်လိုဖွယ်ပြုံးလိုက်) ဟုတ်ကဲ့၊ ကျောင်းသားတွေ ဘာပြောကြမယ်ဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်။ အပျော့စားဆေးထဲမှာ လက်ဖက်ရည်၊ ကော်ဖီပါနေတာ၊

www.burmeseclassic.com

www.burmeseclassic.com



အရက်တွေ၊ ဘီယာတွေပါနေတာ၊ နောက် ဆေးလိပ်ပါနေတာ တွေ့ရလို့မဟုတ်လား။ ဒီပစ္စည်းတွေဟာ မူးယစ်ဆေးထဲပါတယ်လို့ သိမှာလဲမဟုတ်ဘူး။ သတ်မှတ်ကြမှာလဲ မဟုတ်ပါဘူး။ အမှန်တော့ ဉပါဒ် ဖြစ်စေနိုင်တဲ့ပစ္စည်းတွေပါ။ ပြင်းပြင်းထန်ထန် ဉပါဒ်မဖြစ်နိုင်လို့ ဥပဒေအရ မတားမြစ် မပိတ်ပင်ပေမယ့် ကျန်းမာရေးတော့ ထိခိုက်နိုင်တာချည်းပါပဲ။ ကျောင်းသားတွေတွေ့မှာပါ။ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေ၏လို့ ဆေးလိပ်ကြော်ငြာတွေမှာ ရေးထားတာ။

ကျောင်းသားများအသံ – တွေ့ပါတယ်။

ဒေါက်တာဘသောင်း – ဒါဟာ ကျန်းမာရေးဌာနက တားမြစ်တာပါပဲ။ မကောင်းဘူး ရှောင်ကြဉ်ပါ။ မရှောင်ရင် လူကို ဉပါဒ်ဖြစ်စေတယ်။ ခုမဖြစ်သေးရင်လည်း နောင်တစ်နေ့ဖြစ်မယ်လို့ အသိပညာပေးတာပါ။ ဥပဒေအရ မတားမြစ်ပေမယ့် ကျန်းမာရေးအသိအရ တားမြစ်တယ်ဆိုတာ သိစေတာပါပဲ။

(ကျောင်းသားများ တိုးတိုးစကားသံများ ဟိုမှဒီမှထွက်လာ။ ဒေါက်တာဘသောင်းမှ ပရိုဂျက်တာထိုးပြသူများထံ တစ်စုံတစ်ခုလှမ်းပြော)

ဒေါက်တာဘသောင်း – ကဲ ... မူးယစ်ဆေးဝါးရဲ့အန္တရာယ်ကို ဆက်သွားပါမယ်။ ဒါကိုလည်း ကျောင်းသားများက ဝိုင်းကူဖတ်ပေးပါဦး။

ကျောင်းသားများအသံ – မူးယစ်ဆေးဝါး၏အန္တရာယ်များမှာ (၁) ဦးနှောက်ထိခိုက်ပျက်စီးခြင်း၊ (၂) လူမှုရေး၊ စီးပွားရေးပျက်စီးခြင်း၊ (၃) ဆိုးဝါးသော ကူးစက်ရောဂါ ပျံ့နှံ့

www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ (၄) အသက်တိုစေခြင်း၊ (၅) ထက်မြက်ထူးချွန်သောလူငယ်များ ဆုံးရှုံးခြင်း၊ (၆) နိုင်ငံတော်နှင့်လူမျိုးဖွံ့ဖြိုးတိုးတက်မှု ဆုံးရှုံးခြင်းနှင့် (၇) နိုင်ငံတော်လုံခြုံရေးထိပါးစေခြင်းတို့ဖြစ်ပါတယ်။

ဒေါက်တာဘသောင်း – ကျေးဇူးတင်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ ပတ်သက်လို့ အဓိပ္ပာယ်အထူးရှင်းပြစရာမလိုအောင် ရှင်းလင်းပေါ်လွင်ပါတယ်။ ကျောင်းသူကျောင်းသားများလည်း ထိုင်နေရတာ ညောင်းညာနေမယ်လို့ ထင်ပါတယ်။ ဒီတော့ ခဏတာဖြုတ်နားဖို့ အချိန်ပေးလိုက်ပါမယ်။ နောက်တစ်ကြိမ်ပြန်စရင် ဒီနေ့ပောပြောတဲ့ ပညာပေးဟောပြောမှုနဲ့ပတ်သက်ပြီး မရှင်းလင်းတာ မေးမြန်းဖို့နဲ့ သိချင်တာတွေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ခေတ္တခဏ အနားယူကြပါခင်ဗျား။

(ဒေါက်တာဘသောင်းကပြောပြီး စကားပြောစဉ်ထက်မှဆင်းစဉ် တီးဝိုင်းမှ မူးယစ်ဆေးဝါးအန္တရာယ်ကို သိဖွဲ့ထားသောသီချင်းတီး၊ ပြည်ပုံးကာန့်လန့်ကာချ။)

www.burmeseclassic.com

www.burmeseclassic.com

## (ပြကွက်–၁၇)

နေရာ – မြို့ပြတစ်ခု၏ လမ်းတစ်နေရာ။

အချိန် – နေ့လယ်။

အခမ်းအနား – မြို့ပြသရုပ်ပေါ်အောင် တိုက်တာလူနေအဆောက်အအုံ၊ ယာဉ်ရထားများပါရှိသည့် နောက်ခံပန်းချီကားလိပ်။ ကခွင်နောက်ဘက်တွင် စူလတာန်၏ ကွမ်းယာဆိုင်သဏ္ဌာန်ထိုးကားတစ်ချပ်။

မီး – အပုရောင်မီးဖြင့် ကခွင်ကို ဖျန်းလောင်းထားရမည်။

အသံ – ယာဉ်ရထားတို့၏ သွားလာသံ၊ ခရီးသည်ပို့ဆောင်ရေးကားများမှ စပယ်ယာများ၏လှမ်းခေါ်သံ၊ ဈေးသည်များ၏ ဈေးခေါ်သံကို အသံသွင်းခွေမှ လွှင့်ပေးရမည်။ အတိုးအကျယ် လိုအပ်သလိုပြုပြင်ဖွင့်ပေး။

အဝတ်အစား – စုတ်ပြတ်ပေရေနေသည့် သူတောင်းစား အဝတ်အစား။ အရူးအဝတ်အစား။

ဇာတ်ဝင်ပစ္စည်း – တောင်းရမ်းသည့်ခွက်၊ တောင်ဝှေးတစ်ချောင်း။ စူလတာန်၏ဈေးဆိုင်။

ဇာတ်ညွှန်း – ပြကွက်ပြောင်းတီးလုံးဆုံးလျှင် ပြည်ပုံးကားဖွင့်။ လမ်းသွားလမ်းလာတို့ လှုပ်ရှားသွားလာနေဟန်၊ ကခွင်ဖြတ်လျှောက်သူတချို့။ စူလတာန်မှာမူ[illegible]က



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထိုင်ရောင်းချနေ။ ဈေးဝယ်သူတစ်ယောက် နှစ်ယောက် ပြောဆိုရောင်းဝယ်နေ။ ကခွင်ရှေ့ညာ ခြမ်းတိုင်ပုံးကြားက အရူးတန်ဆောင်ထားသည့် ရဲတပ်သားမောင်သွင်၏ ကမောက်ကမသီချင်းသံ ဦးစွာထွက်ပေါ်လာ။

မောင်သွင် – (ရက်ပ်သီချင်းဟန်) ဟော ... ဟော တွေ့ပြီ တွေ့ပြီ၊ သူပဲ ... သူပဲ။ တုတ်တုတ်လေ အမေ့သမီး ကျွန်တော့်ရည်းစား ××× ခုတော့ ပစ်ခွာသွားပြီ ... အလကားလူ ... အသုံးမကျဘူး ... စိန်ရွှေရတနာ ဝယ်မဆင်နိုင်တဲ့လူ ... ဒီလိုလူယူရင် ထမင်းအိုး အမြောက်တစ်ချက် ပစ်ချရမယ်။ မယုံရင်စမ်းကြည့်။ ဝုန်း ... ဒိုင်း ... ကျပြီ ... ကျပြီ။ ထမင်းအိုး မိုးပေါ်က ကျလာပြီ။ (တားကြ)[၁] အပုံးဖွင့်ပြီး (တားကြ)[၂]

(သီချင်းသံနှင့်အတူ တွန့်လိမ်ကွေ့ကောက်လျက် ဟန်ပါပါကနေ။ အဝတ်အစားမြင်ရုံဖြင့် ရူးသွပ်နေမှန်းသိစေ။ ခရီးသွားများက သူ့အသွင်၊ သူ့ကဟန်ပြပြီး အရူးကတစ်မူးသာပါလားဟူသောအသွင်နှင့် ရယ်သွား။ သီချင်းတီးကွက်ဆုံးတွင် ဖြုန်းခနဲ တီခနဲ ဘယ်ထောင့်စုလတန်၏ဆိုင်ရှေ့မှ သူတောင်းစားအသွင်ဆောင်ထားသော ရဲတပ်သားမောင်သွင်က ကုပ်ချောင်းချောင်းအမူအရာနှင့် ထွက်လာ။ တိုင်ပင်ကိုက်အနေအထားအရောက်တွင် အရူးက ဟယ် လောက ... ဟု အထိတ်တလန့်ထအော်။ ဈေးရောင်းနေသည့် စုလတန်မာမွတ် "အမေ့ ဘားဘား" ဟု ထအော်။ ထိတ်လန့်ရင်တုန်သွားဟန်ဖြင့် ရင်ကိုဖိရင်း အရူးကို ဆဲရေး။ သူတောင်းစားက လန့်ဖြန့်သွားဟန်ဖြင့် ခွက်လွတ်ကျ။ တင်းချိတုန်ချိ နှင့် လိုက်ကောက်။)

မောင်သွင် – ဟယ်လောက ... အသင်လောက၊ ဖောက်ပြန်နေတဲ့

www.burmeseclassic.com



လောက။ ဒီကမ္ဘာလောကကြီးကို ကြည့်ရင် ရုလတန်တို့ ကောင်းစားတယ်။ (ရုလတန် ဆိုင် လက်ညှိုးထိုးပြ။ ကုလားက အထိတ်တလန့် အမူ အရာနှင့်ကြည့်။ ပြီးတော့ ဈေးဝယ်နေသူနှင့် တစ်စုံ တစ်ရာပြောပြီး ရယ်မောနေ)

အသင်လောက ... ဒီလူတွေ ပြုံးနေတယ်။ ငွေမှာ ပူတယ်။ မိုးအခါ မိုးရွာတယ်။ ဆောင်းကျတော့ နှင်းကျတယ်။ ငွေမိုးဆောင်း ဥတုသုံးပါးလုံး ကောင်းစားနေတာက အရောင်းအဝယ်သမား။ စီးသွားရမှာက လေယာဉ်ပျံ။ ဝေဟင်ပျံဖို့ ပုစဉ်း ဖင်ကြားညှပ်။ ပတ်တပ်ဇေတို့လို မြည်တာကဖုံး ကုန်ချင်ရင် စိန်မွတ်တားဆီသွား။ အလကား တော့မရဘူး။ ဒူးလေးနဲ့ငှက်တော်၊ ပေါက်ဖော်က စိန်ဝှက်။ လိမ်နက်နေတာက ဖဲသုံးချပ်သမား။ မူးသွားတာက ဘုံဆိုင်ကပြန်လာတဲ့ မောင်သန်း။ ထောင်ဖမ်းရမှာက ဒေါ်ဘုမ။ ရှုမဝတာ မြသီတာ။ ဘကြည်ပါလို့ မစွပ်စွဲနဲ့။ ငွတ်ကဲနေသူက အောင်ဘန်း။ ထောင်ကျကိန်းကရှိတာက မိုက်တီး။ ရိုက်ပြီးခေါ်သင့်တာက ဆိုက်ကားသမား။ ဝေစား နေတာက ဟိုလူနဲ့ဟိုလူ။ အမယ်အမယ် လူလည် လိုလို ပတ်ကားလိုလိုနဲ့ မဟုတ်သလို ဟုတ်သလို မလုပ်နဲ့။ ရွှေအကြောင်း ဖယောင်းမှသိ၊ လူ့ အကြောင်း ပေါင်းမှသိ။ လုံပြီထင်လို့ ပုံကြည့်နေမှ ဖော်ပင်။ ခေါ်ချင်ရင် မန်းနီးပေး။ ဖမ်းမိ[illegible]ရမှာက ကျောက်ခဲ။ နောက်တွဲအဆစ်ပေးမှာက ဒိုးလုံးနဲ့

www.burmeseclassic.com



ပေသီး။ အရေးကြီးနေတာက မြစ်နားချောင်းနား။
မောင်းသွားရမှာက ဝိလီချစ်။ တွီတွီတစ်တဲ့လူက
ယာဉ်ထိန်းရဲ။ ကဲ ... ကိုယ့်လူရေ တားလိုက်စမ်း
ပော့ပိုကား။ ယာဉ်ထိန်းရဲကား။ ကိုယ့်လူရေ
တားလိုက်စမ်း ပော့ပိုကား။ ၈/၁၀ ၂၀ ပဲ ဆရာ
ရေ့ ... တွီ ... တွီ ... တွီး။
(ပြောကာဆိုကာနှင့် လည်ပင်းဆွဲထားသော ခရာ
ကိုထုတ်လျက်မှုတ်ပြီး ကားကို လက်ပြတား။
ကားကမရပ်ဘဲ မောင်းပြေးသဖြင့် သဘောကျ
ဟန်ဖြင့် ရယ်မောရင်း ထပ်ပြော)
ဟယ် ... လောက။ အသင်လောက ... တစ်လော
ကလုံးကလူတွေ ဥပဒေကို အလေးမထား ငံ့ရ
ငံ့ယူ ... သူရသူယူ ... ဦးသူအရယူပြီး လျင်သူ
စားစတမ်းတဲ့လား။ အိမ့်မျိုးလားတော့ ... ဦးသူရကြေး
ဆိုရင် ခုပင်အရဖမ်းဖို့ ... လှမ်းလိုက်ဦးမယ်ပ။
အဟမ်း ... အဟမ်း ... (မျက်နှာထားတည်တည်
နှင့် တီးဝိုင်းအဖွဲ့ကိုကြည့်လျက် ဆိုင်းဆင့်စေ)
အဟမ်း ... အဟမ်း ဒေဝအမော်သခင်ပါဗျ ...
ဝေဇယန္တာ ပလ္လင်နန်းပြာသာဒ်ဆောင်တက်ပါတော့
မတဲ့ ... သီချင်းဂီတဘာက်တွင် တစ်လူထင်လောက်
တဲ့ ... ဝိုင်းတီးဆရာ သခင်ပော်တိုဗင်ခေါင်းကွေးသိ
က မယွင်းတည်ကာ၊ ဖြစ်တကာယ်မညှိုးရအောင်
လို့ ... မောင်သခင်ခေတ်ချစ်စမ်းပြိုဖို့ ... တော်သခင်
ဂေါ်အရှင်ဖမ်းရအောင် ... တဲ့ ဇော်ဂွီဂွင်ဂွမ်း ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



တီးလုံးနဲ့ပို့။

(တီးဝိုင်းက တရုတ်မသာချသည့်တီးကွက်တီးသည်နှင့် ကွေးနေအောင် ကလျက် တစ်ဖက်သို့ ဝင်သွား၏။ သူတောင်းစားကလည်း ကျသွားသော သူ့ခွက်ကို ဖုန်ခါလျက် ဘာမှန်းမသိပါဘူး ... စိတ်ရှုပ်တယ်ဟူသော အမူအရာ ဖြင့်ပြရင်း အခြားတစ်ဖက်သို့ဝင်၊ လမ်းဘေးက ရပ်ကြည့်နေသူတို့က သဘောကျဟန်ဖြင့် ရယ်မောနေစဉ် ကားလိပ်ချ။)

www.burmeseclassic.com

www.burmeseclassic.com

## (ပြကွက်–၁၈)

| | | |
|---|---|---|
| နေရာ | – | ဦးဘကောင်းအိမ် ဧည့်ခန်း။ |
| အချိန် | – | နံနက်ပိုင်း။ |
| အခမ်းအနား | – | လူနေမှုအဆင့်အတန်းရှိသည့် ဧည့်ခန်းအခင်းအကျင်း။ |
| မီး | – | ပြခွင်မီးများ ပုံမှန်အနေအထား။ |
| အသံ | – | ပြခွင်နေရာအစုံမှ အသံများကြားနိုင်အောင် အသံဖမ်းခွက် ပြည့်စုံစွာတပ်ဆင်ထား။ |
| အဝတ်အစား | – | သာမန်ဝတ်စုံ၊ ကျောင်းဝတ်စုံ၊ လွယ်အိတ်၊ ထီး၊ ဖိနပ်။ |
| ဇာတ်ဝင်ပစ္စည်း | – | စားပွဲ၊ ကုလားထိုင်များ လျောက်ပတ်စွာခင်းကျင်းထား။ |
| ဇာတ်ညွှန်း | – | ပြည်ပုံးကားဖွင့်လျှင် ဧည့်ခန်းထိုင်ခုံ၌ ဦးဘကောင်းနှင့် ဒေါ်စန်းယုခင် ယှဉ်တွဲထိုင်နေစေ။ ဦးဘကောင်းက သတင်းစာတစ်စောင်ကို စိတ်မပါဘဲ တိုလှန်ဒီလှန်ပတ်နေ။ ဒေါ်စန်းယုခင်က တစ်စုံတစ်ယောက်ကို မျှော်လင့်စောင့်စားနေဟန်ဖြင့် ဂနာမငြိမ်ဖြစ်နေစေ။ ထိုစဉ် မျက်နှာချင်းဆိုင်ဘက် တန့်လန့်ကာကြားမှ အောင်ကျော်လင်းနှင့် ခင်လေးချစ်ဦးတို့က ကျောင်းသွားမည့် အနေအထားဖြင့် ထွက်လာ။ ကခွင်အလယ်ရောက်တွင် ဦးဘကောင်းကအသံပြု။ |

www.burmeseclassic.com



ဦးသာကောင်း - သား၊ အောင်ကျော်လင်း ... ခဏ။

အောင်ကျော်လင်း - အဖေကလဲဗျာ၊ ဘာအရေးတကြီးရှိနေပြန်လဲ။ သားတို့ကျောင်းသွားတော့မှာ။ တော်တော်ကြာ ကျောင်းကားမမီဘဲရှိနေဦးမယ်။

ဦးသာကောင်း - ခဏပါသားရယ်။ ကျောင်းကားမမီလည်း အဖေ့ကားနဲ့ လိုက်ပို့ပေးမှာပေါ့။ သမီးရေ ခဏထိုင်ဦး။ (ခင်လေးချစ်က အပြစ်ရှိနေသူပီပီ မဝံ့မရဲနှင့် မိဘများရှေ့ဝင်ထိုင်၊ အောင်ကျော်လင်းက ထုံပေပေနှင့် ရပ်နေ)

ဒေါ်စန်းယုခင် - တဲ့သား။ ဖေဖေကြီးကပြောနေတယ်လေ ... ခဏထိုင်ဦးဆို ထိုင်မှာပေါ့သားရဲ့။ မင်းတို့ကို အကြောင်းမရှိဘဲ ထိုင်ခိုင်းနေမလား။ ဒီအချိန် ကျောင်းသွားချိန်မှန်း ဖေဖေကြီးက မသိဘဲနေမလား။ မင်းတို့ကို စကားပြောစရာရှိလို့ ရုံးမသွားဘဲ တမင်ထိုင်စောင့်နေတာ။

အောင်ကျော်လင်း - (စိတ်မရှည်တဲ့ဟန်ဖြင့် ဝုတ်သဝတ်ပြီး ဆောင့်ဆောင့်အင့်အင့်နှင့် ဝင်ထိုင်) အဖေက အရှည်ရှည်တာပဲဗျာ။

ဒေါ်စန်းယုခင် - တဲ့ ကလေး။ ဒီစကားက မိဘကိုပြောတဲ့စကားလား။ မင်းတို့ကို မွေးထားသူတွေဟာ လိမ္မာယဉ်ကျေးတဲ့သူတွေ၊ ဂုဏ်သိက္ခာရှိနေသူတွေ။ ကြည့်စမ်း ... မင်းအပြောအဆိုက ဘယ်လောက်ရိုင်းရိုင်းလဲ။

ဦးသာကောင်း - (နေတော့ဟု လက်ပြတားပြီး သားဖြစ်သူကို မျက်နှာထား တည်တည်နှင့် စိုက်ကြည့်ရာ ခင်လေးချစ်က ခေါင်းငုံ့ထား။ သားနှင့်သမီးကို ကြည့်ပြီး ဦးသာကောင်း တိတ်တဆိတ်သက်ပြင်းချ) အေး

www.burmeseclassic.com

www.burmeseclassic.com



ပြောစရာလေးရှိလို့ ခဏထိုင်ခိုင်းတာ သား ဒီလိုမပြောရဘူး။ ဒီအမူအရာနဲ့ မဆက်ဆံရဘူးသား။ ဒီမယ် သားနဲ့သမီး။ အဖေတို့ မြန်မာလူမျိုးတွေမှာ မိဘဝတ္တရား၊ သားသမီးဝတ္တရား၊ ဆရာတပည့် ဝတ္တရား၊ သခင်နဲ့ကျွန် ဝတ္တရားလို့ ပိုင်းခြားထား တာရှိတယ်။ ဒါ ဥပဒေမဟုတ်ဘူး။ အစိုးရကပြဋ္ဌာန်း ထားတဲ့ စည်းကမ်းမဟုတ်ဘူး။ လောကစည်းကမ်း ပဲ။ (အောင်ကျော်လင်းက စိတ်မပါဟန်ဖြင့် မျက်နှာ တစ်ဖက်လှည့်နေ။ ဒေါ်စန်းယုခင်က စိတ်မရှည် တော့ဟန်ဖြင့် ရိုက်ပုတ်ဆုံးမရန် လက်တပြင်ပြင်၊ ဦးဘကောင်းက အသာနေ၊ ကိုယ်ဆုံးမမယ် ဟူသော အမူအရာဖြင့် လက်ပြတား)
ဒီလိုကွဲ၊ အဖေတို့မြန်မာလူမျိုးတွေမှာ မိဘဝတ္တရား ဆိုတာရှိတယ်။ ဘာလဲဆိုတော့ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေ နှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင် ဖခင်မယ် တို့တာတဲ့။ အဓိပ္ပာယ်က အသိအလိမ္မာမရှိလို့ လမ်းမှားရောက်နေတဲ့ သားသမီးတွေရှိရာ တားမြစ်ပါ။ ကောင်းရာမွန်ရာ လမ်းညွှန်ပါ။ ဘဝအာမခံချက်ရအောင် ပညာသင်ပေးပါ။ ပညာတတ်လို့ ကိုယ့်ဘဝကိုယ်ရပ်တည်တော့မယ် ဆိုရင် အရင်းအနှီးပေးပါ။ ပြီးတော့ ထိမ်းမြား လက်ထပ်ပေးပါတဲ့။ ဒါ အဖေတို့ အမေတို့တာဝန်။

အောင်ကျော်လင်း - ဘာလဲ၊ သားကို လက်ထပ်ပေးတော့မလို့လား။ (မကျေနပ်ဟန်ဖြင့် အရွဲ့တိုက်ပြီးတမင်မေး။ ဦးဘကောင်းက နားလည်နှင့်သွတ်ဟန်ဖြင့်ပြုံးနေ)

www.burmeseclassic.com


ဦးဘကောင်း – အေး ... သားပြောတဲ့အဆင့်ရောက်ရင် အဖေတို့က ထိမ်းမြားလက်ထပ်ပေးမှာပါ။ ခုတော့ ပထမ အဆင့်ကိုပဲ ပြောကြရအောင်။

အောင်ကျော်လင်း – (သဘောကျဟန်ဖြင့် အသံထွက်ရယ်ပြီးမှ တုံးတိ ရပ်ပြီး မျက်နှာထားတည်တည်နှင့်ကြည့်)

ဦးဘကောင်း – အောင်ကျော်လင်း ... အဖေသည်းခံနေတာ အကောင်းမထင်နဲ့။ မင်းဘယ်လောက် မိုက်မဲ လေဦးမလဲလို့ စောင့်ကြည့်နေတာ။ ဒီမယ် အောင်ကျော်လင်း။ မင်းဘာဖြစ်နေတယ်ဆိုတာ အဖေတို့မသိ ဘူးထင်လား။ အမှန်တော့ မင်းတို့ကို တတတ်စေချင်လို့ ကျောင်းထားတယ်။ နှစ်နှစ် ဆက်ကျတာတောင် ဒုက္ခခံထားနေတာဟာ မိဘဝတ္တရား ကျေစေချင်လို့ ပြုစုပျိုးထောင်သင့် သရွေ့ပြုစုပေး မယ်ဆိုတဲ့စိတ်နဲ့ လုပ်ပေးနေတာ။ ဒါပေမဲ့ မင်းက ကျောင်းသားစိတ်ထက် မူးယစ် သေးဝါးစွဲလမ်းစိတ်က ပိုများနေပြီ။
(အောင်ကျော်လင်း တုန်လှုပ်သွားဟန်ဖြင့် တီးဝိုင်း မှ အောင်ကျော်လင်းအမူအရာ ပိုလေးနက်သွား အောင် ပံ့ပိုးတီးခတ်ပေး။ မီးက အပုရောင်ဖျန်း ထား။ တုန်ယင်သွားမှုပေါ်လွင်အောင် မီးကို လှုပ်ခတ်ကစားပေး။)
အောင်ကျော်လင်း ... အဖေတို့က မင်းတို့ကို ပံ့ပိုး နိုင်အောင် လုံးပမ်းနေရတော့ စောင့်ရှောက်ဖို့ လစ်ဟာခဲ့တယ်။ ဒါကို မင်းက အခွင့်ကောင်းယူပြီး မလုပ်သင့်မလုပ်အပ်တဲ့ အမှုကို လုပ်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com


အောင်ကျော်လင်း - သား၊ ဘာလုပ်လို့လဲ။

ဦးဘကောင်း - ဘာလုပ်လို့လဲဆိုတာ မင်းနားလည်အောင် ပြောရ
ရင် မင်းဖောက်သည် ရုလတန်မာမွတ်ကို ရဲအဖွဲ့
ဝင်တွေက ဖမ်းထားပြီးပြီ။ ဟဲ ... မင်းဘာပြော
မလဲ၊ ဘာဆင်ခြေပေးမလဲ။

အောင်ကျော်လင်း - ဗျာ ... ရုလတန်မာမွတ်နဲ့ ... တိုခင်း မဆိုင်သူကို
ဘာလို့ဒုက္ခပေးတာလဲအဖေ။

ဦးဘကောင်း - (အဓိပ္ပာယ်ပါပါဖြင့် ရယ်လိုက်) အဟဲဟဲ ... ဖောက်
သည်မဲ့ပြီဆိုပြီး မင်းတုန်လှုပ်သွားတယ်မဟုတ်
လား။ ဒီဆို မင်းနဲ့ ရုလတန် အဆက်အသွယ်ရှိတာ
သေချာပြီပေါ့။ ပြီးတော့ ရုလတန်တာ မူးယစ်
ဆေးဝါးရောင်းဝယ်နေသူဆိုတာလည်း သေချာ
တာပေါ့။

အောင်ကျော်လင်း - ဒီတော့ သားဘယ်သိမလဲ။

ဦးဘကောင်း - ဟုတ်လား ... သားမသိရင် သမီးက ပြောပြစမ်း။

ခင်လေးချစ် - ရှင် (ခေါင်းငုံ့နေရာမှ ထိတ်လန့်သွားဟန်ဖြင့်
ခေါင်းမော့ကြည့်)

ဦးဘကောင်း - စိတ်ကြွဆေးပြားတွေ ရုလတန်ဆိုင်က သမီးဝယ်
မိလား ... ဝယ်လို့ရတယ်မို့လား။

ခင်လေးချစ် - သမီး ... သမီး။

ဦးဘကောင်း - ဒီကိစ္စတွေအားလုံး အဖေတို့သိပြီးပြီ။ သမီးရော
သားပါ မူးယစ်ဆေးဝါးရဲ့သားကောင်ဖြစ်နေပြီဆို
တာလည်း အဖေတို့သိထားတယ်။ ဒီကိစ္စတွေကို
ဘယ်လိုဆောင်ရွက်မယ်ဆိုတာလည်း စဉ်းစား
ပြီးပြီ။ ဟုတ်တယ်လေ၊ မိဘတွေ့ရာနေရာ တောင်းရ

www.burmeseclassic.com

www.burmeseclassic.com



ညွှန်လတ်လို့ဆိုထားတယ်မဟုတ်လား။ မကောင်းတာလုပ်နေသူကို မလုပ်အောင်တားရမယ်။ အသိပညာပေးရမယ်။ ကောင်းတဲ့လမ်းကြောင်းရောက်အောင် ညွှန်ပြရမယ်။

အောင်ကျော်လင်း - သားတို့ ဘာမကောင်းတာလုပ်လို့လဲ။

ဦးဘကောင်း - အေး ... လုပ်မလုပ် သေသေချာချာသိနိုင်အောင် MANA အဖွဲ့က ဒေါက်တာစိုးထိုက်တို့နဲ့ ပြကြည့်ဖို့ စီစဉ်ထားတယ်။ မကြာခင် ရောက်လာကြလိမ့်မယ်။

အောင်ကျော်လင်း - ဗျာ။

ဦးဘကောင်း - သားအနေနဲ့ ရောက်လာမယ့်လူကြီးတွေကို ရိုရို သေသေဆက်ဆံပါ။ သူတို့မေးတာ မှန်မှန်ကန်ကန် ဖြေပါ။ ဒီ သားကောင်းစေချင်လို့ပဲ။

(အောင်ကျော်လင်းနဲ့ ခင်လေးချစ် ဇက်ကျိုးကျသွားစဉ် ပြည်ပုံးကားချ)

အခန်းပြောင်းတီးလုံးဝင်။

www.burmeseclassic.com

www.burmeseclassic.com

## (ပြကွက်–၁၉)

| | | |
|---|---|---|
| နေရာ | – | မြို့ပြလမ်းတစ်ခု။ |
| အချိန် | – | နေ့လယ်။ |
| မီး | – | ပုံမှန်။ |
| အသံ | – | ကခွင်ရှေ့ပိုင်း အသံဖမ်းခွက် ဗီသအောင်ပြင်ဆင်ထား။ အသံသွင်းခွေဖွင့်ပေးရန် အသင့်ရှိနေစေ။ |
| အဝတ်အစား | – | ရဲဝတ်စုံအပြည့်၊ လက်နက်များ။ |
| ဇာတ်ညွှန်း | – | ကခွက်ပြောင်းတီးလုံးဆုံးလျှင် "ကူညီပါရစေ" သီချင်းကို နောက်ခံတေးအဖြစ် တိုးတိုးညှင်းညှင်း ဖွင့်ပေးထား။ ရှေ့ပိုင်း တိုင်ဖုံးနှစ်ခုကြားမှ ရဲတပ်သား နှစ်ဦး ရေးကြီးသုတ်ပျာအမူအရာနှင့် ထွက်လာစေ ... ရင်ဆိုင်တိုး။ |
| ရဲတပ်သားမောင်တင် | – | ဟာ ... အရှူး။ |
| ရဲတပ်သားမောင်သွင် | – | အောင်မာ ... ခွေးကောင် သူတောင်းစား။ |

(နှစ်ယောက်သား သဘောကျဟန် ရယ်မောလျက် တစ်ဦးနှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်ပြီးတော့ မောင်တင်က သဘောကျသည့် အမူအရာနှင့်ပြော)

| | | |
|---|---|---|
| မောင်တင် | – | မင်းကွာ ... တကယ့်အရူးနဲ့ တူပါပေတယ်။ |
| မောင်သွင် | – | အဟဲဟဲ ... ဒီပေါ့ကွာ၊ သဏ္ဌာန်လုပ် သရုပ်တူ ဆိုသလိုပေါ့။ တို့တပ်ဖွဲ့ဝင်တွေအနေနဲ့ လိုအပ်ရာ ကျရာနေရာ၊ ရောက်ရာအရပ်အတိုင်း ဝင်နိုင်ရ |



www.burmeseclassic.com

www.burmeseclassic.com


မယ်။ သရုပ်ဆောင်နိုင်ရမယ်။ မင်းလဲ ပီပြင်ပါတယ် မောင်တင်ရာ။ မင်းက သူတောင်းစားနဲ့တူလို့ လိုအပ်တဲ့သတင်းတွေရတာ မဟုတ်လား။

မောင်တင် - အဟီး ... သူတောင်းစားသာလုပ်နေရတယ်။ စိတ်ထဲကတော့ မအီမလည်ပဲဗျို့လူ။ ကိုယ်နဲ့သိတဲ့လူနဲ့ တွေ့မှာစိုးတာကတစ်မျိုး၊ အလေ့အထမရှိတော့ သနားကြပါခင်ဗျား ... အစ်ကိုတို့ အစ်မတို့ ပေးမှ ကျွေးမှစားရမဲ့ဘဝပါ။ ထမင်းဖိုးလေး စွန့်ကြပါ ခင်ဗျား ဆိုတဲ့စကားပြောဖို့ ပါးစပ်က မထွက် ဘူးဗျာ။

မောင်သွင် - အဟဲဟဲ ... မင်း ဒီလိုတောင်းတော့ ပေးကော ပေးလား။ ရရောရလား။

မောင်တင် - အပေါ့ ... သရုပ်ဆောင်ပီပြင်လို့လားမသိဘူး၊ ရတယ်ဗျ။ အဲဒီရတာနဲ့ ကြံ့ရာထမင်းဆိုင်ဝယ်စား၊ ရုံဘာင်မကဘူး။ လက်ဖက်ရည်လေး ... ကော်ဖီမစ် လေးများတောင် သောက်နိုင်သေးတယ်။

မောင်သွင် - တယ်ဟုတ်ပါလား။ အဲဆို တွက်ချေကိုက်နေတာ ပေါ့။ မထူးပါဘူးကွာ ဂျူတီအော့ဖ်ကျတဲ့နေ့ ထွက်တောင်း။

မောင်တင် - ခွေးသာ။ ဒါကတာဝန်မို့လုပ်ရတာ၊ အနေအထိုင် ဘယ်လောက်ကျပ်တယ်ထင်လဲ။ အိပ်တော့ သစ်ပင် အောက်၊ သောက်ရတော့ ရေအိုးစင်၊ နေတော့ ဘုရားကြီးဘုရားကြား၊ မစွံပါဘူး ဗျို့လူရာ။

မောင်သွင် - အောင်မာ၊ သူတောင်းစားက တိုက်ပေါ်တက်နေရလို့

www.burmeseclassic.com

www.burmeseclassic.com



ရမလား။ တော်ရာလျှော်ရာပေါ့။

မောင်တင် - ငါတော့ပြောတယ်။ ဒီမယ်အရှူး။ မင်းရောဘယ်...
ရာတွေမှာ စက်တော်ခေါ်လဲ။

မောင်သွင် - အဟဲတဲ၊ အနူနူပဲ။ အတိုး ... အရူးလေကွာ၊ အ...
ဆိုပြီး အိမ်ဦး အိုးတက်ပါရင်လည်း အခေါ်ခံရ...
မယ်။ အခြေအနေကြည့်နေရတာပေါ့။ အရူးနဲ့...
အောင်ဝတ်စားရတာ ဖြစ်သလိုနေရတာ တယ...
မလွယ်ဘူးဟေ့။ ထမင်းလေးဘာလေးဆာလ...
ဆိုင်တစ်ဆိုင်ဝင်ကပ်ရင် ဟဲ့ အရူး ... သွား။ ဒီမလာ...
နဲ့လို့ ငေါက်လွှတ်တာ ... အဟဲ၊ ဘာရမလဲ၊ ငါက...
အရူးပဲ။ သူတို့က မောင်းထုတ်လည်း ငါကမသွာ...
ဘူး။ ပေရပ်နေလိုက်တယ်။ ထမင်းအိုးလက်ထို...
ပြတယ်။ ဒီတော့ ကျွတ်ကျွတ်အိတ်နဲ့ ထမင်းထည့်...
ပေးလိုက်တယ်။

မောင်တင် - မင်းက စားတာပဲလား။

မောင်သွင် - မစားလို့ ငါကဘယ်သွားစားမလဲ။ ရောက်ရာအိမ်...
ရောက်ရာစား၊ ဖြစ်သလိုနေရတဲ့ဥစ္စာ။

မောင်တင် - ဘာပဲပြောပြော မင်းနဲ့ငါရဲ့ ကြိုးစားမှုက အောင်မြင်...
ပါတယ်။

မောင်သွင် - အမှန်ပဲလေ ... တို့ဖမ်းချင်တဲ့ မူးယစ်မှောင်ခိုဂိုဏ်...
ကြီးဖမ်းလို့ရတော့မယ်။ ဒါဟာ တို့ပေးတဲ့သတင်း...
တွေကြောင့်မဟုတ်လား။

မောင်တင် - ဒါပေါ့။ တော့ကောင်အရူး ... တို့တွေက မင်း သိချင်...
ဆိုပြီး သတင်းပေးပုံလေးသဘောကျသကွာ။
အစက မင်းဘာလုပ်နေလဲလို့ ငါကြည့်ကောင်း...

www.burmeseclassic.com

www.burmeseclassic.com



ကောင်း နားထောင်ကောင်းကောင်းနဲ့ ရပ်နား ထောင်နေတာ။ စုလတန်လို့ပါတော့မှ ဟ ... ငါ့ကို သတင်းပေးနေတာပဲ။ ဒီကောင် သတင်းတော်တော် များများ ရထားတာပဲဆိုပြီး ဝမ်းသာသွားတယ်။

မောင်သွင် - ဒါနဲ့ မင်းက အမှုလိုက်အရာရှိကို စုစည်းတင်ပြ လိုက်တယ်ပေါ့။

မောင်တင် - အေးပေါ့။ ဆရာဦးတင်ဇော် ခြေရာကောက်ထား တာကလည်း တော်တော်များများရှိနေတယ်။ ပို့ပေးတဲ့သတင်းတွေနဲ့ ဆက်စပ်တည်ဆောက် ကြည့်တော့ မူးယစ်ဂိုဏ်းရဲ့ ပင်မတည်ရာဖြစ်နိုင်ချက် ရာ၊ လှုပ်ရှားရာတွေ အကုန်ပြည့်စုံသွားရော။

မောင်သွင် - ဘာပဲပြောပြော တို့ကြိုးပမ်းမှု အောင်မြင်တယ် ပြော ရမှာပဲ။ ဒီလို တရားခံတွေပမ်းမိရင် တစ်ခန်း သိမ်းပြီပေါ့။

မောင်တင် - ဒါပေါ့ ကဲ ... တို့လေကာန်နေလို့မဖြစ်ဘူး။ စခန်းမှူး နဲ့ အမှုလိုက်အရာရှိက စောင့်နေတော့မယ်။ တို့သွား ကြစို့။

မောင်သွင် - ကောင်းပြီလေ။

(ပြောပြီး တစ်ယောက်ပခုံး တစ်ယောက်ဖက်လျက်သွားစဉ် မီးပိတ်၊ အခန်း ပြောင်း။ တီးဝိုင်းမှ အခန်းပြောင်း တီးလုံးတီးပေး။)

www.burmeseclassic.com

www.burmeseclassic.com

## (ပြကွက်–၂၀)

နေရာ – မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းရုံးချုပ်။

အချိန် – ရုံးဖွင့်ချိန်။

အခမ်းအနား – မူးယစ်ဆေးဝါးဆန့်ကျင်ရေးရုံးခန်းကို အင်္ဂလိပ်နှင့် အညီ ပြင်ဆင်ထား။

မီး – ပြခွင်ကို ထင်ထင်ရှားရှားမြင်နိုင်အောင်စီစဉ်ထား။

အသံ – အသံသွင်းခွေကိုဖွင့်လျက် ကားသံကို အချိန်ကိုက် ဖွင့်ပေး။ ပြခွင်ရှိ အသံဖမ်းခွက်များ ပီသစွာကြား နိုင်အောင် ပြင်ဆင်ထား။

အဝတ်အစား – သာမန်။

ဇာတ်ဝင်ပစ္စည်း – ပန်းချီထိုးကားဖြင့် ကားပုံသဏ္ဌာန်ပြုလုပ်ထား။ ရုံးသုံးစားပွဲကုလားထိုင်များ။

ဇာတ်ညွှန်း – အခန်းပြောင်းတီးလုံးအဆုံး၊ ပြည်ပုံးကားဖွင့်သည် နှင့် အသံသွင်းခွေဖွင့်လျက် ကားမောင်းလာသည့် စက်သံလွှင့်ပေး။ ကားသည် MANA ရုံးရှေ့ အရောက်တွင် စက်သတ်ရပ်။ ကားတွင်းမှ ဦးဘ ကောင်း၊ ဒေါ်စန်းယုခင်၊ သားအောင်ကျော်လင်း၊ သမီး ခင်လေးချစ်တို့ ဆင်းလာ။ ဦးဘသောင်းက ရုံးရှေ့မှ ထွက်ကြိုဆို။

ဦးဘသောင်း – ဟော … ရောက်လာကြပြီ။ သားတို့သမီးတို့ရော

www.burmeseclassic.com



ပါလာတယ်ပေါ့။ ဟယ် ... သမီးလေးက ငိုနေတာလား။ ဒါ ငိုစရာမဟုတ်ပါဘူး သမီးလေးရယ် ... လမ်းမှားနေတဲ့ သမီးတို့ လမ်းမှန်ပေါ်ပြန်ရောက်အောင် မိဘတွေက စီစဉ်ပေးတာပဲ။ ကဲကဲ တိတ်တိတ်၊ သမီးလေးတိတ်။ မျက်ရည်သုတ်လိုက်။

(ခင်လေးချစ် မျက်ရည်များသုတ်။ ဦးဘကောင်းက ပခုံးကို ယုယုယယဖက်လျက် ဂုံးခန်းထဲခေါ်သွား။ ဦးဘကောင်း၏စားပွဲရှေ့ရှိ ထိုင်ခုံများတွင်ထိုင်ရန် ညွှန်ပြ။ အားလုံးဝင်ထိုင်ချိန်ထိ ဦးဘကောင်းက တွေဝေစဉ်းစားဟန်ပြုနေ)

ဦးဘကောင်း - ဆရာ ... သားနဲ့သမီးက သူတို့မှားမိခဲ့ပါတယ်လို့ ဆရာ ဦးစိုးထိုက်ရှေ့မှာ ဝန်ခံခဲ့ပါတယ်။ အမှားကို မြင်လို့ အမှန်လမ်းကိုလည်း လျှောက်ချင်နေကြပါပြီ။

ဦးဘသောင်း - ဒီသတင်းဟာ တကယ့်မင်္ဂလာသတင်းပါ။ တကယ်တော့ မူးယစ်ဆေးဝါးရဲ့သားကောင်ဖြစ်ရသူရဲ့ ငါးဆယ်ရာနှုန်းဟာ မသိလို့ မှားကြသူတွေပါ။ ဘယ်လိုမှားမှား ဒီအမှားကိုပြင်ဖို့ကျတော့ အချိန်ယူရမယ်။ သည်းခံစိတ်ထားရမယ်။ ခိုင်မာတဲ့စိတ်နဲ့ ရပ်တည်ရပါမယ်။

ဦးဘကောင်း - ကျွန်တော်ကတော့ ပြောထားပါတယ်။ သမီးနဲ့သား လူငယ်ပြုပြင်ရေးစခန်း သွားရတယ်ဆိုပေမယ့် ပစ်မထားဘူး။ တစ်ရက်ခြား တစ်ခါလာတွေ့မယ်။ လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးမယ်။ ကုန်ချင်သမျှကုန်ပစေ .. သားနဲ့သမီး ဆေးစွဲတာပျောက်ရင်

www.burmeseclassic.com

www.burmeseclassic.com



အဖေတို့သေပျော်ပြီဆိုတော့ သူတို့က ဝန်ခံကတိ ပေးကြပါတယ်။

ဦးဘသောင်း – တုတ်လား သား။

အောင်ကျော်လင်း – တုတ်ကဲ့ (မပွင့်တပွင့် တုံ့တုံ့တိုတိုဖြေ)

ဦးဘကောင်း – (မြူးလျက်) အေး၊ သားက ခုချိန်တော့ စိတ်ထဲ မကျေမနပ်ဖြစ်နေကောင်းဖြစ်နေမယ်။ မိဘတွေ ကိုလည်း အပြစ်မြင်နေမယ်။ ဒါပေမဲ့ မြို့ပြင်ရေး ကျောင်းကပြန်လာတဲ့အချိန်ကျရင် အားလုံးကို ကျေးဇူးတင်နေမှာပါ။

ဒေါ်စန်းယုခင် – သားက လိမ္မာပါတယ်ဆရာ ... အမှန်တော့ ကျွန်မ တို့မိဘတွေမိုက်မဲလို့ ဒီအဖြစ်မျိုး ရောက်ရတာပါ။ (ဒေါ်စန်းယုခင်က ဝမ်းနည်းကြေကွဲသံနှင့် ပြောသဖြင့် အောင်ကျော်လင်းနှင့် ခင်လေးချစ်က မိခင်ကို တောင်းပန်သည့်အကြည့်နှင့် ကြည့်)

ဦးဘကောင်း – ကဲကဲ ... အားလုံးစိတ်မကောင်းမဖြစ်ကြနဲ့။ မိသားစု တစ်ခုလုံး ဘယ်လိုခံစားနေရမယ်ဆိုတာ ကျွန်တော် ကိုယ်ချင်းစာနားလည်ပါတယ်။ သေးကာနေ ကြည့် မြင်ရတဲ့ ကျွန်တော်တို့တောင် စိတ်မကောင်းပါဘူး။ ဒါကလည်း ဒီနေ့ဒီအချိန် ခံစားရတာပေါ့။ နောင်ဆို အားလုံးဝမ်းသာရမှာပါ။ ကြော် ... မောင်တင်ရွှေ ... (ဦးဘကောင်းက ရုံးလုလင်လှမ်းခေါ်။ လာပြီ ဆရာတူသောအသံနှင့်အတူ လုလင်တစ်ယောက်ဝင်လာ) မောင်တင် စာရွက်စာတမ်းတွေ အားလုံးပြင်ဆင် ပြီးပလား။

www.burmeseclassic.com



မောင်တင် - ဟုတ်ကဲ့၊ အသင့်ပါပဲဆရာ။

ဦးဘကောင်း - ကောင်းပြီ၊ အဲဒီ ရုံးကားအသင့်ပြင်ထားလိုက်။ ဆရာဦးစိုးထိုက်ရောက်လာရင် စထွက်ကြမယ်။

မောင်တင် - ဟုတ်ကဲ့ဆရာ။

ဦးဘကောင်း - ဒီကသားနဲ့သမီးကို ဆရာဦးစိုးထိုက်ကိုယ်တိုင် လိုက်ပို့ပြီး သေသေချာချာအပ်နှံပေးမှာပါ။

ဦးဘကောင်း - ကျွန်တော်တို့လည်း သားတို့နဲ့လိုက်မှာပါဆရာ။

ဦးဘသောင်း - ဟုတ်ကဲ့၊ ကောင်းပါတယ်။ မိဘနှစ်ပါးကိုယ်တိုင်က လိုလိုလားလားအပ်နှံတယ်ဆိုတော့ ဟိုမှာနေရ ထိုင်ရတာ ပိုအဆင်ပြေသွားတာပေါ့။ သားတို့ ဘာမှအားမငယ်နဲ့။ ဦးလည်း ဒီက အမြဲဗုန်းဆက်နေမယ်။

အောင်ကျော်လင်း - ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။

ဦးဘသောင်း - သမီးလေးကလည်း ဒီနှစ်ကျောင်းပျက်သွားလို့ စိတ်မဆင်းရဲနဲ့၊ ဟိုမှာ စာသင်နိုင်အောင် စာမေးပွဲဖြေနိုင်အောင် ဘဘတို့စီစဉ်ပေးမယ်။ သမီးလေးကလည်း ဂုဏ်ထူးတွေအများကြီးနဲ့ အောင်အောင်ကြိုးစား သိလား။

ခင်လေးချစ် - သမီးကြိုးစားမှာပါ။ အရှုံးထဲကအမြတ်ထွက်အောင် သမီးလုပ်မယ်။

ဦးဘသောင်း - ကောင်းလိုက်တဲ့စကားကွယ်။ တကယ့်မင်္ဂလာစကားပဲ။ အဲဒီ အားလုံးအဆင်ပြေသွားမှာပါ။ ဟော ... ဆရာဦးစိုးထိုက်တို့ရောက်လာပြီး သွားဖို့ပြင် ကြတော့။

www.burmeseclassic.com

www.burmeseclassic.com



(သရာဦးစိုးတိုက်နှင့် ဒေါ်စန်းစန်းဦးက ဦးဆောင်လျက် အခန်းထဲမှထွက်ကားပေါ်တက်။ စကားအကြားတွင် ကားများရုံးရှေ့မှမောင်းထွက်။ တီးဝိုင်းမှဇာတ်သိမ်းဝိုင်းသီချင်းကို နောက်ခံသီဆို တီးခတ်ပေး)

ဘဝကို အရှုံးမပေး ... နလုံးအေးဖို့ ဝိုင်းဝန်းကြိုးစားကြမည် ... လူတိုင်းလူတိုင်း မှန်ကန်တဲ့အသိတရားနဲ့ ဝိုင်းဝန်းကူညီစေချင်သည် ... လူ့အသက်ကိုဖျက်သုဉ်း မျိုးတုန်းစေသည့် မူးယစ်ဆေးကို တို့မလိုလားပြီ ... (ကာကွယ်မည် ... ကုသမည် ... ပြန်လည်ပြုစုပျိုးထောင် လူကောင်းဖြစ်အောင်ကြိုးစားမည်) ၂ တို့ရှေ့ခရီး ... အလင်းရောင်မြင်နေပြီ ... ဟိုးရှေ့မှာ ... အရုဏ်သစ်ပေါ်တွန်းနေပြီ ... အမှန်မသွေ ... ရန်တွေကင်း ... ဘေးရှင်းတော့မည် ... အမှောင်ကင်းလို့ အလင်းရပြီ ... ပန်းလေးတွေပွင့်တော့မည် ... ပွင့်သောပန်းတိုင်းလန်းတော့မည် ...

အမှောင်ကိုခွင်း ရောင်ခြည်လင်းပြီ ... ပန်းများ သင်းတပျံ့ပျံ့ မွှေးလေတော့မည်။

အမှောင်ကိုခွင်း ရောင်ခြည်လင်းပြီ ... ပန်းလေးများ သင်းတပျံ့ပျံ့ မွှေးလေတော့မည်။

အမှောင်ကိုခွင်း ရောင်ခြည်လင်းပြီ ... ပန်းလေးများ သင်းတပျံ့ပျံ့ မွှေးလေတော့မည်။

(သီချင်းသံဆုံးလျှင် မီးမှောင်ချ။ ပြည်ပုံးကားကို တဖြည်းဖြည်းချင်း ချလိုက်ရမည်)

(ပြီးပါပြီ)

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၅ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ပြဇာတ်စာပေ ဒုတိယဆုရ
"ရောင်ခြည်လင်းချိန် ပန်း သင်းချိန်ပြဇာတ်"
ရေးသူ – မောင်ဆန္ဒ (လယ်ဝေး)

အဖ ဦးဝင်းနိုင်၊ အမိ ဒေါ်သောင်းတို့မှ ၂၃ . ၇ . ၁၉၄၇ ခုနှစ်တွင် လယ်ဝေးမြို့ စီပိုင်းရွာ၌ မွေးဖွားသည်။ စီပိုင်းရွာဘုန်းတော်ကြီးကျောင်းတွင် စာပေသင်ယူခဲ့ဖူးပြီး လယ်ဝေးအထကမှ တန်းမြင့်ကျောင်းထွက် စာမေးပွဲ အောင်မြင်သည်။ ထို့နောက် တပ်မတော်တွင်းရှောက်မှ ဝိဇ္ဇာဘွဲ့ရခဲ့သည်။

၁၉၆၃ ခုနှစ်တွင် သင့်ဘဝမဂ္ဂဇင်းတွင် 'သားနှင့်အဖ' စာညွှန်းဖြင့် စာပေလောကသို့ ဝင်ရောက်ခဲ့သည်။ မဂ္ဂဇင်းမျိုးစုံတွင် ဝတ္ထုတို (၁၀၀) ကျော်၊ ဆောင်းပါး (၁၀၀) ခန့် ရေးသားခဲ့သည်။ ဗုဒ္ဓစာဥပယျာဉ် (ပ/ဒု) အပါအဝင်၊ ဝတ္ထုတိုပေါင်းချုပ် (၁၃) အုပ် ရေးသားခဲ့ပြီး နိုင်ငံတော်မှကြီးမှူးကျင်းပသော စာပေပြိုင်ပွဲများတွင် ဆု (၇) ဆု ရရှိသည်။

ယခုအခါ မင်္ဂလာဒုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်လျက် ရှိပြီး စာပေများရေးသားလျက်ရှိသည်။

အမည်ရင်း – ဦးစိုးပိုင်ဖြစ်သည်။

နေရပ်လိပ်စာ – နတ်စင်လမ်း၊ ရွာမရပ်ကွက်၊ ထောက်ကြံ့မြို့
ရန်ကုန်တိုင်းဖြစ်သည်။

www.burmeseclassic.com